www.burmeseclassic.com

# ပေါင်းစောကြွေသိကြွ
နှင့်
# စကြွင်းခန်းမိ

BURMESE CLASSIC .com



ဒို ၊ ဒို ၊ ဝေ င ဝ

အကြည်တော်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၃၆၀၂၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၁၇၃၀၂၁၀ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ်၊ မတ်လ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၂၀၀ ကျပ် |

၈၉၅ . ၈၃
[illegible]
[illegible] ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၀
၁၆၄ - စာ ၁၃ . ၅ × ၂၀ . ၅ စင်တီ
(၁) မောင်စောကြည်ဖြူနှင့် မမြင့်စန်းရီ


BURMESE CLASSIC .com





ဤသို့သာပေါ့ မြင့်စန်းရီ. . .

လောကမှာ လူတိုင်းမဖြေနိုင်တဲ့ မေးခွန်းက အနာဂတ်ဆိုတာပေါ့။

လွယ်ကူလှစွာပါပဲ။ မနေ့ကတိုင်းကို ကျော်ဖြတ်ခဲ့ပေမဲ့ မနက်ဖြန်တိုင်းကိုတော့ ဖြတ်သန်းဖို့ ရှာဖွေခက်ခဲနေကြဆဲပါ။

မနက်ဖြန်ဆိုတာတောင် ခက်ခဲနေမှတော့ အနာဂတ်ဆိုတာ ဘယ်လိုအဖြေရှာမှာလဲ။

ဟော. . . ကြည့်စမ်း နေဝန်းကြီးထွက်လာတာ ဒီနေ့အတွက်ပါ မြင့်စန်းရီ။ မနက်ဖြန်အတွက် သူကြိုးထွက်ခဲ့တာမှ မဟုတ်တာ။ သဘာဝတရားမှာ ရီဟာဇယ်မရှိဘူး မြင့်စန်းရီ။ ထိုနည်းတူစွာပဲ လူ့ဘဝမှာ ရီဟာဇယ်ဆိုတာ ဘယ်တော့မှမရှိပါဘူး။ မှားပြီဆိုတာနဲ့ ကိုယ့်ဘဝကြီး ပြီးဆုံးသွားတတ်တာချည်းကလား။



www.burmeseclassic.com

www.burmeseclassic.com



အမှားဆိုတာမျိုးကလည်း လမ်းသွားရင်းလည်း မှားတတ်တာပဲ။ ထိုင်နေရင်းလည်း မှားတတ်တာပဲ မြင့်စန်းရီ။ ကျွန်တော်တို့လို ပုထုဇဉ်တွေက အမှားနဲ့ ဘယ်ကင်းနိုင်ပါ့မလဲ။ လူဆိုတာ အမှားများစွာနဲ့ နေထိုင်ဝံ့သူလေ။

လက်ညှိုးညွှန် ထောက်ပြနေရုံနဲ့ အမှားတွေ ကင်းပါ့မလား။ မေတ္တာတရား၊ အချစ်၊ သံသယကင်းသောအကြည့်များနဲ့ ခြယ်မှုန်းမှ လူ့ဘဝကြီးဟာ သာယာလာမှာပါ။ သာယာလာနိုင်မှာပါ မြင့်စန်းရီ။ ဒါကို ယုံလိုက်စမ်းပါ။

ကမ္ဘာမှာ အင်မတန်ကြီးကျယ်တဲ့ မေးခွန်းတစ်ခု ပေါ်ခဲ့ဖူးပါတယ်။

"လူတွေဘာနဲ့နေ"တဲ့။

ရှင်းရှင်းလေးပါပဲ မြင့်စန်းရီ။

"မေတ္တာတရားနဲ့ နေထိုင်ကြပါသတဲ့"

တစ်ဦးကိုတစ်ဦး မေတ္တာရှိမှ လူတွေသံသယကင်းကြမှာပါ။ ကဲ ဒါဆို ကျွန်တော့်မှာ အချစ်ရှိတယ်။ မြင့်စန်းရီမှာ ကျွန်တော့်ကို တုံ့ပြန်ဖို့ မေတ္တာရှိတယ်။ ဒီနှစ်ခုက ပေါင်းစပ်လို့မရဘူးလား မြင့်စန်းရီ။

အချစ် + မေတ္တာ ညီမျှခြင်းက ဘာဖြစ်နိုင်မလဲဟင်။

ထို့နည်းတူစွာ စောကြည်ဖြူ+မြင့်စန်းရီ ညီမျှခြင်းက ဘာဖြစ်နိုင်မှာလဲ။

ကျွန်တော့်သူငယ်ချင်း အတော်များများကိုလည်း မေးကြည့်ပါရဲ့။ တချို့က ဒီအဖြေကို ဒီလိုဖြေကြတယ်။

"သံယောဇဉ်"တဲ့။

တချို့ကတော့ ချစ်ခြင်းမေတ္တာတဲ့။ တချို့ကလည်း သာယာ





စိုပြည်ခြင်းပါတဲ့။

ဘယ်အရာကများ တိကျပါသလဲ။ ဘယ်အရာက အဖြေမှန်လဲ။ ကျွန်တော့်အတွက်တော့ ပြည့်စုံတဲ့အဖြေ မဟုတ်ပါဘူး။

ကျွန်တော် နှစ်ပေါင်းများစွာ ဒီမေးခွန်းနဲ့ ပျော်မွေ့ခဲ့သူပါ။ ဟော အခုတော့ ဒီမေးခွန်းရဲ့အဖြေကို အတိအကျရပြီ။ ဒီထက်ပို ပြည့်စုံတဲ့အဖြေမျိုး ဘယ်သူကမှ စဉ်းစားမိမှာမဟုတ်ပါဘူး။ လေးနက်စွာ ဖတ်ကြည့်ပါ။

စောကြည်ဖြူ+မြင့်စန်းရီ=ကလေး

ကျွန်တော့်ရဲ့ကလေးရမှုကို ဖြစ်တော့မယ် မြင့်စန်းရီ။ ကလေးရမှုကို ဖြစ်တော့မှာ။

×××××

ဝိုး:ဝိုး:ဓ၇၄ပ

www.burmeseclassic.com

www.burmeseclassic.com





မြင့်စန်းရီနဲ့ ပတ်သက်ရင် ကျွန်တော့်ကို တစ်ဘက်သတ် ကောက်ချက်ဆွဲတတ်သူတဲ့။ ဟုတ်ပါ့မလား မြင့်စန်းရီ။ အကယ်၍ တစ်ဘက်သတ် ကောက်ချက်ချတတ်သူ မှန်ခဲ့ရင်တောင် မြင့်စန်းရီ ဘက်ကို တစ်ဘက်သတ်ကြီးလိုက်နေတတ်သူသာ ဖြစ်ပေလိမ့်မယ် ထင်တယ်။

အမှန်တော့ ကျွန်တော်ဟာ မြင့်စန်းရီ့မှပြောရင် သေဆို အခွေလိုက် ရှင်ဆို ဒေါက်ခနဲကောင်ပါ။

တကယ်ပြောတာပါ မြင့်စန်းရီ။ ကျွန်တော့်ရဲ့ အသက်ရှင် ရပ်တည်မှုဟာ မြင့်စန်းရီကြောင့်ပါ။ ကျွန်တော့်ရဲ့ မျှော်လင့်ချက်ဟာ လည်း မြင့်စန်းရီနဲ့ သာယာစိုပြည်စွာ ပေါင်းဖက်ပြီး ကလေး သုံးယောက်ယူဖို့ပါပဲ။ ကဲ ဘယ်သူကများ ဒီအကြံအစည်ကို ဖျက်နိုင် ကြမှာလဲ။ ဒီလောက် လက်တွေ့ဆန်ပြီး ရဲတင်းတဲ့အတွေးမျိုးရော





ဘယ်သူတွေးမိကြမှာလဲ။

ဒါပေမဲ့ မြင့်စန်းရီ လူတွေရဲ့ သံသယဖြစ်မှုတွေနဲ့သာ ရင်းနှီး နေရတဲ့ ကျွန်တော့်အတွက်တော့ ကလေးသုံးယောက်ဆိုတာ အဝေး ကြီးပါ။ ပေါင်းဖို့မပြောနဲ့ ဖက်ဖို့ဆိုတာတောင် အယောင်မပြခဲ့သူ။

မှတ်မိသေးလား မြင့်စန်းရီ။ မြင့်စန်းရီနဲ့ ကျွန်တော် နှစ်ယောက်တည်း ကန်စောင်းမှာ ရှေ့ရေးတွေ တိုင်ပင်စဉ်ကပေါ့။

နှစ်ယောက်သား ကြည်နူးရင်း ရင်တဒိတ်ဒိတ်နဲ့ မနေနိုင် မထိုင်နိုင် မြင့်စန်းရီရဲ့ ပခုံးဖက်မိစဉ်...

“အို... ဒေဝစ္စရာ×××ဒေဝစ္စရာ လူ[illegible]ကို ပေါင်းကာ စုဝေး×××ပေါင်းကာဝေးလို့ လူရေးခြယ်ကာ×××ဆင်းဟန်မှု”

ကျွန်တော့်နှုတ်က အသံကျယ်ကျယ် ထွက်သွားတဲ့သီချင်း သံကြောင့် မြင့်စန်းရီလန့်ပြီး...

“ဟင်... ဘာဖြစ်လို့ သီချင်းအကျယ်ကြီးဆိုရတာလဲ ဘာဖြစ်လို့လဲ”

မြင့်စန်းရီအမေးကြောင့် ကျွန်တော်လည်း အောင့်သက် သက်နဲ့ ပေါင်ကြား လက်ဖွက်၊ သွားကို အံကြိတ်ပြီး...

“အဟီး... ပျော်လွန်းလို့ မြင့်စန်းရီ၊ ပျော်သွားလို့”

အမှန်တော့မဟုတ်ပါဘူး မြင့်စန်းရီ။ နံလင်းပေါက် ကာရာ ဗိုက်ကေဆိုင်တွေအသွားများပြီး ကောင်မလေးတွေကိုင်တာနဲ့ အလိုလို သီချင်းသံက ထွက်မိနေတာပါ။ ဆိုချင်လွန်းလို့တော့ မဟုတ်ပါဘူး။ အကျင့်ပါနေတာပါ။ အဲသည်လို မှားယွင်းမှုတွေနဲ့သာ ရင်းနှီးနေတဲ့ ကျွန်တော့်အတွက် မြင့်စန်းရီနဲ့ စေ့စပ်ပွဲပျက်ခဲ့တာ အထူးအဆန်း မဟုတ်တော့ပါဘူး။

မြင့်စန်းရီရဲ့ မိဘများ သဘောတူပြီး မြင့်စန်းရီနဲ့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကို စေ့စပ်ပွဲ ကျင်းပပေးခဲ့တာလေ။ ဘယ်လောက်ကြေးလို့လဲ မြင့်စန်း ရီ။ ကျွန်တော် အခန်းထဲရောက်တာနဲ့ အဲဒီပွဲလေး ပျက်ခဲ့တာပေါ့။ အားလုံး ကျွန်တော့်ကြောင့်လို့ ပြောကြရဲ့။ အမှန်တော့. . .

အဖြစ်က ဒီလိုပါ မြင့်စန်းရီ။

×××××







မိုးသည် အဆက်မပြတ်ရွာသွန်းနေခဲ့ပြီး ထိုနေ့ကမှ နေက လှလှပပသာနေသည်။ ထိုနေသာသောနေ့သည် ကျွန်တော်နှင့် မြင့်စန်းရီ စေ့စပ်ပွဲကျင်းပသောနေ့ပင် ဖြစ်တော့၏။

တောင်ရှည်ဟုခေါ်သော အိပ်ရာခင်းသဏ္ဍာန် ရွှေရောင် ဟာကြီး ဖုံးလိုက်သည်နှင့် ကျွန်တော့်ပုံမှာ အလှူခံတွင်ပါလေ့ရှိသော ရုပ်ကြီးရုပ်ကို ဒုတ်စွပ်လိုက်သလို ဖြစ်သွားရတော့၏။

လူက အစကတည်းက ပိန်ချောင်ချောင်မို့ ထိုအရာကြီးမှာ ပတ်၍မဆုံးနိုင်ပင် ဖြစ်နေတော့၏။

"တော်. . . တော်ကြပါတော့ကွာ၊ ဒီလောက်ပတ်ရ တော် ရောပေါ့"

ကျွန်တော့်စကားကို မျိုးထွန်းဝင်းက မျက်မှောင်ကျုံ့ပြီး. . .

"အေး. . . သူများဆိုရင်တော့ တစ်ပတ်သာသာပတ်ရတာ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းကျမှ ဘုရားရှင်တောမထွက်ခင် တွေ့ခဲ့တဲ့သူနာကျနေတော့ပဲ တကတည်း ပိန်ချောင်နေလိုက်တာ၊ ဒါနဲ့ မှန်းစပ်းပါဦး ခြေသလုံး ကာ"

အမရေးထဲ ငတိက တောင်ရှည်အောက် ခြေသလုံး ဝင်စမ်း နေသေး၏။

"ဟ. . . ဘာကြီးလဲဟ၊ ဒါကြီးကျ ထည်ထည်ကြီး"

မျိုးထွန်းဝင်းက သူ့ဘာသာသူ ဝင်စမ်းပြီး အံ့အားသင့်နေ သည်။

"ဟာ. . . လှုပ်. . . လှုပ်နေတယ်၊ အဲ ဒါက အစေ့ကြီး၊ နည်းတာကြီးမဟုတ်ဘူး၊ ဟော့ကောင် ငါစမ်းမိတာ ဘာကြီးလဲ"

"အာ. . . ဒူးခေါင်းကြီးပါကွာ၊ မင်းကလည်း"

"အဲ. . . ဒါဆို ဒီအစေ့ကြီးကရော ဘာကြီးလဲ၊ မရိုးဘူးလား ပဲ၊ ဟယ် သူ့ဟာသူလည်း လှုပ်တယ်"

"ဂုညင်းစေ့ပါကွာ"

"သြော်. . . ဟုတ်လား၊ ထင်တော့ထင်သား၊ ဒါနဲ့ ခြေသလုံး နဲ့ပေါင်က သေးပြီး ဒီဒူးခေါင်းကြီးက ဘာလို့အယ်ဖုက်နေတာလဲ၊ နောက် အချွန်ကြီး"

"ကံတရားပါကွာ၊ မင်းကလည်း စကားရှည်လိုက်တာ၊ တောင်ရှည်ပတ်မဲ့ဟာ ဆက်ပတ်ပေးပါ"

"အေးပါကွာ. . . မင်းဟာကြီးက စမ်းကောင်းလွန်းလို့ မှန်း ညှစ်ကြည့်ဦးမယ်"

ဆိုကာ စိတ်လိုလက်ရ ညှစ်နေသေး၏။

"ဟော့. . . မင်းတို့ဘာလုပ်. . . ဟယ်"

ထိုစဉ်မှာပင် အခန်းထဲ ကမန်းကတန်းဝင်လာသော





အိုင်လက်ဖြူခေါ် ထွန်းအိုင်က ကျွန်တော်တို့နှစ်ယောက်အဖြစ်ကို မြင်တော့ အံ့အားသင့်သွားသည်။ ဖြစ်လည်းဖြစ်ချင်စရာ ဟိုကောင် မျိုးထွန်းဝင်းက ကျွန်တော့်ရှေ့ ဆောင့်ကြောင့်ထိုင်ပြီး လက်က ကျွန်တော့်တောင်ရှည်ထဲမှာကိုး။ ဒါကိုတောင် မျက်နှာရှူး မျိုးထွန်းဝင်း က. . .

"ဟာ. . . အိုင်လက်ဖြူ ငါအလုံးစမ်းနေတာကွ၊ ဟိုဘက်မှာ တစ်လုံးကျန်သေးတယ်၊ မင်းဝင်စမ်းပါလား"

သူက ဒူးခေါင်းက ဂုညင်းစေ့ကို ရည်ညွှန်းသော်လည်း ဟိုကောင်က ဘာကိုသဘောပေါက်သည်မသိ မျက်နှာကို ရှုံ့မဲ့ပြီး. . .

"ထွီ. . . ရွံစရာကောင်းလိုက်တာ၊ မိန်းမက အခုပဲယူတော့ မယ်၊ ဒါကိုတောင် ဆတ်ဆော့နေသေး။ မြန်မြန်လုပ် မင်္ဂလာအချိန်က ကျနေပြီ"

အိုင်လက်ဖြူ၏ လောဆော်မှုကြောင့် နာရီကြည့်လိုက်တော့

"ဟာ. . . ကိုးနာရီတောင်ထိုးတော့မှာပဲ၊ ဒုက္ခပါပဲ"

မင်္ဂလာအချိန်က ကိုးနာရီမှ ဆယ့်တစ်နာရီ။ ယခုက မင်္ဂလာအချိန်ကျရောက်ရန် မိနစ်ပိုင်းအလို. . .

"ဟ. . . မြန်မြန်လုပ်ပါဟ၊ မြန်မြန်၊ ဟော့ကောင် ကားရော အဆင်သင့်ပဲလား"

ကျွန်တော့်အမေးကို အိုင်လက်ဖြူက. . .

"အဆင်သင့်ပါကွာ. . . အခုပဲ ဝပ်ရှော့ကရော အပေါင် ဆိုင်ကပါ ရွေးခဲ့တာ"

"ဒါဆို ဟော့ကောင်မျိုးထွန်းဝင်း တောင်ရှည်ကရပြီလား"

ကျွန်တော်၏ လောဆော်မှုကြားတော့မှ မျိုးထွန်းဝင်းမှာ ဖီး(လ်)တက်အောင် ညှစ်နေသည့် ဂုညင်းကိုလွှတ်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"မရဘူးကွ. . . မင်းတောင်ရှည်က ဘယ်လိုမှပတ်လို့မရဘူး၊ မံမီရုပ်လို ကျပ်ထုပ်စည်းထားရင်တော့ မပြောတတ်ဘူး"

"ဘယ်လိုဖြစ်ဖြစ်ကွာ. . . ကပ်ပါနေရင်ပြီးရော၊ ကြိုးသလို သာလုပ်၊ ဟိုမှာ နောက်ကျနေပြီ"

"ဒါဖြင့် ဒီလိုလုပ်"

ကျွန်တော့်ရဲ့စကား ကြားသည်နှင့် မျိုးထွန်းဝင်းက ဝတ်ထားပေးသော တောင်ရှည်ကို ဖျတ်ခနဲ ဆွဲဖြုတ်လိုက်သည်။ ယောင်ယောင်ကမ်းကမ်းနှင့် အုပ်မိအုပ်ရာအုပ်ကာ. . .

"ဟာ. . . ဟေ့ကောင် ဘာ. . . ဘာလုပ်တာလဲ"

မျိုးထွန်းဝင်းက အဖြေမပေးဘဲ တောင်ရှည်ကို ကြမ်းပြင်ပေါ် ဖြန့်ခင်းလိုက်သည်။

နောက် တောင်ရှည်ကိုပတ်ပြပြီး. . . .

"ဒီမှာလှဲအိပ်လိုက်"

"လှဲအိပ်ပြီးရင်"

"တောထဲကမသာမျှား ဖျာလိပ်နဲ့ပတ်သလို မင်းကိုပတ်သွားမယ်လေ"

"ဟာကွာ. . . မင်းကလည်း အရေးထဲ"

ကျွန်တော်လည်း စိတ်ပျက်လက်ပျက်နှင့် တောင်ရှည်ပြန်ကောက်ယူပြီး ကြိုးသလို ဆွဲပတ်လိုက်သည်။

မှန်ပေ၏။ တောင်ရှည်ကား ဘယ်လိုပတ်ပတ် သေးလှသော ခန္ဓာကိုယ်ထက်ကို ပိုနေတုန်းပင်။ မတတ်သာသည့်အဆုံး ပိုနေသောအစကိုယူပြီး ခေါင်းပေါင်းအောက် ဆွဲထည့်လိုက်ရတော့၏။

"ဟီဟိ"

မျိုးထွန်းဝင်းက ခိုးရယ်သည်။





"ဘာလဲ ဟေ့ကောင်၊ ရယ်စရာကောင်းနေလို့လား"

ဟိုကောင်က အပိုးမသေသေသာမျက်ခွက်ဖြင့်. . .

"စူ. . . ဟီဟိ. . . စူ. . . စူပါဂဲ(လ်)နဲ့တူနေလို့"

သူ့စကားကြောင့် ကျွန်တော် ရှုံးတိုးရှန်းတန်း ဖြစ်သွားရသည်။ တောင်ရှည်က ခေါင်းပေါ်တင်ထားရ၍ ဝတ်ရုံကြီးလိုဖြစ်နေ၍ ပြောတာဖြစ်မည်။ ဒါကို ကျွန်တော်က ခပ်တည်တည်နှင့်. . .

"စူပါမန်းတော့ ထားပါကွာ၊ ကဲ နောက်ကျနေပြီ သွားရအောင်"

ဟုဆိုကာ ကျွန်တော်မှပင် ဦးဆောင်၍ အိမ်ရှေ့ထွက်လာရတော့၏။

"ဟင်"

အိမ်ရှေ့တွင်ငှားထားသော ရှေးဖြစ်ဘောက်(စ်)ဝက်ဂွန်ကားရှေ့တွင် ကုန်းကုန်းကွကွနှင့် ထွန်းအိုင်ခေါ် အိုင်လက်ဖြူကိုတွေ့ရ၏။

"ဟေ့ကောင်. . . ကုန်းကုန်းကွကွနဲ့ ဘာလုပ်နေတာလဲ"

ကျွန်တော်၏အမေးကို ဟိုကောင်မှ လှည့်မကြည့်ဘဲ. . .

"ဒီမှာကွ. . . ကားဘီးက မူလီတစ်လုံး ဘယ်ရောက်သွားလဲ မသိဘူး"

ကျွန်တော်လည်း စိတ်ပျက်သွားပြီး. . .

"ဟာကွာ. . . ထားလိုက်စမ်းပါ၊ အခုဟာက အချိန်မမီတော့ဘူး"

"ထားလို့ရမလားကွ. . . ကျန်တဲ့မူလီတွေက အရမ်းပြုန်းနေပြီ၊ ဒီမှာကြည့်ပါလား"

မူလီများက လက်ဖြင့်လှည့်လျှင်ပင် လည်နေပြီ။ ကားရေ



www.burmeseclassic.com

www.burmeseclassic.com



ဆေး၍ သစ်လာသော်လည်း ဘယ်ဟာမှ မသစ်တော့တာ သေချာ၏။ ဘိုးတော်ဘုရား ကိုယ်ဝန်ဆောင်စဉ်ထဲက ဖွားလာသည့်ကားမို့ ဘယ်အရာမှ ကောင်းဖွယ်မမြင်၊

"မှန်း. . . ဒါကြီးက ဩော် အိပ်ဇောကြီးပြုတ်ကျနေတာပဲ၊ ဟာ လက်တွေပေကျံပြီ၊ ဟော့ကောင် ခဏလာဦး"

ဟုဆိုကာ ကျွန်တော့်တောင်ရှည်ကြီးကို ဆွဲသုတ်လိုက်သည်။

"ဟာ. . . ဟော့ကောင် ဘာလုပ်တာလဲ၊ ဒါ သတို့သားဝတ်စုံကွ"

ကျွန်တော့်စကားကို အိုင်လက်ဖြူက ပြန်မော့ကြည့်ပြီး. . .

"ဩော်. . . ဒါ တောင်ရှည်လား၊ သိပါဘူးကွာ ငါ့မှာအလှူအိမ်က လက်သုတ်ပဝါကြီးမှတ်လို့ ကြည့်ပါဦး စုတ်ပြတ်သတ်နေတာ၊ ဒီမှာလည်း အမဲကျားကြီး"

"ဒါနဲ့ဟော့ကောင်. . . ခေါင်းပေါင်းခဏငှားစမ်း"

"ဘာ. . . ဘာလုပ်ဖို့လဲ"

"ကာပရိုက်တာအုပ်တဲ့ သံပြားပျောက်နေလို့ကွ၊ အဲဒါ မင်းခေါင်းပေါင်းနဲ့ အုပ်ရမှာ၊ ကွက်တိပဲ၊ ဟီဟ်"

အရေးထဲ ငတိက အူမြူးနေသေး၏။

"ဖြစ်မလားကွ၊ ဒါက မင်္ဂလာခန်းမထဲဝင်ရင်"

"ဖြစ်ပါတယ်ကွာ. . . မင်္ဂလာခန်းမထဲဝင်ရင် ပြန်ပေးမှာပေါ့၊ အခုဟာက ဒါမပါရင် လမ်းတစ်ဝက်မှာတင် အမှိုက်တွေဝင်ပြီး ကားကထိုးရပ်သွားမှာ၊ မြန်မြန်ပေးစမ်းပါကွာ"

ဟုဆိုကာ ကျွန်တော့်ခေါင်းပေါင်းကို လု၍ သူ့ကားစုတ်ကြီးက ကာပရိုက်တာပေါ် အုပ်ချလိုက်သည်။

"ဟ. . . ဟော့ကောင်"





"တွေ့လား. . . ကွက်တိပါဆို၊ ကဲ ကားပေါ်တက်ကြ၊ သွားရအောင်"

ကားဘောနက်ဖုံးကို ဂျိမ်းခနဲပိတ်ချလိုက်သည်။ ကျွန်တော်လည်း ဘာမှမပြောတော့။ မင်္ဂလာချိန်က ဘအေးကပ်နေပြီမို့ တောင်ရှည်စလေး ခေါင်းပေါ်တင်၍သာ ကားပေါ်ခပြုံးတက်လိုက်သည်။

"ဂိ. . . ဂိ. . . ဂိ"

ကားက ငှက်ဆိုးထိုးသံလိုသာ အော်မြည်နေသည်။ စက်နိုးသံကား မကြား။

"ဂိ. . . ဂိ. . . ဂိ"

စက်ကမလည်။

"ဘက်ထရီဒေါင်းသွားပြီထင်တယ်၊ တွန်းနိုးမှရမယ်"

"ဟာကွာ. . . မင်းဟာကလည်း"

စိတ်ပျက်ရသည်မှာ ပြောဖွယ်မရှိတော့။

"လုပ်ပါကွာ၊ အရင်လိုတယ်မဟုတ်လား။ ဇာတ်အိမ်နှစ်ဘီးလိုမှ ရင် ဖြစ်ပါတယ်"

"ဂျိမ်း"

ဘာမှကို ပြန်မပြောတော့ ကားပေါ်မှဆင်းခဲ့ ကားတံခါးကို ဆောင့်ပိတ်လိုက်သည်။ မျိုးထွန်းဝင်းလည်း မျက်နှာက မကြည်မသာနှင့်. . .

"ကားငှားပါဆို၊ သေပြီးသားဟာကြီး အသက်သွင်းပြီး ပြန်ယူလာလားမသိဘူး"

ဆိုကာ ပွစိပွစိလုပ်နေ၍ အိုင်လက်ဖြူကသာ ကားပေါ်မှ ပြုံတိတိမျက်နှာလေးနှင့်. . .



www.burmeseclassic.com

"တဲ. . . တစ်နှစ်သုံးဆို တွန်းနော်"

ခေါင်းပေါ်က တောင်ရှည်ကို လည်ပင်းပတ်လိုက်သည်။

"တစ် နှစ် သုံး၊ တွန်း"

"ယစ်"

နှစ်ယောက်တည်းမို့ ကားကို အားစိုက်တွန်းလိုက်သည်။ ငပိန်နှစ်ကောင်မို့ ကားက ရွေ့ရုံသာ။

"ဟာ. . . ဟေ့ကောင်တွေ အားထည့်ပါကွ"

"ထည့်နေတာပဲကွာ၊ မင်းကားကိုက လေးနေလိုက်တာ"

"ဩော်. . . ဆောရီး. . . ဆောရီး၊ ငါ ဘရိတ်နဲ့ကလပ် မှားနင်းထားမိလို့"

"တောက်"

အလွန်တရာ စိတ်တိုဖွယ်သာကောင်းတော့၏။ ဒီထက်ပိုပြီး သည်းခံနိုင်လျှင် တောထွက်စရာမလိုဘဲ သောတာပန်ဖြစ်နိုင်သည့် အနေအထား။

"ဒုတ်. . . ဂီး ဂီး ဂီး"

စက်ကမနိုး။ နှစ်ဘီးသုံးဘီးလိမ့်ရုံမက ဓာတ်တိုင်နှစ်တိုင် ကျော်ပြီ။ ကားစက်က မနိုး။ ခေါင်းပေါ်က တောင်ရှည်စမှာလည်း မြေခ၍ ကိုယ့်တောင်ရှည် ကိုယ်ပြန်နင်းရင်း ကတ္တီပါစပေါ် လမ်းလျှောက်နေရလေပြီ။ နဖူးမှချွေးများပင် ခါးပုံစခလေပြီ။ (ခါးပုံစ က ခြေမဖုံးနေ၍ဖြစ်သည်။)

"ဂီး. . . ဖုတ်. . . ဖုတ်. . . ဝူး"

ကားစက်နိုးသံကြားတော့ မည်မျှပျော်သည်ကို မပြောပြတတ်တော့။ သို့သော်. . .

"ခလွမ်. . . ချလွင်"





ကားအနောက် ဘန်ဘာကြီး လွင့်စင်လာ၍ ခုန်ရှောင်ရသေး၏။

"ဟာ. . . ဟာ. . ဘန်ဘာကြီး ပြုတ်ထွက်လာပဟ"

"အေး. . . ပြုတ်ထွက်သွားရင်လည်း စောကြည်ဖြူ မင်းပဲ ပြန်ကောက်လာတော့"

"ပြန်ကောက်တာတော့ဟုတ်ပြီ၊ မင်းကားက ရပ်နေလေကွာ"

"ရပ်လို့မရတော့ဘူးကွ၊ ကလပ်က ပေါက်သွားပြီ၊ ရပ်လိုက်ရင် ကားစက်သေသွားလိမ့်မယ်"

"ဟင်"

●
ခေါင်းပေါ်က
တောင်ရှည်စမှာလည်း
မြေခ၍ ကိုယ့်တောင်ရှည်
ကိုယ်ပြန်နင်းရင်း
ကတ္တီပါစပေါ်
လမ်းလျှောက်နေရလေပြီ။
●

ဘယ်ကဘယ်လို ပြောရမှန်း ပင်မသိတော့။ ဘန်ဘာကြီး ပြန်ကောက်လိုက်တော့. . .

"ဟာ. . . သွားပြီ"

ဘယ်နှခုနှစ်ထဲက လိပ်ကျန်နေမှန်းမသိသော ဆီချေးများ ဝတ်ထားသောတိုက်ပုံနှင့် အကျီအဖြူပေါ် ပေကျံကုန်၏။

"ဟေ့ကောင်တွေ မြန်မြန်လာလေကွာ၊ ကားက ရပ်လို့မရတဲ့ကြားထဲ"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အိုင်လက်ဖြူက ကားထဲက လှမ်းအော်သည်။ စိတ်ကလည်း လောနေပြီမို့ အားယူညစ်ပြေးလိုက်ရာ ကိုယ့်တောင်ရှည်စကို ကိုယ်ပြန်နင်းမိပြီး ဖလွတ်ခနဲ ကျွတ်ကျလာသည်။

"ဟ. . . ဟ. . . လုပ်ကြပါဦးဟ"

တောင်ရှည်တစ်ဘက်၊ ဘန်ကာတစ်ဘက်နှင့် လူက လမ်းမအလယ် ကိုးရိုးကားရားဖြစ်နေ၏။

"ဟော့ကောင်. . . ပြေးလာပါ၊ အမြန်"

မတတ်သာသည့်အဆုံး တောင်ရှည်ကို ဒီအတိုင်း လက်ဘစ်ဘက်က မဆွဲပြီး ကားဆီ အားကုန်ပြေးလိုက်သည်။

"ဟော့ကောင်. . . ကားပေါ်ဘယ်လိုတက်ရမှာလဲ"

"တံခါးဖွင့်ပြီး ခုန်ဝင်လိုက်လေကွာ"

"ဟင်. . . အဲလိုလား"

သူပြောတော့ အလွယ်သား။

"နောက်. . . ဒီဘန်ဘာကြီးကရော"

"အား. . . မင်းကလည်း အတော်တုံးတာပဲ၊ ဘန်ဘာကို အနောက်ခန်းထဲ အရင်ပစ်သွင်းလိုက်"

သူပြောသည့်အတိုင်း ဘန်ဘာကို အနောက်ခန်းထဲ အရင်ပစ်သွင်းလိုက်သည်။

"ခလွမ်း"

ပြီးနောက်. . .

"ယာ့စ်"

လူတစ်ကိုယ်လုံး ကားထဲ ဘယ်လိုရောက်သွားမှန်းပင်မသိ၊ ကားပေါ်ရောက်တော့ စကားပင်မပြောနိုင်တော့။ အသက်ကိုပင် အသည်းအသန်ရှူယူနေရသည်။ မထူးတော့သည့်အဆုံး ထွက်လာ





သည့်ချွေးများကို တောင်ရှည်နှင့်သာ ပင့်သုတ်လိုက်သည်။ မျိုးထွန်းဝင်းကြည့်တော့လည်း ကားနောက်ဖုံးမှာ ကားယားကြီးခွလို့. . .။

"ဟီဟိ"

ဘာတွေသဘောကျနေသည်မသိ အိုင်လက်ဖြူမှ ခိုးရယ်သည်။ ကျွန်တော်လည်း စိတ်မလုံစွာဖြင့်. . .

"ဘာခိုးရယ်တာလဲ ဟော့ကောင်"

ကျွန်တော့်အမေးကို အိုင်လက်ဖြူမှ အသံမထွက်အောင် ကြိတ်ရယ်ရင်း. . .

"ဟီး. . . ဟီး မင်းမျက်နှာကြီး. . ဟား. . . ဟား. . . အကျႌ . . . အကျႌ. . . တောင်. . . တောင်ရှည်. . ဟား. . . ဟား. . . ဟား"

မြင်မြင်သမျှ ရယ်စရာကြီးဖြစ်နေရော့သလား၊ ငတိက တစ်ခုစီကို လက်ညှိုးထိုးရင်း ရယ်နေသည်။ ဟုတ်ပေလိမ့်မည်။ မျက်နှာအပါအဝင် တစ်ကိုယ်လုံး ပေပွနေပြီပဲ။ ဒါကို ဂရုစိုက်နိုင်။ မင်္ဂလာပွဲမီဖို့ ပိုအရေးကြီးပြီမဟုတ်လား။

ကားကလည်း ဘနဘာပိုက်၍ ပြေးလိုက်လျှင်တောင် မှီသည့်အရှိန်နှုန်း။ ထို့ထက်ကိုမပို။

"ဟော့ကောင်. . . မင်းကားက ဒီထက်အရှိန်မြှင့်လို့ မရတော့ဘူးလား"

"အာ. . . ကလပ်ပေါက်နေလို့ နံပါတ်ဝမ်းနဲ့တင် ယိန်းမောင်းနေရတာ၊ ဒီထက်ဘယ်လိုမြန်လို့ရမှာလဲ"

"ခလွမ်"

စကားမဆုံးခင် ကားထဲက ဘာပြုတ်ကျသည်မသိ။ ဒါကို အိုင်လက်ဖြူက. . .

"ဟော့ကောင်. . . ကားဘီးချိုင့်ထဲကျလားမသိဘူး၊ နိမ့်သွား



www.burmeseclassic.com

www.burmeseclassic.com



သလိုပဲ၊ ငုံ့ကြည့်စမ်း"

သူစကားကြား၍ ငုံ့ကြည့်လိုက်ရာ. . .

"ဟော့ကောင်. . . ချိုင့်ထဲကျတာမဟုတ်ဘူးကွ၊ ကားဘီး ကျွတ်ထွက်သွားတာ"

"ဟာ. . . ဒါ. . . ဒါဆို. . လိုက်ဖမ်းလေဟော့ကောင်၊ လိုက် ဖမ်းလေ"

သူ့ရဲ့လော့ဆော်မှုကြောင့် ကျွန်တော်လည်း ကြောင်ပြီး ကား တံခါးကို ဝုန်းခနဲဖွင့်ကာ ကားဘီးလိုက်ဖမ်းမိသည်။

ဖြစ်ချင်တော့ ကားဘီးက တစ်လုံးထဲ မီးနီကြီး ဖြတ်ချသွား တော့၏။

"ဟိုက်. . . မီးကနီပဟ"

သိသိချင်း အရှိန်ကလျှော့လိုက်သေးသည်။

"ကျွိ"

သို့သော်. . .

"ရှိုး"

ခရာသံကြား၍ လှည့်ကြည့်လိုက်တော့ ယာဉ်ထိန်းရဲ တစ်ယောက် ဖြည်းဖြည်းချင်း လျှောက်လာ၏။ အနားရောက်တော့

"ကိုယ့်လူကား မီးနီဖြတ်လာတယ်"

ကျွန်တော်လည်း လုပ်မိလုပ်ရာ ဘီးလေးဖက်ပြီး. . .

"ဟာဗျာ. . . ကားဘီးလေးဖြတ်လာတာပဲ"

ယာဉ်ထိန်းရဲကြီးက စာရွက်တစ်ရွက်ပေါ် ခပ်တည်တည် ရေးမှတ်ပြီး. . .

"ကားဘီးဖြတ်တာနဲ့ ကားပါပြီလေ၊ လိုင်စင်ပြ"

"ဟင်. . . လိုင်စင်၊ လိုင်စင်က အဲ ကားကဟိုမှာဗျ"





ရှေးဟောင်းနှောင်းဖြစ်ကြီးက ဘီးသုံးဘီးနှင့် တဖြည်းဖြည်း လိမ့်လာသည်မှာ မီးပွိုင့်ပင်မကျော်သေး။ ကျွတ်လာသည့်ဘီးက သူနှင့် မျက်ကွယ်ဖက်ဖို့ မမြင်သေး။ ထို့ကြောင့် ယာဉ်ထိန်းရဲကြီးက မျက်မှောင်ကျုံ့ကြည့်ပြီး. . .

"ဒါဆို ဒီဘီးကြီးက"

"အဟဲ. . . ကျွန်တော်ပျင်းလို့ ခွေလိမ့်ဘမ်းဆော့နေတာ"

ကျွန်တော့်အဖြေစကားကြားတော့ ယာဉ်ထိန်းရဲကြီး ကြောင် သွားသည်။ အတန်ကြာမှ သက်ပြင်းချပြီး. . .

"ခင်ဗျားဗျာ. . . မကြီးမငယ်နဲ့ လမ်းပေါ်တက်ပြီး ခွေလိမ့် တန်း ဆော့ရတယ်လို့၊ သွား သွား အိမ်ပြန်ဆော့"

"ဟုတ်ကဲ့ခင်ဗျာ. . . ဟုတ်ကဲ့၊ သားသားပြန်ပြီ၊ ဟဲ့နွား တစ် ကလုပ်. . . တစ်ကလုပ်"

ဟုဆိုကာ ရှုးချင်ယောင်ဆောင်ရင်း တဟေးဟေးတဟား ဟားနှင့် ကလေးများကစားသည်နှင့်တူအောင် ခုန်ဆွခုန်ဆွလုပ်ရင်း ကားဘီးကို ပြန်လှိမ့်လာရလေသည်။ ပျော်နေတယ်ထင်အောင်က လည်း ကပြရသေး၏။

"တောက်. . . တောင်ရှည်နဲ့ကားဘီး ဘယ်လိုမှ သဟဇာတ မဖြစ်ပါဘူး"

ရေရွတ်သံ။

ကားနားရောက်တော့ ဟောဟဲလိုက်နေပြီ။ ထို့ကြောင့် ကားဘီးကိုပစ်ချပြီး. . .

"ဟော့ကောင်. . . မင်းကားဘီးက ပြန်တပ်ရဦးမှာလား"

"ပြန်တပ်ပြီး ပြန်တွန်းနိုး"

အိုင်လက်ဖြူစကားကြားတော့ ကျွန်တော်လည်း စိတ်တိုပြီး



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီကွာ. . . ပြန်တပ်၊ ပြန်တွန်း၊ ပြန်သွားနဲ့ ကားက ငါမင်္ဂလာဆောင်တဲ့ဆီ ရောက်တော့မှာမဟုတ်ဘူး၊ တော်ပြီ ငါ့ဘာသာ ငါ ကားငှားသွားတော့မယ်"

ဆိုကာ ဆောင့်ကြီးအောင့်ကြီးနှင့် ထွက်လာတော့သည်။ ဒါကို အနောက်ကကောင်က. . .

"ဟေ့. . . ဟေ့"

ကျွန်တော် လှည့်မကြည့်တော့။

"ဟေ့ကောင်. . . စောကြည်ပြုံး ငါအကောင်းပြောမလို့ကွ"

ခြေလှမ်းသာ ကျဲလိုက်သည်။

"ခေါင်းပေါင်း. . . ခေါင်းပေါင်း"

ထိုအသံကြားမှ ခြေလှမ်းက တုန့်သွား၏။ နောက် ခေါင်းပေါ် စမ်းကြည့်တယ်။ ခေါင်းပေါ် ဆံပင်သာရှိ၏။

ဟုတ်သား။ မင်္ဂလာခန်းမထဲဝင်လျှင် သတို့သားမှန်းသိအောင် ခေါင်းပေါင်းတော့ ထောင်ရမည်။ ထို့ကြောင့် ကားဆီ ကမန်းကတန်း ပြန်ပြေးဆင်းသွားပြီး ဘောနက်ဖုံးဖွင့်ကာ ခေါင်းပေါင်းယူ၍ ခေါင်းပေါ် ဆောင်းချလိုက်သည်။

"ဟာ"

ခေါင်းပေါင်းက ခေါင်းပေါ် ရောက်သည်နှင့် ပျစ်ချွဲသော အရည်များ စီးကျလာ၏။

"ဟင်. . . ဟင် ဒါ ဒါက ဟာ အင်ဂျင်ဝိုင်တွေ"

ယောင်ယောင်ကမ်းကမ်းနှင့် သုတ်ကြည့်လိုက်ရာ. . .

"ဟာ"

ခုန ကာပရိုက်တာအုပ်ထားသဖြင့် အင်ဂျင်အစုတ်ကြီးမှ ထက်လာသော အင်ဂျင်ဝိုင် အခိုးအငွေ့များက ခေါင်းပေါင်းတွင်





သန္ဓေသဖွယ် စုနေပြီး ခေါင်းပေါ် ဆောင်းချလိုက်မှ ရေကာတာ တံခါး ဖွင့်ချလိုက်သလို ပွင့်ကျလာခြင်းဖြစ်၏။

"ဟာ. . . သွား. . . သွားပါပြီ သွားပြီ"

ခေါင်းပေါ်မှ တရစပ်ကျလာသော အင်ဂျင်ဝိုင်ရည်များမြင်တော့ ဘာလုပ်ရမှန်းမသိတော့။ နောက်မှ လုပ်မိလုပ်ရာမျက်နှာနှင့် အင်္ကျီများဆီ ပွတ်သုတ်လိုက်မိသည်။

"ဟာ. . . သွားပြီ၊ သေပြီ"

တစ်ကိုယ်လုံး ဖုန်များ အင်ဂျင်ဝိုင်များ ပေပွကုန်လေပြီ။ သူက လူစင်စစ်က လူရုပ်မထွက်တော့။ အိမ်ပြန်ပြီး အဝတ်အစားလဲရမှာလား၊ မင်္ဂလာပွဲပဲ အမီသွားရမည်လားဟသိ။

"မဖြစ်ဘူး. . . မင်္ဂလာပွဲတော့ မမီလို့မဖြစ်ဘူး၊ မလှရင်နေပါစေ မင်္ဂလာတော့ ရအောင်ဆောင်မှပဲ"

စိတ်က ရာဂဖက်သာ ဦးဆောင်နေသည်။ ထို့ကြောင့် ကမန်းကတန်း ဖြတ်သွားဖြတ်လာကားများ အမြန်တားလိုက်သည်။

"ကျွီ"

ကားများက သူ့ကိုကွေ့ရှောင်ပြီး မောင်းပြေးကြသည်။

"ကျွီ"

"အရူးကကားငှားနေရတယ်လို့၊ တောက်"

ကားတစ်စီးက ရပ်မလိုနှင့် မကျေမနပ် ဆဲရေးသွားသေး၏။

"မထူးဘူး၊ မီးပွိုင့်နားပြန်သွားပြီး ရပ်တဲ့ကားတက်စီးမယ်"

စိတ်ပိုင်းဖြတ်ကာ မီးပွိုင့်နားပြန်သွားပြီး ခတ်တိုင်ကွယ်ထားလိုက်သည်။

မီးပွိုင့်မှ မော်တော်ပီကယ်မှလည်း ကျွန်တော့်အား ခွေလို့မှ



www.burmeseclassic.com

www.burmeseclassic.com



တမ်းဆော့၊ အခုတိုင်ကွယ်နေတာမြင်တော့ တူတူပုန်းတမ်းများ လာပြန်ဆော့သလားဟုထင်၍ ကြောင်ငေးနေသည်။ ကျွန်တော် နှုတ်ခမ်းပေါ် လက်တင်၍ ရှူးခနဲမှုတ်ပြလိုက်သည်။ ဘာမှမပြောနှင့် ဆိုသည့် သဘော။ သူလည်း သဘောပေါက်သွားသည်လား၊ ကြောင် သွားတာလားမသိ ခေါင်းပြန်ညိတ်ပြသည်။

အခြေအနေ ငြိမ်သက်တော့မှ ကျွန်တော့်မှာ ဝါရင့်သူခိုး ကြီးလို ကားပြန်ချောင်းရသေး၏။

အခန့်သင့်ပင် မီးနီမိ၍ အငှားကားတစ်စီး လာထိုးရပ် သည်။ ရရှိသောအခွင့်အရေးကို လက်လွှတ်မခံဘဲ ကားပေါ်ပြေး တက်လိုက်သည်။

"ဂျိမ်း"

"ဟဲ့. . . ပလုတ်တုတ်၊ ဘာ ဘာကြီးလဲ"

ကားဆရာက မဲညစ်ပေပွနေသော ကျွန်တော့်ကိုမြင်တော့ လန့်အော်သည်။

"ဘာမှမဟုတ်ဘူး၊ ဒီတည့်တည့်သာမောင်း"

"ဟင်. . . တည့်တည့်မောင်း၊ မင်း မင်းက ဘာကောင်"

"မီးပွိုင့်စိမ်းပြီ၊ မြန်မြန်မောင်း"

"ဟင်. . . ဟင်. . . ကြော်"

ကားဆရာက ယောင်ယောင်ကမ်းကမ်းနှင့် ကားဘီးကို လှိမ့်သည်။ ထိုသို့ဖြင့်. . .

××××







"ဂျိမ်း"

"ရှီး. . . ဖတ်"

"ဟာ. . . ဟေ့. . . ဟေ့ ကားခ. . . ကားခ"

ဟိုတယ်ရှေ့ ကားထိုးရပ်လိုက်သည်နှင့် ကျွန်တော်လည်း ကမန်းကတန်း ဟိုတယ်ထဲ ပြေးဝင်လိုက်သည်။

"ဟေ့ဟေ့. . . ဘယ်ကလူလဲ၊ ဘယ်သွားဖို့လဲ"

အစောင့်တစ်ယောက်က ပြောရင်းကားသည်။ ခြေလှမ်းကို တုန့်ရင်း. . .

"မင်း. . . မင်းမင်္ဂလာပွဲ၊ အဲ စေ့စပ်ပွဲ၊ သွားစေ့စပ်ဖို့"

ကျွန်တော့်စကားကြားတော့ ဟိုတယ်စောင့်မှာ စိတ်ညစ် သွားဟန်ဖြင့်. . .

"အာ. . . အရှုးက မင်္ဂလာဆောင်မလေးဘာလေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



နားရင်းအုပ်ထည့်လိုက်ရမကောင်းရှိရောမယ်၊ သွား သွား"

ဟုဆိုကာ တွန်းလွှတ်နေ၏။ ထိုမြဉ်မှာပင်. . .

"ဟော့. . . ဟော့ ဘာဖြစ်နေတာလဲ"

မန်နေဂျာဖြစ်မပေလိမ့်မည်။ ရုပ်ရည်ခပ်သန့်သန့်လူတစ်ဦးက လှမ်းအော်သည်။

"ဒီမှာ ဆရာ၊ ဟိုတယ်ထဲအရူးဝင်လို့"

"အာ. . . မင်းတို့ကလည်း ဒီအတိုင်းနှင်လွှတ်လို့ မရရင်လည်း ပိုက်ဆံလေးဘာလေးပေးပြီး နှင်လွှတ်လေကွာ၊ ရော့ ရော့ ဒီမှာတစ်ထောင်"

မန်နေဂျာက အိတ်ကပ်ထဲမှ တစ်ထောင်တန်တစ်ရွက် ထုတ်ပေးသည်။ ကျွန်တော်လည်း အလကားရမနည်းဘူး စိတ်ပိုင်းဖြတ်ကာ လှမ်းယူလိုက်သည်။ အပြင်ရောက်သည်နှင့် ရပ်နေသေးသော တက္ကစီသို့. . .

"ရော့. . . ဒီမှာကားခယူ"

ဆိုကာ ခုန တစ်ထောင်တန်လှမ်းပေးလိုက်သည်။ ပြီးနောက် ဟိုတယ်အနောက်ပေါက်သို့ ပြေးသွားမိ၏။ အရှေ့ကမှ ဝင်မရဘဲကိုး၊

"ဟာ. . . ဟာ ဘာကြီးလဲ၊ ဘာကြီးလဲ၊ လုပ်ကြပါဦး"

"ဟင်. . . ကြွက်. . . ကြွက် အဲ ဘာ. . . ဘာ"

ကျွန်တော်ဝင်လာသည်နှင့် စားဖိုဆောင်မှ လူအားလုံး အလန့်တကြား ဖြစ်သွားကြ၏။

"ဟ. . . ဟ လုပ်ကြပါဦး၊ သေပြီးသား အိုးမဲကြီး ပြန်ခုန်တလာတာလား"

ကျွန်တော်လည်း သူတို့အားလုံးကို တွန်းဖယ်ရင်း ဓာတ်လှေကားဆီ ပြေးသွားလိုက်သည်။





ဓာတ်လှေကားကို ဖွင့်လိုက်သည်နှင့်. . .

"ဟဲ့. . . ပလုတ်တုတ်၊ ဘာကြီးလဲဟ"

ဓာတ်လှေကားစောင့်၏ အော်သံ။ ကျွန်တော်ကလည်း

"သတို့သားဗျ၊ သတို့သား၊ အမြန်ဖွင့်စမ်းပါ"

"အာ. . . အရူးကများ၊ သတို့သားတဲ့၊ မဖွင့်ဘူး၊ မဖွင့်ဘူး၊ အင်းဟာ ပိတ်တယ်ဟာ"

ဆိုကာ တံခါးကို ပြန်ပိတ်လိုက်သည်၊ ကျွန်တော်ကလည်း အားကျမခံ. . .

"တင်းတောင်"

"တင်းတောင်"

ဓာတ်လှေကားတံခါးက သူနှိပ်ကိုယ်နှိပ်ရို ဖွင့်လိုက်၊ ပိတ်လိုက် ဖြစ်နေသည်။ မတတ်သာသည့်အဆုံး ဓာတ်လှေကားအပွင့်ဟိုကပြန်မပိတ်မီ တံခါးကို ခြေထိုးခံထားလိုက်သည်။

"အင်းဟာ. . . ဘာတတ်နိုင်သေးလဲ၊ ဟား ဟား"

"ဪ. . . ဒီလိုလား၊ ဒါဆို ဒီလိုလေးပဲလုပ်လိုက်မယ်၊ ကိုင်း အင်းဟာ"

ဓာတ်လှေကားစောင့်ကြီးက ထိုးခံထားသော ခြေထောက်ကို ဆောင့်နင်းချလိုက်သောကြောင့်. . .

"အား"

နာလွန်း၍ ကိုယ့်ခြေကိုယ် ပြန်မလိုက်ချိန်တွင် မနေ့ကမှ ဒီနေ့အတွက် ဝယ်လာသော ဖိနပ်တစ်ဘက် မရှိတော့။ ဓာတ်လှေကားကား နံပါတ်ပြောင်း၍ တက်သွားလေပြီ။

မတတ်သာသည့်အဆုံး နာနေသည့်ခြေတစ်ဘက်ကို မ၍ လှေကားများအတိုင်းသာ ခုန်တက်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အား . . . အား . . . အု . . . အု . . . အု . . . အု"

ပါးစပ်က သံစုံမြည်အောင်အော်ရင်း လှေကားအတိုင်း ခုန်ဆွခုန်ဆွနှင့် တက်နေရလေသည်။ တက်ရသည့်အထပ်ကလည်း နှစ်ထပ်မို့ ပေါင်ကို ကွနေအောင်ခုန်ရ၏။ သည်ကြားထဲ နာနေသည့် ခြေမကို ကုန်းမှုတ်ရသေး။

"အု . . . အု . . . အား . . . အား"

××××







ဝတ်ကောင်းစားလှများနှင့် စည်ကားနေသော နေရာတစ်ခုကို တွေ့လိုက်ရ၍ ခြေလှမ်းများ ရပ်တန့်သွား၏။

"ဟင်"

"ဟာ"

"အလို"

ထိုဝတ်ကောင်းစားလှများကလည်း စုတ်ပြတ်သတ်၍ ပေပွနေသော ကျွန်တော့်ကိုမြင်တော့ အံ့အားသင့်ကုန်ကြ၏။

မင်္ဂလာခန်းမအပြင် စင်္ကြံ ဖြစ်သော်ငြား အချို့က ရေခဲမုန့်တန်းလန်း၊ ပေါင်မုန့်စွပ်လျက် ဖြစ်ကုန်သည်။

"ဟင် . . . ဒီ . . . ဒီအရူးက"

"ဟ . . . ဘယ်ကဟာကြီးလဲဟ"

"ဟာ . . . စော . . . စောကြည်ဖြူပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခံပွဲ ကြိုရောက်နေသော ကိုကိုလွင်က ပြေးလာသည်။ နောက် ထုံးစံအတိုင်း ပြေးဆွဲကာ. . .

"ဟေ့ကောင်. . . မင်းကိုစောင့်နေတာကွ၊ မြန်မြန်သွား"

ဟု ဆိုကာ ခြေကလိမ်ကွပ်ထည့်လိုက်ရာ. . .

"ဟာ"

ခန္ဓာကိုယ်က အရှိန်လွန်ပြီး ပိတ်ထားသောမဂ်လာတံခါးကို ဒုန်းခနဲ တွန်းဖွင့်သလို ဖြစ်သွားကာ တံခါးဝမှာ စောင့်နေသော စားပွဲထိုးကို တွန်းလွှတ်သလို ဖြစ်သွားပြီး. . .

"ဟာ. . . အောင်မယ်လေးတဲ့၊ လုပ်ကြပါဦး"

စားပွဲထိုးက မှတ်တမ်းတင်ရိုက်ကူးနေသော ကင်မရာမီးသမားကို သွားဝင်တိုးမိသည်။

"ဟင်. . . ဟင်. . . ဘာဖြစ်. . . အင်းဟာ"

မီးသမားကလည်း အားလုံးငြိမ်သက်နေရာမှ သူ့ကို တစ်ယောက်က ဝင်တိုးလာ၍ လန့်၍ အရှေ့ကရှိနေသော လူတစ်ဦး၏ တင်ပါးကို လက်ထဲက မီးလုံးကြီးနှင့်ကပ်မိရာ. . .

"အားပလူးပလူး. . . သေသေ"

ဆိုကာ ခုန်ဆွခုန်ဆွနှင့် အရှေ့ကကုန်းနေသော လူ၏ တင်ပါးကို ကန်ချလိုက်သလိုဖြစ်သောကြောင့်. . .

"ဗွက်"

"ဟာ"

အရှေ့ကလူ ကုန်းကြည့်နေသော မင်္ဂလာကိတ်ကြီးပေါ် ခေါင်းငိုက်စိုက်ကျသွားတော့၏။

အားလုံးကြောင်ပြီး ရုတ်တရက် ငြိမ်သက်သွား၏။ မသိလျှင် စတေခါတ်ပုံရိုက်ထားသလို စက္ကန့်သုံးဆယ်ခန့်ကြာ အားလုံးငြိမ်နေ





သည်။

အတန်ကြာမှ မုန့်ဗန်းပေါ်ကျနေသော လူကြီး ခေါင်းပြန်ထောင်လာ၏။

"မြင့်စန်းရီတို့ မွေးသဖခင်"

မျက်နှာပေါ်မှ မုန့်များကို လက်နှင့်ခွာ၍ လျှာနှင့်အရင်လျက်လိုက်သေး၏။ မုန့်က အလွန်ချိုနေရောဆင့် မျက်နှာပျက်တာတောင် ပြုံးပြုံးကြီး။ ပြီးမှ ဒေါသတကြီးဖြင့်. . .

"ငါ့ကို အနောက်က ဘယ်သူကန်ခဲ့တာလဲကွဟေ"

သူ့ကို ကန်ချမိသော ရွှေပွဲလာဧည့်ပရိသတ်က

"မ. . . မဟုတ်၊ ကျွန်တော့်ကို အနောက်က မီး. . မီးနဲ့ထိုးလို့"

"မီးနဲ့က ဘာလို့ထိုးတာလဲ"

"ကျွန်. . . ကျွန်တော့်ကို အနောက်က တွန်း တွန်းလွှတ်လို့"

"ဟိုကောင်က ဘာလို့တွန်းလွှတ်ရတာလဲကွ"

"ဟို. . . ဟို ကျွန်တော် တံခါးဝမှာရပ်နေတုန်း အနောက်က တံခါးကို တွန်းဖွင့်လို့"

"တံခါးကို ဘယ်သူတွန်းဖွင့်တာလဲ"

လက်ညှိုးက အဆင့်ဆင့်ပြောင်းကာ တံခါးဝမှာ တွန်းဖွင့်ဟန် ကိုးရိုးကားရားနှင့် ငြိမ်နေသော ကျွန်တော့်ဆီ ချပြုံကျလာ၏။ အခြေအနေမကောင်းမှန်းသိ၍ လူက အရုပ်တစ်ရုပ်လို လုံးဝမလှုပ်ရဲ။ ကုန်းကုန်းကြီးငြိမ်ပြီး မျက်လုံးသာ တောင်ကြည့်မြောက်ကြည့် လုပ်လိုက်သည်။

"စောကြည်ဖြူ"

မြင့်စန်းရီဖခင်က ဆံများ၊ ဖုန်များ ပေပွနေရာမှ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



၏ မူပိုင်ဖြစ်သော တော့်မျက်လုံး တော့်မျက်နှာကို မှတ်မိသွား၏။

ကျွန်တော်လည်း ယောင်ယောင်ကမ်းကမ်းနှင့် ခြေကလိမ်ကွပ်လွှတ်လိုက်သော ကိုကိုလွင်ကို ပြန်ရှာကြည့်သည်။ အရိပ်ပင်မမြင်တော့။

"ဟို. . . ဟို"

စကားစရန် ကြံတုန်းမှာပင် မြင့်စန်းရီ့ဖခင်ထံမှ ကြားရသော ဒေါသသံက. . .

"ဒီစေ့စပ်ပွဲကို ငါကိုယ်တိုင်ဖျက်တယ်"

ပြီးနောက် မျက်နှာပေါ်မှ ပေါင်မုန့်များကို လက်နှင့်သပ်၍ လျှာနှင့်လျက်ချလိုက်သည်။

မျက်နှာပျက်တာကိုက ပြုံးပြုံးကြီး။

××××







ဤသို့သာပေါ့ မြင့်စန်းရီ။

မြင့်စန်းရီကြောင့် ပြဿနာဖြစ်တိုင်း ကံဆိုးမှုများပြေပျောက်အောင် ဘုန်းကြီးဝတ်ခဲ့တာ လေးကြိမ်တိုင်တိုင်ရှိခဲ့ပါပြီ။ အဲဒီအကျိုးဆက်ကြောင့် ကျွန်တော်ဟာ လူစင်စစ်ဖြစ်ပါလျက် အာသဝေါတော့ ကုန်ခမ်းခဲ့ပါပြီ။ တဏှာလေး ဦးဆောင်နေလို့သာ မြင့်စန်းရီနဲ့ ပေါင်းချင်စိတ် ကျန်ရစ်နေခဲ့ရတာပါ။

မြင့်စန်းရီ။

ဒီလို ကံဆိုးခြင်းများသာ မရှိခဲ့ရင် ကျွန်တော့်ဘဝဟာ အများသူငါနဲ့ ထပ်တူရှင်သန်နိုင်မှာပါ။ ဒါဆို မြင့်စန်းရီဟာလည်း ကျွန်တော့်ကို ဘယ်တုန်းကမှ စိတ်ပျက်နိုင်ခဲ့မှာမဟုတ်ပါဘူး။

ကိုယ်ပြုသောကံမဟုတ်ဘဲ အများသူငါပြုသောကံများက လွဲမှားစွာ ကျွန်တော့်အပေါ် ပုံကျနေတာ သဘာဝလိုဖြစ်နေခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ချိန်လည်းမရ၊ ရှင်းပြခွင့်လည်း အပေးမခံရလို့ ကျွန်တော့်ဘဝဟာ လူစင်စစ်ဖြစ်ပါလျက် ဘုန်းကြီးလူထွက်ဘဝ ခဏ ခဏ ရနေခဲ့တာပါ။

အာဝါကလည်း အခါနီး၊ ဝိဝါရင်လည်း အချာနီး၊ ပါးစပ်နားဝရောက်ခဲ့ပြီးမှ သွားတုကြီးကျွတ်ကျသွားတဲ့ ရွှေပွဲလာ အဘွားကြီးလို ပြန်ကောက်ရလည်းခက်၊ ဒီအတိုင်းထားတော့လည်းရှက်၊ ထထွက်ပြေးဖို့ကျတော့လည်း မြေမသန်။ ဒီအတိုင်းနေပြန်တော့လည်း ဆံထုံးနဲ့သွားဖုံး။ မျက်တောင်တုကလေးနဲ့ ဘယ်ဟာကများ အဆင်ပြေနိုင်မှာလဲ မြင့်စန်းရီ။ ဘယ်အရာကများ အဆင်ပြေနိုင်မှာလဲ။

ဒါပေမဲ့ မြင့်စန်းရီ ကျွန်တော့်စိတ်ကူးထဲမှာတော့ မြင့်စန်းရီဟာ ကျွန်တော်နဲ့ပဲ ပေါင်းရမယ်။

မြင့်စန်းရီဟာ ကျွန်တော့်အတွက် ဆုလာဘ်တစ်ခုပါ။ ဘယ်သူမှ ပေးအပ်ထားခြင်းမဟုတ်သော်ငြား ကိုယ်တိုင်ရယူထားတဲ့ ဆုလာဘ်ပါ။

မြင့်စန်းရီနဲ့ပေါင်းပြီး ကလေးသုံးယောက် မရမချင်း ကျွန်တော်ဟာ မသေနိုင်သေးတဲ့သူပါ မြင့်စန်းရီ။ ဘုန်းကြီးလည်း ရာသက်ပန် မဝတ်နိုင်သေးပါဘူး။

ယခုမှာလည်း. . .

××××







ဂျုံးဂျုံးဂျက်ဂျက် လယ်တောစပ်က မီးရထားမရပ်မနား ပြေးလွှားနေသည်။ ပြင်ပလယ်ကွင်းမြင်ကို ကြည့်ရင်း နွားနှစ်ကောင် မြင်လျှင်ပင် စိတ်ကူးယဉ်ချင်စရာဖြစ်နေ၏။ စိတ်ထဲ၌လည်း လှိုက်ခနဲ လှိုက်ခနဲ။

"ဩော်. . . မြင့်စန်းရီနှင့် သားဦးရပါက နွားပဲဖြစ်ရဖြစ်ရ ပါကွယ်"

တကယ်ပါ။ နွားမနေရာမှာ မြင့်စန်းရီမျက်လုံးသာ ပြောင်းတပ်လိုက် ကျွန်တော်ဟာ လူစင်စစ်က နွားဖြစ်ဖို့ ဝန်မလေးတဲ့သူပါ။

ဤမျှလောက် စွဲလမ်းရသူလေ။

အတွေးကောင်းနေစဉ်မှာပင် ရထားက တံတားတစ်ခုကို ဖြတ်၍ တဝုန်းဝုန်းနှင့် ဆူညံသွားသည်။ ထိုတော့မှ အသိစိတ်က ခုန နွားဆီကနေ လူဆီပြန်ကပ်၏။



www.burmeseclassic.com

www.burmeseclassic.com



''ရောက်တော့မယ်''ဆိုသော အသိစိတ်က ရင်ထဲမှာ လှိုက်ခနဲ။

အရှေ့တစ်ရွာလွန်လျှင် မြင့်စန်းရီတို့ရွာ ရောက်ပြီပဲ။

မြင့်စန်းရီမှာ စေ့စပ်ပွဲပျက်ပြီးကတည်းက ရှက်လွန်း၍ ရွာပြန်ခဲ့လေပြီ။ သူကပြေးသူ။ ကျွန်တော်ကလိုက်သူ။

ရထားကလည်း ပြေးနေဆဲ။ အရှိန်က လုံးဝမလျော့။ မသက်ာ၍ ဘေးနားငိုက်မြည်းနေသူတစ်ဦးကို လက်တို့နှိုးလိုက်သည်။

"အဘ. . . အဘ အရှေ့ရွာမှာ ရထားကမရပ်ဘူးလား"

လူကြီးမှာ အိပ်ချင်မူးတူးနှင့်ထ၍ ဘေးဘီဝေ့ကြည့်သည်။ ပြီးမှ. . .

"မရပ်ဘူး"

"ဟယ်"

တစ်လုံးထဲသော စကားကို မှတ်ကြားပြီး ပြန်လည်ငိုက်မြည်းနေပြန်သည်။ ကျွန်တော်ကသာ မနေနိုင်မထိုင်နိုင်ဖြင့်. . .

"ဒါဖြင့် ဘယ်မှာရပ်မှာလဲ"

"အဲဒီရွာကျော်ပြီး သုံးလေးငါးရွာကျော်ပြီး ဟိုဘက်မြို့ရောက်မှရပ်မှာ၊ အဲဒီကမှ ဂွန်ဒေါင်းဖြစ်ဖြစ်၊ ဆိုင်ကယ်ဖြစ်ဖြစ် စီးပြီး ပြန်လာရမှာ"

"ဟင်"

တင်းထားသောအားများ ပျော့ကျသွားမိ၏။ ရွာကိုမြင်နေရပြီးမှ ကျော်သွားရမဲ့အဖြစ်မျိုးတော့ ကျွန်တော် အဖြစ်မခံနိုင်။ ဖြစ်နိုင်လျှင် မြင့်စန်းရီနှင့် အမြန်ဆုံးတွေ့ချင်ပြီ။ ရှင်းပြချင်၊ တောင်းပန်ချင်ပြီလေ။ ထို့ကြောင့်. . .

"ဒါ. . . ဒါဆို အနီးဆုံးလမ်းက"





"ခုန်ချပေါ့"

"ဟင်"

တိုသည်။ ထိသည်။ အနီးဆုံးလမ်းကား တိုတိုလေးနှင့် ထိသည်။ ခုန်ချလိုက်ရုံသာ။

အချစ်၏စွမ်းအားသည် လွန်စွာထူးဆန်းလွန်းပါသည်။ ဘယ်ကဘယ်လို ပေါ်ထွက်လာမှန်းမသိသော တွန်းအားတစ်ခုက လူကို ရထားတံခါးနားရောက်စေခဲ့ပါသည်။

အချစ်၏စွမ်းအားသည် လွန်စွာထူးဆန်းလွန်းပါသည်။ ဘယ်ကဘယ်လို ပေါ်ထွက်လာမှန်းမသိသော တွန်းအားတစ်ခုက လူကို ရထားတံခါးနားရောက်စေခဲ့ပါသည်။

ပြင်ပလေတဟူးဟူးက မျက်နှာကို ရိုက်ခတ်သော်လည်း ကျောကိုစိမ့်စေသည်။ အောက်ကို ငုံ့ကြည့်လိုက်တော့ နိမ့်လိုက်မြင့်လိုက်နှင့် ခေါင်းမူးချင်စရာ။ မျက်လုံးကို ပြန်မှိတ်လိုက်သည်။

"ဟူး. . . ဟူး"

အသက်ကို ရှူလိုက်သလား၊ လေကိုပဲ မှုတ်ထုတ်မိသလား မသိ။ မျက်လုံးပြန်ဖွင့်ကြည့်သည်။ ဘုန်းကြီးလူထွက်ဆံပင်က လေထဲ ရှုပ်ယှက်ခတ်နေသည်။ စိတ်ထဲတွင်လည်း. . .

"ခုန်ချလို့ဖြစ်ပါ့မလား၊ ခုန်ချလို့ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်က ကြောက်ရွံ့မှုကို ကြိုးစိုးနေသည်။

မျက်လုံးကို ပြန်ဖွင့်မိ၏။

သစ်ပင်များက ရိပ်ခနဲရိပ်ခနဲ။ အောက်ငုံ့ကြည့်တော့ ရထား လမ်းခင်းထားသော ဂဝံကျောက်များက အသည်းယားစဖွယ်။

"အော့"

ကျောက်များကိုကြည့်ပြီး ခေါင်းပင်မူးတက်လာသည်၊

ခြေလှမ်းကို အနောက်သို့ အလိုလိုရွှေ့မိသည်။ သို့သော်. . .

"မြင့်စန်းရီ"

ထိုနာမည်လေး ခေါင်းထဲပြန်ရောက်သည်နှင့် မျက်လုံးက ဒိန်းခနဲ လင်းတက်သွား၏။ ကြောက်စိတ်က အလိုလိုပျောက်ကွယ် သွားသည်။ ခပ်ပြင်းပြင်း တိုက်ခတ်နေသော လေပြင်းက လေပြည် ညှင်းသဖွယ် အေးမြသွား၏။ အရှိန်ပြင်းနေသော ရထားက လိုအပ် သည်ထက် ပိုမိုနှေးကွေးသွားသယောင်။ အလိုလိုနေရင်း ခြေလှမ်းကို အရှေ့ပြန်ရွှေ့မိသည်။

"မဟာ. . . ကြည့်စမ်း မြင့်စန်းရီများ လက်ပြခေါ်နေ သလား"

ခပ်ဝေးဝေး လယ်ကွင်းထဲမှ မြင့်စန်းရီ၏ပုံရိပ်ကို မြင်လိုက် ရသလို။ လူလည်း ချက်ချင်းဝမ်းသာလုံးဆို့သွားသည်။ ထို့ကြောင့်. . .

"မြင့်စန်းရီ. . . ကျွန်တော်လာပြီ"

အော်သံနှင့်အတူ ခြေထောက်က လေထဲ။ လူက လိုက်ခနဲ ပြုံးပြုံးကြီး။ ကားယားကြီး။ ပြီးနောက်. . .

"ဂိန်"

ခွေးကျ။ ရှင်းပြရခက်မည်စိုး၍ ဟောင်ပြလိုက်သည် ခြေနှစ်ဖက်၊ လက်နှစ်ဖက် အပီအပြင်ကျသည့် ခွေးကျ။ ကျတာကမှ





ဂဝံကျောက်ပေါ်။

"အာဝု. . . ဝု. . . ဝု. . . အု"

ပါးစပ်က လူသံမထွက်ဘဲ ခွေးသံတွေသာ ထွက်နေ၏။

ဖုန်းခနဲ လိမ့်ထွက်ကာ လွယ်ထားသောအိတ်ပင် ပေါင်း ဆယ်ခန့် လွင့်ပျံသွားသည်။

"ဟင်. . . ရထားပေါ်ကလူ ပြုတ်ကျပြီတော့"

"ဟင်. . . ဘယ်ကလဲ၊ ဒီအော်သံနဲ့ဆို ခွေးသားလေးရေ နစ်တာဖြစ်မှာပါ"

"ဟဲ့. . . ရထားပေါ်က ခုန်ချသွားတာလား"

"အိုအေ. . . တော်ရုံအသိဉာဏ်ရှိရင် ခုန်ချပါ့မလား၊ ခွေးပဲ ဖြစ်မှာပါ"

"အလို. . . လူတစ်ပိုင်း ခွေးတစ်ပိုင်း၊ သမန်းခွေး သမန်း ခွေး"

အော်သံများစီညံနေသောရထား။ သူ့အလုပ် သူဆက်လုပ် သည်။

ကျွန်တော်ကသာ ဂဝံကျောက်ပုံဘေး ခွေခွေလေး။ မထနိုင် သေး။

ဘေးဘီဝေ့ကြည့်တော့ မြင့်စန်းရီတို့ရွာလည်းမဟုတ်။ တကျာဦးဆောင်ပြီး ရုးကြောင်မူးကြောင်နှင့် တစ်ရွာအလိုမှာ ခုန်ချမိ ခြင်းသာ။

လူတစ်ကိုယ်လုံး ဘာမှမဖြစ်ပေမယ့် လက်နှစ်ဘက်၊ ခြေ နှစ်ဘက်မှာ ဒဏ်ရာများနှင့် စုတ်ပြတ်နေသည်။

"ဝု. . . ဝု. . . အူ. . . အူး. . . အိုင်. . . အိုင်. . . အိုင်"

နာကျင်လွန်း၍ ပါးစပ်မှ မူလဘူတအခ အရင်ဘဝက



www.burmeseclassic.com

www.burmeseclassic.com



အသံသာထွက်နေ၏။ ကိုယ့်လက်ကို ကိုယ်ပြန်ကြည့်လိုက်။ လက်ကို ကုပ်ကုပ်လေး ကွေးကြည့်လိုက်နှင့် ကုပ်ကွေးနေရရှာသည်။

"အိုင်. . . အိုင်. . . အူး. . . ဝူ"

ကိုယ့်ဒဏ်ရာကိုယ်ကြည့်တာတောင် မျက်လုံးများက မှေးနေ၏။ လက်နှစ်ဘက်လုံးမှာ ဂဝံများဒဏ်ကြောင့် အရေပြားများလန်နေသည်။ လေးဘက်ထောက်ကြည့်သည်။ ယခင်ဘဝ၏ ကုသိုလ်ကံ ပါရမီကြောင့်ရ၏၊ ခေါင်းကို ဘေးဘယ်ညာလှည့်ကြည့်သည်။ အဆင်ပြေပုံ။ မတ်တပ်ရပ်ကြည့်သည်။

"ယာစ်"

ယခုဘဝအတွက် သီလ၊ သမာဓိ မကောင်း၍လားမသိ မတ်တပ်စမ်းရတာကိုက မလွယ်။

"ယားစ်"

လူမကောင်းသော်ငြား ဘုန်းကြီးလေးကြိမ်ဝတ်ခဲ့သော ပါရမီအခံကြောင့် မတ်တပ်ရပ်၍ ရသွားသည်။

"အမေရေ"

ပထမဆုံးလူလို ပြောတတ်သည်နှင့် ခလုတ်ထိထားသည်မို့ အမိကိုတ၏။ လမ်းအနည်းငယ် လျှောက်ကြည့်သည်။

"အား. . . ကျွတ်. . . ကျွတ်. . . ကျွတ်"

ခြေဖမိုးနှင့် အရေပြားများလန်နေသည်မို့ အနည်းငယ် နာသယောင်သာပြုသည်။ ထိုအတိုင်း ထော့နင်းထော့နင်းနှင့် လွင့်စင်သွားသောအိတ်ကို သွားကောက်ရသေး၏။ ပြီးမှ တစ်လှမ်းချင်း။

×××××







ရွာထဲလှမ်းဝင်လိုက်သည်နှင့် စုတ်ပြတ်သတ်နေသော သူ့ကို ရွာသားများ တအံ့တသြကြည့်ကြသည်။

"အား. . . ကျွတ်. . . ကျွတ်"

တချို့က ကွေ့ရှောင်၏။ တချို့က လိုက်ကြည့်သည်။ ကျွန်တော်လည်း ထော့နင်းထော့နင်း ရွာထဲလှမ်းဝင်ရင်း. . .

"အား. . . ကျွတ်. . . ကျွတ် ဒီ ဒီရွာမှာ ဆရာ ဆရာဝန်များ မရှိကြဘူးလား"

ကျွန်တော့်စကားကို အားလုံးကြောင်ကြည့်နေကြသည်။ မှန်ပေသည်။ ဤဒဏ်ရာများနှင့် ဒီတစ်ရွာကျော်၍ မြင့်စန်းရိတို့ရွာ ရောက်ရန် မလွယ်ကူလှ။

"ဟို. . . ဟိုလေ ဆေးကုတဲ့ဆရာဝန်များ မရှိကြဘူးလား"

နာလွန်း၍ အရိပ်ကောင်းသော သစ်ပင်အောက်သာ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ ဤသည်ကို နွားဆွဲလာသော လူကြီးတစ်ဦးက. . .

"ရှိတယ်၊ ရှိတယ်၊ ကျုပ်တောင် အခု ဆရာဝန်ဆီသွားပြမလို့၊ လိုက်ခဲ့၊ လိုက်ခဲ့"

ထိုလူကြီးစကားကြားတော့ နာကျင်နေသည့်ကြားက အားတက်သွားရ၏။ ဘာမှဆက်မပြောဘဲ အထုပ်ကလေးကိုဆွဲပြီး လူကြီးနှင့် နွားနောက် လိုက်သွားရလေသည်။

×××××







ရွာလမ်းကလေးက သစ်ပင်ရိပ်တို့ဖြင့် အေးပါသည်။ လက်နှင့်ခြေများမှာ ဒဏ်ရာသာမရပါက အင်မတန်မှကို စိတ်ကူးယဉ်ချင်စရာ ကောင်းသော နေရာလေးပင် ဖြစ်ပေလိမ့်မည်။

လူကြီးက ခြံဝင်းတစ်ခုထဲ ချိုးဝင်လိုက်သည်။

"ဟ. . . ဘကြီးဆန်းထူးပါလား၊ ဘာကိစ္စလဲ"

ခြံဝင်းတွင်းရှိ ခြေတံရှည်အိမ်မှ ကွမ်းပါးစပ်နှင့် အကျီဝလာကျင်းလူတစ်ယောက်က အော်မေးသည်။ ဒါကို ရှေ့ကလူကြီးက. . .

"အေးကွာ. . . ဒီနွားလက်နာနေလို့ နင့်လာပြတာဟေ့"

သူ့စကားကြောင့် ကျွန်တော် ကိုယ့်လက်ကိုယ် ပြန်ကြည့်မိသည်။ ဩော် လူစင်စစ်က နွားဖြစ်ရပြန်လေပြီ။

"နွားကလက်နာတယ်ဆိုတော့. . . ဟင်"

အိမ်ပေါ်က ဆင်းလာသူက အရှေ့ကနွားကိုကြည့်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



အနောက်က ကျွန်တော့်ကိုမြင်တော့ အံ့အားသင့်သွားသည်။ နောက် အရှေ့ကနွားကို လက်ညှိုးထိုးလိုက်၊ အနောက်ကနွား၊ အဲလေ ကျွန်တော့်ကို လက်ညှိုးထိုးလိုက်ဖြစ်သွားသည်။ ပြီးမှ ခေါင်းကုတ်ပြီး

"ဘ. . . ဘကြီးဆန်းထူးပြောတာ ဘယ်နွားလဲဟင်"

"နွားကတော့ နှစ်ကောင်လုံး၊ အဲ သူကလည်းလက်နာလို့တဲ့၊ လမ်းကြုံတာနဲ့ နင့်ဆီတစ်ပါတည်းခေါ်လာတာ"

"ဟင်. . . ကျွန်တော်က တိရစ္ဆာန်ကုဆရာဝန်လေ"

"ငါသိတော့သိသား၊ ဒါပေမဲ့ ဒီရွာမှာက နင်တစ်ယောက်ပဲ ဆရာဝန်ရှိတော့ သူ့ကိုလည်း တိရစ္ဆာန်လို သဘောထားပြီး ကုပေးလိုက်ပေါ့ကွယ်၊ သူ့ခမျာသနားပါတယ်၊ လက်ကအနာတွေနဲ့ဆိုတော့ သူတောင်းစားလေးကျနေတာ၊ သူ့ရုပ်သူ့ရည်နဲ့ တိရစ္ဆာန်ဖြစ်တာပဲ ကောင်းပါတယ်"

ဘကြီးဆန်းထူးပြောတော့မှ ကျွန်တော့်ဘဝမှာ နွားလိုအော်ပြရမလား၊ ခွေးလိုအူပြရမလား ဖြစ်နေမိသည်။ ဆရာဝန်က ကျွန်တော့်ကိုကြည့်ပြီး. . .

"အေးဗျာ. . . ခင်ဗျားရောဂါက ကျွန်တော်နဲ့တော့မဆိုင်ဘူး"

"အတတ်နိုင်ဆုံးတော့ ကုပေးပါဆရာ"

"ကုလို့ဖြစ်မလားဗျ၊ ကျုပ်က တိရစ္ဆာန်ကုဆရာဝန်ဗျ"

"ဟင်"

ဩော်. . . နာလို့ပြတာတောင် တိမ္ဘေးကုနဲ့လာတွေ့နေရတယ်လို့။ သို့သော် မတတ်နိုင်။ ဒါပဲရှိတော့တာကိုး။ ထို့ကြောင့် သက်ပြင်းချပြီး. . .

"တိရစ္ဆာန်ကုဆိုလည်း ခုန ဘကြီးပြောသလို ကျွန်တော့်ကို





အဲဒီလိုသာ သဘောထားပြီး ကုပေးလိုက်ပါဗျာ၊ နာလို့ပါ"

ကျွန်တော့်မျက်နှာငယ်လေး မြင်တော့ ဆရာဝန်ခမျာ သနားသွားသည်ထင်၏။ ထို့ကြောင့်. . .

"အေးလေ. . . အတတ်နိုင်ဆုံးတော့ ကုပေးလိုက်ပါ့မယ်၊ ဒါပေမယ့် ခက်တာက ကျွန်တော်က သင်းပဲသင်းကွပ်တတ်တာဗျ"

"ဟာ. . . ဆရာရယ်၊ ဒဏ်ရာကလက်မှာပါ၊ မတော်ရာကို မထိပါနဲ့၊ နော်. . . နော် တောင်းပန်ပါတယ်၊ ဒါလေးဦးဆောင်လို့ အသက်ရှင်နေတာပါဗျာ"

"ဘာပဲဖြစ်ဖြစ် အရင်သင်းလိုက်ရင် လူကဖီးလာမှာဗျနော့"

"မလုပ်ပါနဲ့ဆရာရယ်၊ ဒီစိတ်ကလေးနဲ့ပဲ အသက်ရှင်နေတာပါဆို"

ကျွန်တော်၏အကြောက်အကန် ငြင်းဆန်စကားကို ဆရာဝန်တိကုက ခေါင်းတညိတ်ညိတ်လုပ်ပြီး. . .

"ဒါပေမယ့် ကျွန်တော်က လူတွေကို ကုတဲ့နည်းမသိဘူးဗျ၊ အဲ တိရိစ္ဆာန်နည်းနဲ့ဆိုလည်း ခွာနာလျှာနာနဲ့ ကုရမှာလား၊ ပေါင်ပုတ်လက်ပုတ်နည်းနဲ့ဆို ကောင်းမလား"

ကျွန်တော်လည်း လက်ကိုပြန်ကြည့်ပြီး. . .

"ပေါင်ပုတ်လက်ပုတ်နည်းနဲ့သာ ဆော်လွှတ်လိုက်ပါ! ဆရာရယ်"

"ဒါဆို ဒန်းရွက်အုံရမယ်"

ဆိုကာ လုပ်ငန်းစတော့၏။ ဒန်းရွက်ကို ခူးသည်။ ပြီးနောက် ထမင်းရည်ပူထဲစိမ်သည်။ ဒန်းရွက်နွမ်းတော့မှ ဆုံထဲထည့်ထောင်းသည်။ ပြီးနောက် ဘာမှန်းမသိသောအရွက်များနှင့် အရည်များထဲစိမ်၏။ (သူပြောတော့ မြင်းသေးနှင့် ဩဇာရွက်ဟုဆိုပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဒဏ်ရာများပေါ် အုံပြီး ပတ်တီးကြပ်ထုပ်စည်းပေးပါသည်။ သိပ်မကြာခင် ကျွန်တော့်ရုပ်ထွက်လာပါသည်။

"တောက်. . . အနူအကိုင်းပဲ၊ ထို. . . ရှုံလိုက်တာ"

ခုနန္ဒွားဆွဲလာသော ဘကြီးဆန်းထူးမှ မှတ်ချက်ပေးပါသည်။ မှန်ပေသည်။ လက်တစ်ခုလုံး ပတ်တီးများနှင့်အပြင် အရည်များပါ စက်လက်ကျနေသလို ဖြစ်လက်စ အနာကြီးရောဂါသည်း၍ အရည်တောက်တောက်ယိုကျနေသလို။ အန်ထွက်မည်စိုး၍ ကိုယ့်ကိုယ်ပင် ပြန်ငုံ့မကြည့်ရဲ။ ကျန်သူဆို ပြောနေစရာပင်မလို။ ထို့ကြောင့် စကားလွှဲသည့်အနေနှင့်. . .

"ဒါနဲ့နေပါဦး. . . ဟိုဘက်ရွာက ဆိုင်းသံကြားသလားပဲ"

ကျွန်တော်၏အမေးကို ကျွန်တော့်ကိုကုသော တိရစ္ဆာန်ဆေးကုဆရာက. . .

"ဟိုဘက်ရွာမှာ ဘုရားပွဲရှိတယ်လေ၊ စည်လိုက်တာပြောမနေနဲ့"

သူ့စကားကို ဘကြီးဆန်းထူးကပါ. . .

"အေးကွ. . . ကထိန်တွေလှည့်၊ လက်ဖွေ့ပွဲတွေကျင်းပနဲ့ ဩော် ဒါနဲ့ ဒီနှစ်မှာ တို့ရွာခံ ကျွဲမောင်းကို မြို့ကတစ်ယောက်က လာထိုးမတဲ့ ဆရာရဲ့"

"ဟာ. . . ဟုတ်လား၊ ဒါဆိုကြည့်ကောင်းပြီဗျာ၊ ကျွဲမောင်းက အပြင်သာထွက်မထိုးတာ ဒီရွာလာလို့ကတော့ လာသမျှလူခံထိုးတာ စုတ်ပြတ်သတ်သွားတာချည်းပဲနော်"

"အဲဒါပြောတာပေါ့ ဆရာရဲ့၊ အခုလာတဲ့ မြို့ကလက်ဖွေ့သမားကလည်း နံပါတ်တစ်တမ်း ထိုးနေတာတဲ့၊ ဒီရွာမှာ ကျွဲမောင်းကောင်းလွန်းတယ်ဆိုလို့ ဖြိုဖို့လာတာတဲ့ဗျ၊ ကျုပ်တောင် နွားလေး





ဆရာ့ပြမြီးရင် ပြေးကြည့်မလို့"

သူတို့စကားများ ကိုယ်က နားမလည်၍ ဘာသိဘာသာနေလိုက်သည်။ ပြီးမှ. . .

"ခွင့်ပြုပါဦးဆရာရယ်၊ ကျွန်တော် ဟိုဘက်ရွာကို ခရီးဆက်ရဦးမှာမို့ပါ"

"ဩော်. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့၊ ကြုံတုန်းကြုံခိုက်မှာ ဘုရားပွဲဝင်တော့ ဝင်လည်သွားဦးဗျနော့"

ခေါင်းသာညိတ်ပြလိုက်သည်။ စိတ်က ချစ်သူဆီမှာမို့ ဘုရားပွဲလည်းရောက်မည်မထင်။

××××



www.burmeseclassic.com

www.burmeseclassic.com





ဆိုင်းသံဗုံသံ ဆူဆူညံညံကြားသည်နှင့် နဂိုပျော်တတ်သည့် ကျွန်တော် ခြေဦးက အလိုလိုလှည့်မိသည်။

"ဟိုင်းဟား. . . ကျားဆိုမှကျား. . . ဒူးပျံ့နဖူးမှန်ရင် ဟက်တက်ကွဲသွားမနော်၊ ဟိုင်းဟား"

ဗိန်းဗောင်းတိုက်သံ၊ ညာသံများက လူကိုဆွဲဆောင်နေပါသည်။

"နယ်ခံလက်ဝှေ့ကျော် ကျွဲမောင်းပါခင်ဗျား၊ လကလေးကို လက်ဆွဲ စင်ပေါ်တက်ရဲတဲ့မောင်ပါ၊ ဟိုင်းယား"

စင်ပေါ်တွင် မဲမဲသဲသဲ ဗလကောင်းကောင်းတစ်ယောက် လက်ဝှေ့ရေးပြနေ၏။ ခုန ဘကြီးဆန်းထူးတို့ပြောသော လက်ဝှေ့ကျော်ကျွဲမောင်းပင်။

"ကဲ. . . ရန်ကုန်က လက်ဝှေ့ကျော်"





ခေါ်သံသာကြားသည်။ တက်လာသူကိုမမြင်။

"ဩော်. . . အရေးထဲ လက်က ယင်ကောင်လာနားနေသေး"

ပေပွနေသောလက်ကို ယင်ကောင်လာနား၍ လက်ကိုဝှေ့ယမ်းပြီး ယင်မောင်းနေရသေး၏။

"ရန်ကုန်က လက်ဝှေ့ကျော်"

"ဩော်. . . ဒီယင်ကောင်ကလည်း"

အနံ့ဆိုး၍ဖြစ်မည်။ ယင်ကောင်က လက်ကို သွက်သွက်ဝှေ့ယမ်းသော်လည်းမရ။ ထို့ကြောင့် မြန်သထက်မြန်အောင် လှုပ်ရှားလိုက်ရသည်။

"ဟာ. . . ဟော့လူ ဟိုမှာခေါ်နေပြီလေ၊ ဘာလို့ စင်ပေါ်မတက်သေးဘာလဲ၊ လာ လာ"

အနားသို့ လူနှစ်ယောက်သုံးယောက် ပြေးလာပြီး လာဆွဲ၍ ကျွန်တော်လည်း ကြောင်သွားရသည်။ လက်မှာကလည်း ပတ်တီးတွေနဲ့မို့ လက်ဝှေ့သမားဟု ထင်နေပုံရသည်။

"မဟုတ်ဘူး. . . ယင်. . . ယင်"

"ဩော်. . . မော်တော်ယာဉ်နောက်ကျလို့လား၊ ကဲပါဗျာ လာပါ၊ ဟိုမှာ ကျွဲမောင်းက ခင်ဗျားကို သမဖို့စောင့်နေပြီ"

"မ. . . မဟုတ်. . . မဟုတ်"

"နာမည်ကကိုမဟုတ်. . . ဟုတ်လား၊ ကျွန်တော် ကြေငြာခိုင်းလိုက်ပါ့မယ်"

"ဟ. . . လုပ်. . . လုပ်ကြပါဦး၊ လုပ်ကြပါဦး"

"လာစမ်းပါဗျာ. . . ခင်ဗျား ရန်ကုန်ကလာတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . ဟုတ် ရန်ကုန်ကပါ"

"ဒါဆို သေချာပြီ၊ ခင်ဗျားမျက်နှာကြီး စုတ်ပြတ်သတ်နေမှာ မြင်ယောင်သေး၊ ဟီဟီ၊ ဟောကောင်တွေ အကျီဝိုင်းချွတ်ပေး"

ဟုဆိုကာ အတင်းဆွဲခေါ်သွားတော့ ကျွန်တော့်မှာ ရုန်းကန်ခြင်းငှာမစွမ်းသာ၍ ကန့်လန့်ကန့်လန့်နှင့် ပါသွားရလေသည်။ အနားရောက်တော့ ခါးတောင်းကျိုက်၍ စင်ပေါ်ပစ်တင်ပေးလိုက်ကြသည်။ ကြည့်ရတာ ကျွန်တော့်လက်မှ ပတ်တီးများကို လက်ဝှေ့ထိုးဖို့ စည်းထားသည်ဟုထင်နေပုံ။ အကျီကလည်း ဘယ်သူချွတ်ပေးလိုက်သည်မသိ နံရိုးအပြိုင်းပြိုင်းက ဝါးပတ္တလား စီလွယ်ထားသည့်အတိုင်း။

"လာပါပြီဗျာ. . . ရန်ကုန်က လက်ဝှေ့ကျော်ဖြစ်၊ ဟင် ငပိန်ကြီး၊ အဲ. . . ဒါပေမယ့် လက်ခုပ်တီး၍ ဩဘာပေးကြပါ"

တစ်ကွင်းလုံး လက်ခုပ်သံ စီညံသွားသည်။

စင်ပေါ်ထိ လိုက်ပါလာသော ယင်ကောင်များကြောင့် အလိုလိုနေရင်း လက်ကိုဝှေ့ယမ်းနေရသည်။ မသိလျှင်တော့ လက်ဝှေ့ထိုးရန် ဟန်ရေးပြနေသလို ယောင်ရမ်းပြီး လက်မောင်းမှာလာနားသော ယင်ကောင်ကို နှစ်ချက်သုံးချက် ဆင့်ရိုက်မိသည်။

"ဖတ် ဖတ် ဖတ်"

လက်ခမောင်းခတ်သည်ထင်ပြီး ပရိသတ်သဘောကျသွားသည်။ သို့သော် လူကတော့ ကြောက်သေးတချို့ပင် ထိုးကွင်းသဖွယ် စီးကျနေပြီ။

"အဆင်သင့်ဖြစ်ရင် ဒိုင်လွှတ်မယ်"

ဆင်းပြေးမယ်ကြံတုန်းမှာပင် ဒိုင်လူကြီးက လာဆွဲသည်။

နှစ်ယောက်လုံး မျက်နှာချင်းဆိုင်ရပ်လိုက်မှ ဆင်နှင့်ပုရွက်





ဆိတ်လောက် ကွာနေမှန်းသိသာလှသည်။ လက်ဝှေ့ကျော် ကျွဲမောင်းက ကျွန်တော့် မေးကားမျက်နှာကြီးကြည့်၍ အားရနေပြီးမှ ပေါင်နှင့်ခြေသလုံး အမွှာညီအစ်ကိုသဖွယ် ဖြစ်နေသော ပေါင်သလုံးကြီးမြင်မှ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

"ဟာ. . . စင်ပေါ်မှာ ကျွဲမောင်းကို အံ့အားသင့်စေတာ ဒီတစ်ခါပဲမြင်ဖူးပါသေးတယ်ခင်ဗျား၊ ဒါကိုက အံ့အားသင့်စရာပါ၊ ဆရာရေ အဆင်သင့်ဖြစ်ရင်လွှတ်မယ်"

"ခွမ်း. . . ခွမ်း. . . ခွမ်း"

ဘယ်အချိန် ဒိုင်လွှတ်လိုက်သည်ပင်မသိ၊ ကျွဲမောင်းက ဘယ်လိုလုပ်လိုက်သည်မသိ စင်ပေါ် ပက်လက်ကြီး မြှုတ်ကျသွားတော့၏။ ကြမ်းပြင်နှင့်နောက်စေ့ထိသံ ဒုန်းခနဲ။ နောက်. . .

××××

www.burmeseclassic.com



မျက်နှာကိုစင်သော ရေစက်ကြောင့် လန့်နိုးလာရ၏။ လူက မထနိုင်သေး။

"တောက်. . . ရန်ကုန်ကလက်ဝှေ့ကျော်တဲ့ကွာ မျက်နှာကြီး က ထိုးမလွဲကြီး"

"အေးလေ. . . ဒီလိုမျက်ပေတုံးနဲ့ ထိုးမလွဲမျက်နှာမျိုး၊ ကျွဲမောင်းမပြောနဲ့ ငါတောင်ချထည့်ချင်တာ"

"ဟေ့ကောင် ခုနက ကျွဲမောင်း သူ့မျက်နှာကြီးချထည့်လိုက်တာ ငါ့မယ် ဆိုင်းဝိုင်းကပတ်ချမ်းချမ်း(ရကွင်း (ခ) လင်းကွင်း)ကြီး ဆိုင်းဆရာယောင်တီးလိုက်တယ်မှတ်တာ၊ တောက် အားရလိုက်တာ ကွာ နှစ်ချက်သုံးချက် ဆင့်မြည်မှ ဒီကောင့်မျက်ခွက်ကြီးကမှန်း သိတာ"

မျက်နှာလာစင်သော ရေစက်နှင့် အသံများကြောင့်





ယောင်ပြီးလန့်နိုးလာသည်။

"ကျွန်. . . ကျွန်တော် ဘယ်ရောက်နေပြီလဲဟင်"

ကျွန်တော်၏အမေးကြောင့် ခုနက ကျွန်တော့်စကားပြော နေသူများက. . .

"ဟော. . . ဟော သတိရလာပြီ၊ သတိရလာပြီ၊ ဟေ့ ဟေ့ ပခုံးနှိပ်ပါဟ"

"အား. . . ကျွတ်. . . ကျွတ် ကျွန်. . . ကျွန်တော် ဘယ်ရောက်နေတာလဲဟင်"

"ဘယ်မှမရောက်ဘူး၊ ဘယ်မှမရောက်ဘူး၊ စင်ပေါ်မှာပဲရှိ သေးတယ်"

အနီးနားဝေ့ကြည့်လိုက်တော့ ဟုတ်သည်။ စင်ပေါ်မှာပင်။

"ဟင်. . . ခုန. . . ခုန ကျွန်တော်ရှုံးပြီမဟုတ်လား"

"ဘာ. . . ဘယ်ကလာရှုံးရမှာလဲ။ ခင်ဗျားမျက်နှာကြီး တခွမ်းခွမ်းနဲ့ အထိုးခံရပြီး မေ့လဲသွားလို့ ခြောက်မိနစ်အနားတောင်း သေးတာ ခင်ဗျားသတိရလာရင် ပြန်ထိုးရမှာ"

"ဗျာ"

လူက မျက်လုံးပင်ပြန်လည်သွား၏။ ကြောက်စိတ်ကား ဘယ်ကနေဘယ်လိုပေါ်ပြီး ငယ်ထိပ်ဆောင့်တက်လာသည်မသိ ရေဆိုပြီး ဝပ်နေသောဆံပင်များပင် အချောင်းလိုက်ပြန်တောင့်တက် လာ၏။

"ကဲ. . . ကဲ သတိရလာပြီဆို၊ ပြန်အထိုးခံမယ်၊ အဲလေ မျက်နှာကြီးနဲ့ ပြန်ထိုးမယ်၊ ကဲ ဝိုင်းလယ်မှာတည်"

ဆိုကာ မတ်တတ်ဆွဲထူပြီး ဝိုင်းလယ်ကို တွန်းလွှတ်လိုက်ပြန် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကုပ်ချိကုပ်ချိနှင့် ဝိုင်းလယ်မှာပြန်ရပ်နေတာ တွေ့တော့ ကျဲမောင်း အံ့ဩအားသင့်သွားသည်။ ပရိသတ်၏ လက်ခုပ်သံများလည်း စီညံသွားသည်။

"ဒါမှ မြို့ကြီးသားကွ"

"တောက်. . . အသည်းကတော့ ဘယ်လိုနေတယ်မသိဘူး၊ မျက်ခွက်ကတော့ အလွန်မာတဲ့ကောင်ပဲ၊ ကြည့်စမ်း အခွက်ကြီးတစ်ခုလုံး ပိန်ချိုင့်နေတော့မယ်၊ ကုန်းထလာတုန်း"

ဟူသော သြဘာသံများလည်း ပေါ်ထွက်လာ၏။ လူများ၏ အာရုံမှာ စင်ပေါ်ပြန်ရောက်ကုန်သည်။ ကျဲမောင်းပင် ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ပြီး. . .

"ကျုပ်တွေ့ဖူးသမျှ လက်ဝှေ့သမားတွေထဲမှာတော့ ခင်ဗျား ခံနိုင်ရည်အရှိဆုံးပဲဗျာ၊ ဒီလောက်တောင်မျက်ခွက်ကြီးကို တခွမ်းခွမ်း ထိုးခဲ့တာတောင် ပြန်ထလာနိုင်သေးတယ်လို့"

ကျွန်တော်လည်း သူ့မျက်နှာကို မချင့်မရဲကြည့်ပြီး. . .

"အခုလို ချီးကျူးတဲ့အတွက် ကျေးဇူးဥပကာယအထူးတင်ရှိပါတယ်၊ ဒါပေမယ့် ထိုးမယ်ဆို မျက်နှာကိုသာဆက်ထိုးပါဗျာ"

"ဘာလို့လဲ"

ကျဲမောင်းက မျက်မှောင်ကျုံ့ရင်းမေးသည်။ ဒါကို ကျွန်တော်က ငိုချင်ရပ်ကိုဟန်လုပ်၍. . .

"လက်မှာက အနာတွေပြည့်နေလို့ပါဗျာ၊ အဟင့် ဒါကြောင့် ဒဏ်ရာသိပ်မများသေးတဲ့ မျက်ခွက်ကိုသာတွယ်ပါ"

ကျွန်တော့်စကားကို ကျဲမောင်းက သက်ပြင်းကိုချ လက်သီးကိုပြင်ပြီး. . .





"စိတ်ချပါဗျာ၊ ခင်ဗျားမျက်နှာကြီး စုတ်ပြတ်သတ်သွားရုံမက လူမြင်ရင် ဒဿဂီရိထင်ရလောက်အောင် သမပေးမယ်လို့ ရဲရဲကြီး အာမခံပါတယ်"

သူ့စကားကြားတော့ ဝမ်းသာရမှာလား၊ ငိုပဲငိုပြရမှာလား မသိနိုင်တော့။ နာနေသောလက်ကလေး နောက်ပစ်ပြီး မျက်နှာလေးသာ ပင့်ထားပေးလိုက်ရသည်။

"ဒါမှ မြန်မာ့သတ္တိ၊ ခံရတာတောင် မျက်နှာကမျိုယားတုန်း၊ တွေ့လား ဒီတစ်ခါ ဘယ်လိုအတွယ်ခံဦးမယ်ဆိုတာ ကြည့်ကြသေးတာပေါ့"

သြော်. . . ကိုယ့်မှာ ဒါလေးရှိလို့ ဒါလေးပင့်ထားတာ အောက်က လော်စပီကာနှင့် မြှောက်ပေးတုန်း။ အပေးတွေ သူတို့မခံရတိုင်း ဟိုင်းယား ဟိုင်းယားနှင့် မြှောက်ပေးတတ်ကြသည်။

"လာပါသူငယ်ချင်း. . . ဝိုင်းလယ်မှာတည်မယ်၊ ဟိုင်းယား အသံကောင်းလို့ ပွဲတောင်းတဲ့မောင်ပါနော်၊ ဟိုင်းယား ဟိုင်းယား"

ဝိုင်းလယ်မှာ တကယ်တည်သည်။ သို့သော် ကြွေးရှင်နှင့် ကြွေးပူသည်လို မျက်နှာအကြီးအငယ်က ကွာလှ၏။

"အဆင်သင့်ဖြစ်ရင်"

"ခွမ်း"

"ကိန်"

"ခွမ်း. . . ခွမ်း"

"အိုင်. . . အိုင်"

"ဖုန်း"

"အာပု"

"ဒုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ကိန်"

ကြမ်းပြင်ပေါ် မှောက်လျက်လဲလား၊ ပက်လက်လဲသလား တော့မသိ။ ခေါင်းနှင့်ကျသွားမှန်းတော့သိသည်။ ပြီးနောက် ယောင်ယောင်ကန်းကန်းနှင့် စင်ပေါ် လေးဘက်ထောက်သွားနေမိ သည်။ မျက်လုံးကတော့ ဘာကိုမှမမြင်တော့။

"တစ်. . . နှစ်. . . သုံး. . . လေး. . . ငါး. . . ခြောက်"

အမှတ်စဉ် ရေတွက်နေသံသာကြားသည်။ ဘာမှမမြင် တော့။ လူက စင်ပေါ် လေးဖက်ကြီးလည်နေတုန်း။

"ဂိန်"

စင်ပေါ်မှ စင်အောက်သို့ ခွေးကျထပ်ကျသည်။ ကျတာမှ ခွေးကျစစ်စစ်။ ဘယ်လိုကျကျ အောက်ပိုင်းထက် အပေါ်ပိုင်းကြီးနေ၍လားမသိ ခေါင်းနှင့်သာကျသည်။

"ခွန်. . . ရှစ်. . . ကိုး. . . တစ်ဆယ်ပါခင်ဗျား"

အမှတ်စဉ်ရေတွက်လို့ ပြီးသွားသည်။ လူက စင်အောက် ထိုင်ခုံများကြား လေးဖက်သွားနေတုန်း။ လူစင်စစ်က ဘာဖြစ်သွား သည်တော့မသိ။ လေးဖက်ကြီးလည်တယ်နှင့် ပြန်တည့်လို့မရသေး။

"ဟ. . . ဟ ဝိုင်းဖမ်းကြပါဦးဟ၊ ဟိုကောင် ဘာဖြစ်သွားလဲ မသိဘူး"

အားလုံးဝိုင်းဖမ်းမှ ဒိုင်တစ်ယောက်၏ လုံချည်အောက်မှ ခေါင်းကိုပြန်မိသည်။

"ဟ. . . ဘာကြီးလဲဟ၊ ကြောက်စရာကြီး"

"ဘာရမလဲကွ. . . လုံချည်အောက်ကမြင်ရတာဆိုတော့ ဟာ အဖြေရခက်လိုက်တာကွာ၊ အဲ ဟိုကောင့်ခေါင်းကွ. . . ဟိုကောင့် ခေါင်း"





"ဟင်. . . ဟိုကောင့်ခေါင်းက ဘာလို့နှစ်ခုပို၊ ဟင်. . . ခြော် ဒီလိုလား၊ ဒီလိုတော့အရှင်းသား ဟီဟိ"

အရေးထဲ သဘောကျသူနှင့် လာတွေ့နေသေးသည်။ ဒိုင်လူကြီး လုံချည်ကြားက မနည်းတိုးထွက်ယူရသည်။

"အာ. . . ကြည့်စမ်းပါဦး ဒီကောင့်မျက်နှာကြီး တကယ့်ကို စုတ်ပြတ်သတ်သွားတာ၊ ထွီ ရွံစရာကြီး"

"အေးလေ. . . မျက်နှာကြီးက ဘီလူးလိုပဲ၊ တောက် ဒိုင်လုပ် လာတဲ့ သက်တမ်းတစ်လျှောက် ဒီလောက်အဖြစ်ဆိုးတာ တစ်ခါမှ မကြုံဖူးသေးဘူး၊ သေတာတောင် ဒီလောက်ကံဆိုးမယ်မထင်ဘူး"

"အေး. . . ဟောကောင်တွေ ငါတို့မကြည့်ရဲဘူး၊ သွား ပစ်ထုတ်လိုက်ကြ၊ သွား. . . သွား"

"အမြန်လုပ်ပါဟ. . . ရွံလွန်းလို့ပါ"

ဝါရင့်ဒိုင်များကိုယ်တိုင်ကိုက လန့်ယူရသည့်အနေအထား ဖြစ်နေလေပြီ။

"ကဲ. . . ကဲ ဒါဆိုလည်း ဟိုကောင်တွေခြေထောက်ကမ၊ ငါတို့က ခေါင်း၊ ဟင် ခေါင်းတစ်ခုလုံး ဒဏ်ရာချည်းပဲဆိုတော့"

"ဟာ. . . နားရွက်ကသာမသွားစမ်းပါ"

ပြောသည့်အတိုင်း တကယ်လုပ်သည့်ရှာပင်။ နှစ်ယောက်က ခြေမကဆွဲ၍ နှစ်ယောက်က နားရွက်ကဆွဲသည်။ ပြီးနောက် လူကြား ထဲမှ တိုးဝှေ့ပြီး ခပ်ဝေးဝေးလူရှင်းရာတွင် သွားပစ်ထုတ်သည်။

"ကိန်"

သည်တစ်ခါက ကျွန်တော်အော်သည်မဟုတ်။ တကယ့်ကို ခွေးပေါ်ပြုတ်ကျ၍ ခွေးလန့်အော်ခြင်းဖြစ်သည်။ နောက်ဘယ်က ဘယ်လို သိမ်းထားမှန်းမသိသော ကျွန်တော့်အထုပ်က ဘုမ်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ကျလာသည်။

"ဟဲ့. . . ပလုတ်တုတ်"

ဘေးနားက လူတစ်ယောက်က လန့်အော်သည်။

"ဟ. . . ဟ ဘာကြီးလဲဟ"

ဟိုလူက သူ့ရှေ့ချထားသော ခွက်ကလေး နေရာရွှေ့သည်။ ပြီးနောက် ကျွန်တော့်ကို အသေအချာကြည့်ပြီး သတိရသွားဟန်နှင့်. . .

"ဟင်. . . နေ့ကောင်း. . . နှင်း နှာနေရာ. . . နုတာနားကွ"

ဘုရားပွဲဈေး၌ ရရာတောင်းပြီး အလုပ်ဖြစ်နေသူထင်၏။ သူ့မှာလည်း ပတ်တီးကြီးများနှင့်. . .

"အာ. . . ဘာလို့နု. . . အဲလုရမှာလဲဗျ၊ ဒီမှာ ကိုယ့်ဘာသာကိုယ် မဟန်နိုင်လို့လာလဲတာ"

"နေ့ကောင်း. . . သူတောင်းစားချင်း ခြေညင်တယ်နော၊ မင်း ဒီမှာလာနဲကနည်းက ဘယ်အပေါက်ညိုးမယ်ဆိုတာသိတယ်"

"အာဂျာ. . . အဲလေဟာဗျာ ခင်ဗျားကလည်းတစ်မှောင့်

"နေ့ကောင်း. . .
ဒူတောင်းစားချင်း
ခွက်ဇောင်းမခုတ်နဲ့
နုနကလူတွေ
ငါ့ရှေ့ပစ်ချသွားတာကွ၊
နှာပစ္စည်း"





ကျုပ်က သူတောင်းစားမဟုတ်ဘူးဗျ"

"မင်းရုပ်မင်းရည်နဲ့ သူတောင်းစားမဟုတ်ဘူး၊ ထို့ ရွံ့စရာကောင်းလိုက်တာ၊ ငါ့များနာလိမ်နေသေး၊ ရုပ်ကလပ်က စုတ်ပြတ်နေတာ၊ အနူကဟောင် ပြန်ရွံ့ရသေး၊ နေ့ကောင် နာ့လက်ကိုတုတ်ချည်ပေးစမ်း"

"ဘာလုပ်ဖို့လဲဗျ"

"မင်းကိုရိုက်မလို့နေကွာ. . . မင်းကိုရိုက်မလို့"

"အောင်မာ. . . ကိုယ့်ကိုရိုက်မလို့ကိုများ သူ့လက်တုတ်ချည်ပေးရဦးမယ်၊ တော်ပြီဗျာ သွားတော့မယ်၊ အား ကျွတ် ကျွတ်"

လူက ယိုင်နဲ့နဲ့နှင့် ထရ သည်။

"အား. . . ကျွတ်. . . ကျွတ်"

"နေ့ကောင် နေဦး၊ ဒီအထုပ်က နာ့လှူသွားတာကွ၊ ပေးကြမ်း"

အရေးထဲ ကျွန်တော့်ဆီက ပါလာသည့်အထုပ်ကို သူ့ခြေမနှင့် ကလော်ထား၏။

"အာ. . . ဘယ့်နှယ်ခင် ဗျားကိုလှူရမှာလဲ၊ ကျုပ်အထုပ်ဗျ၊ ကျုပ်နဲ့ပါလာတာ"

"နေ့ကောင်. . . ဒူတောင်းစားချင်းခွက်ဇောင်းမခုတ်နဲ့၊ နုနကလူတွေ ငါ့ရှေ့ပစ်ချသွားတာကွ၊ နှာပစ္စည်း"

"အာ. . ဘယ့်နှယ် ခင်ဗျား ရှေ့ပစ်ချရမှာလဲ၊ ကျုပ်ရင်ဘတ်ပေါ် ကျလာတာ မတွေ့ဘူးလား"

"မင်းက နာ့ရှေ့လာအိပ် နေတာကိုးကွ၊ မင်းရင်ဘတ်ပေါ် ကျမှာပေါ့၊ သူတောင်းစားကျက် သရေတုန်းလိုက်ဘာ၊ အကျိုလေး ဘာလေးတောင်မရှိဘူး"

ကြည့်လိုက်တော့ ဟုတ်ပါသည်။ သူ····ဘောင် အကျီနှင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကြိုးဝိုင်းပေါ်မှ ဆင်းလာသူမို့ အကျိုးဝလာကျင်း။ သူတောင်းစားကြီးက အိတ်ကြီးကိုမြေသလုံးနှင့် ညှပ်ပြီး အတင်းဆွဲသည်။ ကျွန်တော်ကလည်း ကိုယ့်အိတ် သူ့ဆီပါသွားမှာစိုး၍ လက်နာနေရသည့်ကြားမှ အားစိုက်၍ပင်. . .

"မပေးဘူး. . . ဘာလို့ပေးရမှာလဲ၊ ကျုပ်အိတ်ကျုပ်ပြန်ယူရမှာ၊ လွှတ်စမ်း"

"ဘာလို့လွှတ်မှာလဲ၊ မင်းလွှတ်ရမှာ"

"လွှတ်ဘူး. . . လွှတ်ဘူး"

"ကျုပ်လည်းလွှတ်ဘူး၊ ခင်ဗျားလွှတ်"

အိတ်တစ်လုံးကို သူတောင်းစားက မြေချိတ်၊ ကျွန်တော်က သက်ချိတ်ပြီး အပြိုင်ဆွဲနေရသည်။ ကြာတော့ ဒေါသထွက်လာပြီး ဆောင့်ဆွဲကာ. . .

"အာ. . . လွှတ်လေဗျာ၊ ဒါ ကျုပ်အိတ်ဗျ"

"မလွှတ်ဘူး၊ ငါ့အိတ်၊ ဟောဒီမှာကယ်ကြပါဦးဗျို့၊ ကျုပ်ကိုလုတာကို ဒီကောင်လာလုနေတယ်"

"ဟင်"

သူတောင်းစားကြီးဆီက ကျယ်လောင်သောအော်သံကြားတော့ ခေါင်းနားပန်းပါကြီးသွားရသည်။

"အရပ်ကူပါ လူဝိုင်းပါဦးဗျို့၊ ဒီမှာ ကျုပ်စီးပွားအိုးကို တုတ်ထိုးနေလို့ပါခင်ဗျ၊ ဟီး ဟီး"

အမှုအရာကောင်းလိုက်သည့်ဖြစ်ခြင်း။ မျက်ရည်က ပတစ်ခနဲ အတောင့်လိုက်ထွက်လာ၏။ အကယ်ဒမီပေးလျှင် သူရပြီ။

"ကယ်ပါ. . . ကယ်ပါ၊ ကယ်ပါဆီက အထုပ်လုနေလို့ အို့အို့ ဟီး"

သူ့အော်သံကြောင့် လူများဝိုင်းလာကြလေသည်။





"ဟေ့. . . ဟေ့ ဘာဖြစ်ကြတာလဲကွ"

"ဒီ. . . ဒီလိုပါ"

ကျွန်တော့်အဖြေမဆုံးမီမှာပင် သူတောင်းစားကြီးက သူ့တို နေသော လက်ကိုထိုးရင်း. . .

"ကျုပ်လက်ကို တုတ်ချည်ပေးစမ်းပါဗျ၊ တုတ်ချည်ပေးစမ်းပါ၊ ဟီး. . . ဟီး"

"ဘာ. . . ဘာဖြစ်လို့လဲ"

"ဟောဒီနူ. . . ဟောဒီနူ ကျုပ်စုထားတဲ့အထုပ်ကို နူ နို့၊ ဟီး. . . ဟီး ကျုပ်လက်ကို တုတ်ချည်ပေးစမ်းပါဗျာ၊ ဒီကောင့်ကို ရိုက်ချင်နို့"

"ဟင်. . . သူတောင်းစားဆီကတောင် ပြန်လုတဲ့ကောင်၊ ဒီလိုကောင်မျိုးကို မထားသင့်ဘူး"

"အေး. . . ဟုတ်တယ်၊ ရုပ်ကိုကကြည့်ပါလား၊ စုတ်ပြတ်သတ်နေတာ"

"ချကွာ. . . ဒီလိုကောင်မျိုးကို အုံးမပစ်၊ ဟိုလူ့လက်တုတ်ချည်ပေးလိုက်ကြစမ်း"

ရှင်းပြချိန် တစ်ချက်ကလေးပင်မရလိုက်။ လူတွေအားလုံး စုပြုံကျလာ၏။

ထို့နောက် သူတောင်းစားလက်ကို ဘယ်သူချည်ပေးလိုက်မှန်းမသိသော တုတ်ကြီးကို အနီးကပ်မြင်လိုက်ရသည်။

"ကယ်တော်မူကြပါဗျို့"

××××



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပွဲဖြစ်မြောက်ရေးကော်မတီ လူကြီးများက ကျွန်တော်တို့နှစ်ယောက်ကို အသေအချာကြည့်သည်။ သူတို့စိတ်ထဲ ဝေခွဲရခက်နေပုံ။ အတန်ကြာမှ တစ်ယောက်က သက်ပြင်းချပြီး. . .

"ဘယ်သူ သူတောင်းစားလဲ"

ကျွန်တော်မဖြေမီ ဟိုလူကြီး၏လက်တိုဟိုက ကျွန်တော့် ဖက် လှည့်လာ၏။ လူကြီးများအားလုံး၏ မျက်လုံးက ကျွန်တော့် အပေါ် စုပြုံကျလာ၏။ ဟိုလူကြီး သရုပ်ဆောင်ကောင်းပြန်ပြီ။

ထိုတော့မှ ကျွန်တော်လည်း လန့်သွားပြီး. . .

"ဟာ. . . ကျွန်. . . ကျွန်တော်ရှင်း"

စကားပင်မစရသေး လူကြီးက လက်ကာပြသည်။ ပြီးမှ

"မတောင်းစားရဘူးဆိုတာ မသိဘူးလား"

ခေါင်းခါပြရမလား၊ ခေါင်းညိတ်ပြရမလားမသိ။ ဟိုလူကြီး ကတော့ လက်တိုတိုကြီးကို မတ်မတ်ပိုက်ထား၏။ တကယ့်ပွဲထဲက သူကြွယ်အတိုင်း။ သူ့သမီးနှင့် ပေးစားရန် မတူမတန်ကြည့်နှင့် ကြည့်နေသော ယောက္ခမကြည့်။

ကြည့်လိုက်တော့လည်း ယုံချင်စရာ။ ပတ်တီးစီးထားသူ ချင်း အတုတု သူကအကျီနှင့်။ ကိုယ်က ဗလာကျင်း။ မျက်ခွက်က ကိုယ်က ပိုစုတ်ပြတ်နေသေးသည်။

"မင်းက တောင်းစားယုံမကဘူး၊ သူများပစ္စည်းပါ လုသေး တယ်ဆိုတော့ မလွန်လွန်းဘူးလား"

သူ့အမေးကို ကျွန်တော်မဖြေဘဲ မတ်တပ်ရပ်လိုက်သည်။

"တစ်ခုပဲပြောချင်ပါတယ်၊ အိတ်ထဲကမှတ်ပုံတင်ကို စစ်ကြည့်လိုက်ပါ"

"ဂိန်. . . အိုင်. . . အိုင်. . . အိုင်"





သည်တစ်ခါ ခွေးသံထွက်သွားသည်က လက်ဟိုတိုနှင့် လူကြီး။

"ဂစ်. . . ဂစ်. . . ဂစ်"

ချက်ချင်းတက်သလိုဖြစ်ပြီး ဖုန်းခနဲ မြေပြင်ပေါ် ပစ်လဲ သွား၏။ ရှိနေကြသောလူအားလုံးလည်း ကြောင်သွားပြီး. . .

"ဟ. . . ဟ ဘာဖြစ်သွားတာလဲဟ"

"ဝက်ရူးပြန်. . . ဝက်ရူးပြန်လားမသိဘူး၊ ခြေမချိုး၊ ခြေမ ချိုး"

"အာ. . . ခြေမမှမရှိတာ ဘယ်လိုချိုးရမလဲ"

"ဒါဆိုလည်း ခြေမနဲ့တူတာချိုးကွာ"

လူတွေအားလုံး ယောက်ယက်ခတ်သွား၏။ ဟိုလူကလည်း တွန့်လိမ်ကောက်ကွေးကာ လူးလွန့်ရင်း လူလွတ်ရာသို့ လှိမ့်သွား သည်။

"ဂစ်. . . ဂစ်. . . ဂစ်"

"ဟော့ကောင် မိချောင်းနတ်များဝင်ပူးသလား"

"အေး. . . လိမ့်နေတာ ဖမ်းတောင်မမိဘူး"

လူလစ်သည်နှင့် ဟိုလူမှာ လှစ်ခနဲ ထထွက်ပြေးသွားသည်။

"ဟာ"

"ဟယ်. . . ဘယ်. . . ဘယ်လို"

မသိလျှင် မသန်မစွမ်းဟုပင် မထင်ရ။ ခဏခြင်းပင် မြင်ကွင်းမှပျောက်ကွယ်သွားရတော့၏။ အားလုံး ကြက်သေသေ၍ သူ့ကိုပင် လိုက်ကြည့်နေမိကြသည်။ အတန်ကြာမှ. . .

"မာရသွန်ပြိုင်ရင် ဒီကောင်ရမှာကွ၊ ဒါနဲ့နေပါဦး မှတ်ပုံတင် မေးလိုက်ရုံနဲ့ ဒီကောင်ဘာဖြစ်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုတော့မှ ကျွန်တော်လည်း အခွင့်အရေးရပြီး. . .

"ရှင်းပါတယ်ခင်ဗျာ. . . ဒါဟာ ကျွန်တော့်အိတ်မို့ ကျွန်တော့်မှတ်ပုံတင်ပဲ ရှိနေမှာပါ၊ ဒါကို အလိမ်ပေါ်မှာစိုးလို့ ထွက်ပြေးသွားတာပါ"

"ဟင်. . . ဒီလိုလား"

ကျွန်တော်ရှင်းပြလိုက်တော့ လူကြီးများ သဘောပေါက်သွားတော့၏။ သူတို့၏ စိတ်ဝင်စားမှုက ကျွန်တော့်ဆီ ပြန်ရောက်လာသည်။

"နေပါဦး. . . ဒါက မင်းအိတ်ဆိုတော့ မင်းဘယ်ကကောက်ရလာတာလဲ"

"ကောက်ရတာမဟုတ်ပါဘူး၊ ကျွန်တော် အိမ်ကထွက်ကတည်းက ပါလာတဲ့အိတ်ပါ"

လူကြီးတစ်ဦးက အိတ်ဖွင့်ကြည့်သည်။

"အေး. . . အတွင်းပါပစ္စည်းတွေက အကောင်းစားတွေချည်းပဲ၊ ဒီကောင့်ရုပ်နဲ့တော့ မလိုက်သလိုပဲနော်"

မှတ်ပုံတင်ထုတ်ကြည့်ပြန်သည်။

"အေး. . . ရုပ်ကတော့ ခပ်ဆင်ဆင်ပဲ၊ ဒါပေမဲ့ မင်းမျက်နှာကြီးက ဘာလို့စုတ်ပြတ်နေတာလဲ၊ အကျႌက ဘာလို့မပါတာလဲ"

"လက်ဝှေ့ထိုးလို့"

မျက်မှောင်ကျုံ့သွားကြသည်။

"ဘာလို့ လက်ဝှေ့တက်ထိုးတာလဲ"

"တိရစ္ဆာန်ဆေးကုက လက်ပတ်တီးစည်းပေးလို့"

"တိရစ္ဆာန်ဆေးကုက ဘာလို့လက်ပတ်တီးစည်းလွှတ်တာလဲ"





"ရထားပေါ်ကပြုတ်ကျလို့"

"ရထားပေါ်က ဘာလို့ပြုတ်ကျတာလဲ"

"မြင့်စန်းရီကို သတိရလို့"

"ဟေ"

အားလုံး ဘယ်လိုမှ ဆက်စပ်မိပုံမရ။ အဖြစ်အပျက်ကလည်း ဆက်စပ်လို့ရချင်စရာမရှိ။

"ကဲ. . . အစက အသေအချာပြန်ရှင်းပြပါဦး"

"ရထားပေါ်က ဆတ်ဆော့ပြီးခုန်ချမိလို့ လက်တွေစုတ်ပြတ်ပြီး တိရစ္ဆာန်ဆေးကုဆရာဆီ ရောက်ပါတယ်၊ အဲဒီမှာ သူက ဒဏ်ရာတွေဆေးထည့်ပြီး လွှတ်လိုက်တော့ လက်ဝှေ့ပွဲနားရောက်ပါတယ်၊ လက်ဝှေ့ပွဲနားမှာ လက်မှာပတ်တီးနဲ့မို့ လက်ဝှေ့ထိုးဖို့လာတယ်ထင်ပြီး စင်ပေါ်တင်ပါတယ်၊ စင်ပေါ်ကပြန်ဆင်းတော့ ခုနလူနား ပစ်ချခဲ့ပါတယ်၊ အဲဒီမှာ အထုပ်လုပွဲဖြစ်ပြီး ဒီရောက်လာတာပါ"

ကျွန်တော်၏ ရှည်လျားလှသော ရှင်းပြစကားကို အားလုံးနားလည်ပုံမရ။

ရထားနဲ့တိရစ္ဆာန်ဆေးကု၊ တိရစ္ဆာန်ဆေးကုနှင့် ပတ်တီး၊ ပတ်တီးနှင့် လက်ဝှေ့၊ လက်ဝှေ့နှင့် သူတောင်းစား၊ သူတောင်းစားနှင့် အိတ်။ အတော်ကလေးကို ဆက်စပ်နေရပုံပေါ်၏။ အတန်ကြာမှ. . .

"အေးလေ. . . ဟုတ်ရင်လည်းပြီးတာပဲ၊ တို့ကလည်း ဘုရားပွဲမှာ ပျော်ပျော်ရွှင်ရွှင်ပဲ ဖြစ်ချင်တာ၊ ကဲ ကဲ အထုပ်ယူပြီး သွားပေတော့၊ အဲ. . . ဒါနဲ့ ဘယ်ကိုသွားမှာလဲဟင်"

ကျွန်တော် သက်ပြင်းချမိသည်။

"လောလောဆယ် ဒီရွာမှာလည်း အသိမရှိတော့ မြန်မာတို့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ထုံးစံအတိုင်း ဘုန်းကြီးကျောင်းမှာပဲ"

အားလုံး ခေါင်းညိတ်ကြသည်။ အတန်ကြာမှ တစ်ယောက်က. . .

"အေးကွာ. . . သွားမယ်ဆို မင်းမျက်နှာကြီးကို အုပ်သွားပါကွာ၊ ထို့ တွေ့ကရာလူ အန်ချင်နေလိမ့်မယ်"

မတတ်သာသည့်အဆုံး ကျွန်တော်လည်း လုံချည်လေးဖြေပြီး

"ဟုတ်ကဲ့. . . ကျွန်တော် ဒီလုံချည်ကိုပဲ"

ဖွတ်ခနဲ လုံချည်ကို ခေါင်းပေါ်ဆွဲအုပ်လိုက်မိသည်။

××××





"ဟဲ့. . . ကလူကလူ"

စုတ်ပြတ်သောမျက်နှာနှင့် လုံချည်ကြီးခြုံ၍ ကျောပိုးအိတ်လွယ်ထားသော ကျွန်တော့်ကို မြင်တော့ စကြိန်တွင် တံမြက်စည်းလေးလှဲပြီး တရားမှတ်နေသော ဆရာတော်ပင် အာမေဋိတ်သံ ထွက်သွားရ၏။ ပြီးနောက် မျက်လွှာကိုချရင်း. . .

"မကျွတ်မလွတ်ကြသေးသော သံသရာတွင်းမှ သတ္တဝါအားလုံးကို အားလုံးရစေ အမျှဝေပါတယ်၊ အမျှ. . . အမျှ. . . အမျှယူတော်မူကြပါကုန်သော်၊ သာဓု သာဓု သာဓု၊ ဟင်. . . ကလူကလူ"

အမျှဝေပြီး မျက်လုံးပြန်ဖွင့်တော့ လုံချည်လေး ရင်ခေါင်းစည်း၍ ဆောင့်ကြောင့်လေးထိုင်နေသော ကျွန်တော့်ကိုမြင်တော့ ထိတ်ခနဲဖြစ်သွားပုံရသည်။ နောက်မှသတိရပြီး. . .

"တဲ. . . ပရလောက၊ အပရလောက၊ လောကဋ္ဌရှိကြကုန်



www.burmeseclassic.com

www.burmeseclassic.com



သော သက်ရှိသက်မဲ့ ဝိညာဉ်သားတို့ ဆရာတော်ဘုရားက အမျှထပ်မံပေးဝေပါတယ်၊ အမျှ အမျှ ယူတော်မူကြပါကုန်သော်"

"သာဓု. . . သာဓု. . . သာဓု"

ကျွန်တော်လည်း ဆရာတော်ဘုရားနှင့်အတူ သာဓုခေါ်မိသည်။ ကြည်နူးလိုက်သည်ဖြစ်ခြင်း။ ဆရာတော်ကသာ ကျွန်တော့်ကိုကြည့်ပြီး. . .

"ဟ. . . ဒီတစ်ကောင် မကျွတ်မလွတ်သေးပါလား၊ ဆေးကြိမ်လုံးနဲ့ ဆော်လွှတ်မှနဲ့တူတယ်"

ဆရာတော်စကားကြောင့် ကျွန်တော်လည်း ခေါင်းပေါ် အုပ်ထားသော လုံချည် ရင်ခေါင်းစည်းရင်း. . .

"ဆရာတော်ဘုရား၊ ဆရာတော်ဘုရား တပည့်တော် တစ္ဆေမဟုတ်ပါဘူးဘုရာ့"

"ဒါဖြင့် ပြိတ္တာပေါ့"

"ပြိတ္တာလည်းမဟုတ်ပါဘူးဘုရာ့၊ လူပါဘုရား"

"ဟင်. . . ဒါဆိုအနှူပေါ့၊ အနှူက ဘာကိစ္စ ငါ့ကျောင်းထဲဝင်လာတာတုန်း"

"အနှူလည်းမဟုတ်ပါဘူးဘုရာ့၊ လူ လူကောင်းပါပဲ"

ကျွန်တော့်အဖြေကို ဆရာတော်က မျက်နှာကို အသေအချာလာငုံ့ကြည့်ပြီး. . .

"မိုးကြိုးပစ်"

"ပစ်"

"ဘုရားစူး"

"စူး"

ကျွန်တော်ကျိန်ဆိုလိုက်မှ ဆရာတော်ဘုရားက ယုံတော်မူ





ပုံရသည်။

"ဒါနဲ့ ဒကာ[illegible]ဘူးနော်"

"တင်ပါ့ဘုရား၊ တပည့်တော် ရန်ကုန်မြို့ကပါ"

ဆရာတော်က ခေါင်းညိတ်သည်။

"ရန်ကုန်ကဆိုတော့ အဝေးသားကလား၊ ဒါနဲ့ ဒီရွာကို"

"တင်ပါ့ဘုရား၊ တပည့်တော်ရဲ့သူငယ်ချင်း မြင့်စန်းရီ"

"ဘယ်သူ"

"မြင့်စန်းရီပါဘုရာ့"

ဆရာတော် မျက်မှောင်ကျုံ့သွား၏။ အတန်ကြာမှ. . .

"ဩော်. . . ခင်အေးတူမပဲ၊ မြို့ကျောင်းသွားတက်နေတဲ့ကလေးမဟုတ်လား"

"တင်ပါ့. . . တပည့်တော်နဲ့ ကျောင်းအတူပါဘုရား"

"ဟေ"

ဆရာတော် အံ့အားသင့်သွားသည်။ ပြီးနောက် မျက်နှာကိုအသေအချာပြန်ကြည့်သည်။

"ဒါဖြင့် မင်းက ခေတ်ပညာတတ်ပေါ့"

"မှန်ပါ့ဘုရာ့. . . ခေတ်ပညာကို ဆယ့်လေးတန်းအောင်ပြီးပါပြီ"

ဆရာတော် မျက်မှောင်ကျုံ့သွားပြန်သည်၊ သူ့ခမျာကျွန်တော့်ပုံကိုကြည့်၍ ယုံကြည်ပုံမရ။

"စီအေတီကက်. . . ဘာလဲ"

"ခင်ဗျာ"

ရုတ်တရက်မေးလိုက်သောစကားကြောင့် ကြောင်သွားမိသည်။ ဒါကို ဆရာတော်က



www.burmeseclassic.com

www.burmeseclassic.com



"မင်း ခေတ်ပညာတတ်ဆို ခေတ်စာတော့သိရမှာပေါ့ကွ၊ မဟုတ်ဘူးလား၊ ငါတော့လာမလိမ်နဲ့"

"ဩော်. . . ဟုတ်. . . ဟုတ်ပါတယ်ခင်ဗျာ၊ မလိမ်ပါဘူး"

"ကဲ. . . ဒါဆိုလိုက်ဆို၊ ဗီအေတီကက်က ဘာလဲ"

"ကြောင်ပါဘုရား"

"ဒီအိုဂျီဒေါ့ ကရော"

"ခွေးပါဘုရား၊ ball က ဘောလုံးပါ"

ခေတ်ပညာတတ်မှန်းသိသာစေရန် ကျွန်တော် ပိုဖြေလိုက်သည်။

ဆရာတော်က သူ့ဦးပြည်းကို သူပြန်စမ်းသည်။

"အေး. . . ဘောလုံးကတော့ ဦးဇင်းတို့နဲ့မဆိုင်ဘူးကွ၊ cat တို့ dog တို့က ကျောင်းမှာရှိလို့သိတာ"

ဦးဇင်းကလည်း ငယ်ဖြူ၊ ငါ့ဦးစာတတ်မို့ အင်္ဂလိပ်စာနှင့် အနည်းငယ် အလှမ်းဝေးသည်ထင့်။

"ကဲလေ. . . ဒါဖြင့်လည်း ဒုက္ခရောက်လာသူဆိုတော့ ကူညီရမှာပေါ့၊ ကျောင်းအောက်မှာတော့ ကပ္ပိယဖိုးသက်ရှိတယ်၊ သူနဲ့အတူ နေပြီး ကျောင်းဝေယျာဝစ္စပဲကူပေါ့၊ ကဲ ကဲ မင်းလည်း ပင်ပန်းလာပြီဆိုတော့ သွားနားချေဦး"

"တင်ပါ့ဘုရား"

"ဟဲ့. . . မောင်ဖိုးသက်"

"တင်ပါ့ဘုရား"

"ဒီမယ် ဧည့်သည်ကိုလာခေါ်ဦး"

"တင်ပါ့ဘုရား. . . ဟဲ့. . . ကလူကလူ အာ ဘာကြီးလဲဟ"

××××





နေရောင်ပင်မခသေး ကျောင်းကြီးအောက်မို့ အေးနေသည်။

"ဝေါ့. . . ထွီ"

မျက်နှာပေါ်မှ ဒဏ်ရာများကို ကြပ်ထုပ်ထိုး ဆေးထည့်ပေးနေသော ကပ္ပိယဖိုးသက်မှ မျက်နှာကိုကသိုဏ်းရှုရင်း ပျို့ချင်စိတ်ကို မနည်းထိန်းနေရပုံပေါ်သည်။

"အင်း. . . မောင်ရင့်အဖြစ်ကတော့ အထူးအဆန်းပါပဲ၊ မင်္ဂလာဆွမ်းသွပ်"

"အာ. . . မင်္ဂလာဆွမ်းကျွေးပါဗျ၊ ဘယ့်နှယ် ဆွမ်းသွပ်ရမှာလဲ၊ မင်္ဂလာဆောင်တာ သေသွားတာမှမဟုတ်တာ"

"အေး. . . မင်္ဂလာဆွမ်းသွပ်၊ အဲလေ. . . အဲ စေ့စပ်ပွဲမှာမှ ပျက်စီးခဲ့ရတယ်လို့၊ ဒါမျိုးဟာ ကမ္ဘာမှာတောင် တစ်ယောက်နှစ်ယောက်ပဲရှိမလားပဲ"

"အဲဒါကြောင့်ပြောတာပါဗျာ၊ ကံဆိုးလွန်းလို့ သက်န်းစည်းခဲ့တာလည်း လေးကြိမ်ရှိခဲ့ပါပြီ။ ဒါပေမဲ့ စည်းတုန်းသာကောင်းပြီး လူဝတ်လဲရင် အညံ့ကမပျောက်ဘဲ ကပ်ပါနေတော့တာ"

ကပ္ပိယဖိုးသက်က ခေါင်းတညိတ်ညိတ်နှင့် ကွမ်းလှမ်းထွေးလိုက်သေးသည်။

"ဒါကတော့ ရေးကံကိုပဲ အပြစ်တင်ရမှာလား၊ မင်းကိုယ်တိုင်ကိုက အသုံးမကျတာလားတော့မသိဘူး၊ မင်းအဖြစ်က ခုန ငါပြောသလို ဆွမ်းသွပ်လိုက်တာသာကောင်း"

ရှိုးတိုးရှမ်းတမ်းဖြစ်ရပြန်သည်။ တည့်တည့်ပြောရန် အားနာ၍ သွယ်ဝိုက်ပြောဟန်တူပါသည်။

"ဒါဖြင့် မင်း အခုဘယ်လိုဆက်လုပ်မယ် စိတ်ကူးထားလဲ"

"ကျွန်တော်သိချင်တာ မြင့်စန်းရီကို ဘယ်အချိန်တွေ့နိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာကိုပါ"

ကိုဖိုးသက် မျက်မှောင်ကျုံ့သွားသည်။

"အေး. . . ဒီကလေးမရောက်ကတည်းက အပြင်သိပ်ထွက်တာတော့မတွေ့ဘူး၊ အဲ နေဦး မနက်မနက်တော့ အရုဏ်ဆွမ်းထ လောင်းသား"

"အရုဏ်ဆွမ်း. . . ဟုတ်လား"

ကျွန်တော် ခေါင်းထောင်ထမိသည်။

"ဟကောင်ရ. . . ငြိမ်ငြိမ်နေပါဟ၊ တကတည်း အရုဏ်ဆွမ်း အသံကြားတာနဲ့ အခုပဲ ထဘုန်းပေးတော့မဲ့အတိုင်း"

"အရုဏ်ဆွမ်းဆိုတော့ မနက်အစောကြီးပေါ့နော"

"အေးလေကွာ. . . မင်းလည်း သက်နှုးအကြိမ်ကြိမ် စည်းခဲ့တာပဲ သိမှာပေါ့၊ မနက်လေးနာရီလောက်ပေါ့"

"ဒါ. . . ဒါဆို မျက်နှာပေါ်ကဒဏ်ရာတွေ အမြန်ပျောက်အောင် လုပ်စမ်းပါကွာ"

"ဟ. . . ဘာဖြစ်ရပြန်တာလဲ"

"ဟိုလေ. . . ချစ်သူနဲ့တွေ့ရချိန် မျက်နှာမလှမှာစိုးလို့"

"သြော်. . . မျက်နှာမလှမှာစိုးလို့ ဟုတ်လား၊ ထွီ ရုပ်တင်မဟုတ်ဘူး အပြောအဆိုကပါ ကျက်သရေတုံးနေတာ"

ကိုဖိုးသက်က ပြောလည်းပြော မျက်နှာပေါ် ကြပ်ထုပ်ဖိထိုးလိုက်သည်။

"အား. . . လား လား ရှုပါရုံအမိကဟာမို့ပါဗျာ၊ ဖြည်းဖြည်းလုပ်ပါ"

မည်သို့ပင်ဖြစ်စေ ချစ်သူနှင့်တွေ့ရမည်ဟူသော စကားတစ်ခွန်းသည် ချစ်တတ်သူတိုင်းအတွက်တော့ ကျေနပ်စရာ။





ဤသို့သာပေါ့ မြင့်စန်းရီ။

စစ်မှန်သောအချစ်သည် အုန်းပင်နှင့်တူပါသည်။ မည်မျှအိုမင်းပါစေ မည်မျှလေတိုက်ခံရပါစေ တော်ရုံပြင်ပ အစွမ်းသတ္တိနှင့်တော့ လဲကျရိုးထုံးစံမရှိ။

မြင့်စန်းရီနှင့် ပတ်သက်လျှင်တော့ ကျွန်တော်သည် အုန်းပင်။ သီးကင်းလည်းတွဲလွဲကျနေပါပြီ။ သို့သော် လူမြင်မှာစိုး၍ ထုတ်မပြတော့။

×××××



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကား ခြေလှမ်းမှန်စွာ ဆွမ်းခံကြွ၏။ သူ့နောက်မှ ကပ္ပိယဖိုးသက်က ငြိမ်သက်စွာလိုက်သည်။ ကျွန်တော်ကသာ ဆွမ်းခွက်တင် ဆိုင်းထမ်းကြီးနှင့် ဂနာမငြိမ်စွာဖြစ်နေ၏။ ဖြစ်နိုင်လျှင် ဆွမ်းလောင်းအိမ်အားလုံးကိုကျော်၍ ချစ်သူရှေ့မှောက်ရောက်ချင်ပြီ။

သို့သော် ဖြစ်ချင်စိတ်ကို မျိုသိပ်၍သာ၊ စိတ်ထဲတွင်လည်း သိပ်မကြာတော့ဟု။

အိုး. . . ဟိုမှာကြည့်စမ်း။

နံနက်ခင်းစ နှင်းမှုံကြား ချစ်သူကို မှုန်ဝါးဝါးမြင်နေရတာကို က မမြင်ဘူးသော ရွှေငါးလေးကို မြင်လိုက်ရသော ကလေးငယ်တစ်ဦးလို မှင်တက်အံ့အားသင့်စေပါသည်။

အို. . . မြင့်စန်းရီ။ ဘာကြောင့်များ ဤလောကသန့်ရှင်း





စင်ကြယ်လှပါနေရပါသလဲ။ ရှေးဘဝအဆက်ဆက် ကုသိုလ်ကံပါရမီထူးတို့ကြောင့်ပင် ဤဘဝ၌ ရွှေဝါဝင်းသောအဆင်းကို ပိုင်ဆိုင်ရနေခြင်းလား။

ရှေးဘဝက ပါရမီတော်အစုစုက ယခုဘဝမှာလာ၍ အကျိုးပေးထူးနေခြင်းလား။ မာန်မာနကင်းမဲ့သောမျက်နှာ၊ အေးချမ်းသောအဆင်အပြင်တို့က တစ်ဖက်သားကို ထင်ရှားစေပါသည်။ လူ့ဘဝတွင် ကောင်းရာမွန်ရာလုပ်၍ ကောင်းရာမွန်ရာနေထိုင်တတ်သူမှန်းအဝေးမှလှမ်းကြည့်ရုံနှင့် ခန့်မှန်းနိုင်ပါသည်။

ဒါဆို ကျွန်တော်ကရော. . . ။

အဖန်ပေါင်းမြောက်မြားစွာက ပြုပြုခဲ့သော အကုသိုလ်က ယခုဘဝမှထူး၍ စူးနေရော့သလား။ ထိုအကုသိုလ်မျိုးဆက်ပြတ်ဖို့ ယခုဘဝတွင် ပြန်လည်တောင်းဆုပြုနေတာများလား။ မဖြစ်ပါရစေနဲ့ မြင့်စန်းရီ။

ဆရာတော်ဘုရားနှင့် ကိုဖိုးသက်တို့ ကျော်လွန်ပြီး ချစ်သူရှေ့ ခြေစုံရပ်မိသည်။

"မြင့်စန်းရီ"

ဆွမ်းခွက်ကို လှမ်းယူအံ့ဆဲသော ချစ်သူ၏လက်များ ရပ်တန့်သွား၏။

"စောကြည်ဖြူ"

အံ့အားသင့်သော အရိပ်အယောင်များ မြင်လိုက်ရသည်။ ကျွန်တော့်မျက်နှာကို လူမိသွားသော ဝါရင့်ခွေးသူခိုး အို အိုချလိုက်သည်။

"ကျွန်တော်မတွေ့ရမနေနိုင်လွန်းလို့ လိုက်လာတာပါ မြင့်စန်းရီ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူက သက်သောင့်သက်သာပင် ဆွမ်းခွက်ကို လှမ်းယူရင်း ဆွမ်းဟင်းများထည့်သည်။ ကျွန်တော်ကသာဆက်၍. . .

"ကျွန်တော် မြင့်စန်းရီကို မမြင်ရရင် မနေနိုင်လို့လာခဲ့ရတာပါ၊ မြင့်စန်းရီ"

သူမက သူ့အလုပ်သူဆက်လုပ်သည်။ သို့သော် လက်များကတုန်ယင်နေသယောင်. . .

"ဖြစ်ပျက်ခဲ့သမျှအားလုံးဟာလည်း ကျွန်တော့်ရဲ့အမှားကြောင့်မို့ ကျွန်တော်ကပဲ ဝန်ချတောင်းပန်ပါရစေ"

သူမလက်ကလေး ရပ်တန့်သွားသည်။ နောက် သက်ပြင်းချသည်။

"ကျွန်မဘဝမှာ လူ့လောကကိုစိတ်ပျက်ပြီး သီလရှင်ဝတ်ချင်ခဲ့တာ နှစ်ကြိမ်ရှိတယ် စောကြည်ဖြူ"

ကျွန်တော် သူ့စကားကိုသာ ငေးစိုက်နေမိသည်။

"အဲဒါ. . . ရှင်နဲ့မတွေ့ခင်တစ်ကြိမ်"

ကျွန်တော် ဘာမှမမေးမိ။

"ရှင်နဲ့တွေ့ပြီး တစ်ကြိမ်ပါ"

ထမ်းထားသော ဆိုင်းထမ်းပင် မြေပြင်နှင့်ထိမလောက် ညွှတ်ခွေသွားမိသည်။ ရုတ်တရက် စကားပြန်ရန် အစကိုပင်ရှာမရ။

"ဘာပဲဖြစ်ဖြစ် မြင့်စန်းရီ၊ ကျွန်တော့်ရဲ့မေတ္တာက ခိုင်မြဲလှပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ရဲ့ဘဝပေးကုသိုလ်ကံကိုက"

"ကျွန်မဘဝမှာ ဒီလိုအပူတွေကို စိတ်ပျက်ခဲ့တာ နှစ်ကြိမ်ရှိပါပြီ စောကြည်ဖြူ။ ဒါကလည်း ရှင်နဲ့မတွေ့ခင်တစ်ကြိမ်၊ ရှင်နဲ့တွေ့ပြီးတစ်ကြိမ်ပါ၊ ကျွန်မဖက်က ဖိတ်စာတစ်ခြမ်းဖျက်ပြီးကြောင်း သေချာနေပါပြီ၊ ဆက်မကြိုးစားပါနဲ့"





အသက်ကိုသာ ခပ်ပြင်းပြင်း ရှူလိုက်မိသည်။ လွယ်ထားသော ဆိုင်းထမ်းကြိုးပင် ပခုံးပေါ်ရှိလေလား၊ မရှိလေလားမသိ။

"ဒါဆို ကျွန်တော့်ဖက်ကလည်း ပြောပါရစေ မြင့်စန်းရီ၊ ကျွန်တော့်မှာလည်း အိမ်ထောင်ပြုချင်စိတ်ရှိခဲ့တာ ရှင်နဲ့၊ အဲလေ မြင့်စန်းရီနဲ့ မဆုံခင်တစ်ကြိမ်၊ မြင့်စန်းရီနဲ့ ဆုံပြီးမှတစ်ကြိမ်ပါ၊ ဒါဟာ အသေအချာပါပဲ၊ မများပါဘူး၊ နှစ်ကြိမ်တည်းပါ၊ မြင့်စန်းရီ"

ချစ်သူ ကျွန်တော့်ကို ငေးသွားသည်။ ဒါကို ကျွန်တော်ကလည်း လက်လွှတ်မခံဘဲ ခိုင်မာသောမျက်နှာပေးဖြင့်. . .

"ဟုတ်ကဲ့. . . နှစ်ကြိမ်ထဲပါ"

ချစ်သူလက်နှစ်ချောင်း ထောင်သွားသည်။ စဉ်းစားနေပုံရသည်။ အမှန်တော့ ထိုနှစ်ကြိမ်သည် မွေးကတည်းကဟု အဓိပ္ပာယ်ရပေလိမ့်မည်။ ဒါကို ချစ်သူစဉ်းစားမိသွားမည်စိုး၍ အမြန်လုံးချပြီး

"အခုလည်း မြင့်စန်းရီနဲ့ဝေးမှာကိုစိုးလို့ ကျွန်တော် ဒီရွာအထိကို ဒုက္ခခံပြီး လိုက်ခဲ့တာပေါ့၊ ဒါကိုတော့ယုံပါ"

ချစ်သူခေါင်းငုံ့သွားသည်။

"ကျွန်တော် မြင့်စန်းရီမှမပါရင် ဒီရွာအထိကို ဒုက္ခခံပြီး လိုက်ခဲ့တာပါ၊ ဒါကိုတော့ယုံပါ"

ချစ်သူခေါင်းငုံ့သွားသည်။

"နောက်ကျသွားပြီ စောကြည်ဖြူ"

"ဗျာ"

"မနက်ဖြန်ဆိုပဲ မြင့်စန်းရီ ဒီကကြီးမေတွေနဲ့ မြန်မာပြည်တစ်ပတ် ဘုရားဖူးထွက်ဖို့ ပြင်ဆင်ပြီးပြီ၊ အညှို့တွေပျောက်အောင်လို့လေ၊ ဒီတော့ စောကြည်ဖြူ။ မြင့်စန်းရီမပါဘဲ ဒီရွာကမခွာနိုင်လည်း နေခဲ့ရုံပေါ့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ၏စကားသံက တိုးတိုးလေးပါ။ သို့သော် ကြိုတင်ကြံစည်ထားခြင်းမရှိလျှင် ဘာစကားမှမထွက်သူမို့ ခေတ္တကြောင်ငေးနေမိသည်။

ဆရာတော်ဘုရား၏ ဆွမ်းတန်းကလည်း ခပ်ဝေးဝေးကိုရောက်နေပေပြီ။ သို့သော် ချစ်သူနားရောက်လျှင် လုံးဝမခွာချင်သောစိတ်က ကြီးစိုးနေပြီမို့ ခြေလှမ်းက ကျောက်ချထားတဲ့အတိုင်း မရွေ့နိုင်သေး။ ထို့ကြောင့်. . .

"ဘာပဲဖြစ်ဖြစ် မြင့်စန်းရီ၊ ကျွန်တော် မြင့်စန်းရီကို မခွဲနိုင်ဘူး၊ ဒါကြောင့်"

ကျွန်တော့်စကားမဆုံးမီမှာပင်. . .

"ဟဲ့. . . မြင့်စန်းရီ ဆွမ်းလောင်းတာ မပြီးသေးဘူးလား၊ နောက် ဘယ်သူကလည်း မခွဲနိုင်တာ"

ဖြတ်ဝင်လာသော မြင့်စန်းရီ၏ ကြီးမေအသံ၊ ကျွန်တော်မြင့်စန်းရီပင် လှုပ်လှုပ်ရှရှဖြစ်သွားသည်၊ ကျွန်တော့်ဆို ဆိုဖွယ်မရှိတော့။ သို့သော်လည်း အတည်သာမရတာရှိမည်။ ပေါက်ကရဆို ဘယ်ကဘယ်လိုထွက်မှန်းမသိသော ရွှေပါးစပ်။

"အေး. . . အဲဒီလိုမခွဲနိုင်ပါဘူးဆိုပြီး တွယ်ကပ်နေသော သားတော်ကို မယ်တော်က မခွဲချင်လည်းခွဲရဦးမယ်၊ သားတော်ဆိုပြီး တရားချတော်မူသတဲ့၊ အဲဒီနောက်မှာတော့ သဗ္ဗေသတ္တာ သုခိသေန္တု၊ ပရိဝါရေဟိ အတ္တနော၊ အနီဃာသုမနာဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ၊ သာဓု. . . သာဓု. . . သာဓု မှတ်ထားနော်၊ ဒကာမလေး"

"တင်ပါ့ဘုရား"

မြင့်စန်းရီကလည်း ယောင်တောင်တောင်နှင့် လက်အုပ်ချီပြောသည်။





ဘုန်းကြီးလေးကြိမ် ဝတ်ခဲ့သော အကျိုးကျေးဇူးကြောင့်တရားစာက ချက်ချင်းထွက်လာသည်။ မြင့်စန်းရီတို့ ကြီးတော်ပင် ကြောင်တောင်တောင်နှင့် သာဓုသုံးကြိမ်ခေါ်မိသွားသည်။

"ကဲ. . . တရားတော်လည်းပြီးပြီမို့ ခွင့်ပြုပါဦးကွယ်၊ အင်း အနိစ္စ. . . အနိစ္စ ဘယ်အရာမှ မမြဲပါလားကွယ်၊ အင်း သာဓု သာဓု သာဓု"

ဟုဆိုရင်း သုတ်ခြေတင်ရတော့သည်။ အနောက်မှကပ်ပါလာသောအသံက. . .

"ဟဲ့. . . ဟိုသူငယ်က ဘုန်းကြီးလည်းမဟုတ်ဘဲ ဘာလို့တရားဟောနေရတာလဲ"

"မသိပါဘူး ကြီးမေရယ်၊ ကြောင်တောင်တောင်နဲ့"

မြင့်စန်းရီနှုတ်ဖျားမှ ထိုစကားကြားရတော့ ရင်ထဲ နင့်ခနဲဖြစ်သွားမိ၏။

ချစ်သူနှင့်ဝေးရာ သွားရသော ခြေလှမ်းကား လွန်စွာလေးကန်လွန်းလှပါသည်။ ပခုံးပေါ်ထမ်းထားသော ဆိုင်းထမ်းကလည်း လွန်စွာလေးလံလှပါသည်။ သို့သော် စိတ်တစ်ခုကား ဘယ်ဆီရောက်သည်မသိ။ လွင့်ချင်ရာကို လွင့်နေတော့သည်။ ဆရာတော်ဘုရားက ဘယ်လမ်းက ကြွသလဲမသိ။ ဘုန်းကြီးကျောင်းသို့ ကျွန်တော်အရင်ရောက်ပါသည်။

×××××



www.burmeseclassic.com

www.burmeseclassic.com





မနက်အစောကြီး ဘုန်းကြီးကျောင်းမှ ထမင်းကပ်စားပြီး ဘာလုပ်ရမှန်းမသိဘဲ ယောင်ပေပေဖြစ်နေသည်။

မနက်ဖြန်မနက် မြန်မာပြည်တစ်ပတ် ဘုရားဖူးထွက်မည့် မြင့်စန်းရီနောက် ဘယ်လိုကပ်ပါအောင် လုပ်ရမည်မသိ။

နဖူးပေါ်လက်တင်တော့ လက်ကမငြိမ်။ လက်ပေါ် နဖူးတင်တော့လည်း နဖူးကမငြိမ်နှင့် ဘာလိုလို့လိုနေမှန်းမသိ ဖြစ်နေသည်။

ဆောင့်ကြောင့်ထထိုင်မိသည်။ ဒူးကရင်ဘတ်ထိနေ၍ ရင်ခုန်သံမြန်ကြောင်း သိနေရသည်။

ထိုအတိုင်း ဘေးသို့ခွေခေါက်ကာလှဲချလိုက်သည်။ လေဟိုး၍ ခြေဖျားကအေးသလို တင်ပါးကအေးသလို ပက်လက်ပြန်လှန်သည်။ လက်ကိုနဖူးပေါ်ထားရမလား ရင်ဘတ်ပေါ်တင်ရမလားမသိ။





"ဘယ့်နှယ့်ကြောင့် ဒီလောက်တောင် ဂနာမငြိမ်ဖြစ်နေတာလဲ စောကြည်ဖြူရဲ့"

ကိုဖိုးသက်ရဲ့ အမေမေး၊ သက်ပြင်းအရှင်ချမိသည်။

"ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ပါဘူး ဖိုးသက်ရာ"

"ဘာဖြစ်လို့တုန်း"

"မနက်ဖြန် မြင့်စန်းရီက သူကြီးတော်တွေနဲ့ မြန်မာပြည်အနှံ့ ဘုရားဖူးပတ်မလို့တဲ့ဗျ"

"ဟာ... ကောင်းတာပဲ၊ ကုသိုလ်ရေးကိစ္စမို့ အားပေးရမှာပေါ့၊ သာဓုဗျာ... သာဓု... သာဓု၊ ဒီလိုအခွင့်အရေးမျိုးက အင်မတန်ကံကြီးသူများကသာရတာကလား၊ ဒီကလေးမကုသိုလ်ထူးပါ့"

သြော်... မြင့်စန်းရီကမှ ကုသိုလ်ထူးလျှင် မြင့်စန်းရီနှင့်ခွဲရသော ကျွန်တော့်ဘဝ၏ အကုသိုလ်မှာ ဆိုဖွယ်ပင်မရှိတော့။ မြင့်စန်းရီအကြောင်း ခေါင်းထဲကထွက်သည်မရှိသော ကျွန်တော့်အဖို့ကတော့ ငရဲပင်။

**သြော်... မြင့်စန်းရီကမှ ကုသိုလ်ထူးလျှင် မြင့်စန်းရီနှင့်ခွဲရသော ကျွန်တော့်ဘဝ၏အကုသိုလ်မှာ ဆိုဖွယ်ပင်မရှိတော့။**



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . နေစမ်းပါဦးကွ၊ သူများကုသိုလ်ယူသွားတဲ့ခရီးကို မင်းက ဒီကနေပြီး ဘာလို့ငရဲကျနေရတာလဲကွ၊ အဲဒီကိစ္စ ငါမရှင်းဘူး"

ကျွန်တော်၏ ချစ်ခြင်းက မည်သည့်ပေတံနှင့်မျှ တိုင်းတာ၍ မရနိုင်ကြောင်း သူမသိနိုင်ရှာ။

"ကိုဖိုးသက်ရယ် မြင့်စန်းရီရှိလို့ ကျွန်တော် ဒီရွာကိုရောက်ခဲ့တာပါ။ မြင့်စန်းရီသာမရှိရင် ကျွန်တော် ဒီရွာမှာရှိနေခြင်းက လူရှိနေပါလျက်နဲ့ နှလုံးသားမရှိတဲ့ဘဝ ရောက်ရမှာပါ"

ကိုဖိုးသက် ခေါင်းကုပ်သည်။ သူ့ခမျာ ရာသက်ပန် ဘုန်းကြီးကျောင်းသားမို့ ထိုကိစ္စမျိုး နားလည်ပုံမပေါ်။

"ဆိုလိုတာက မြင့်စန်းရီ မရှိဘဲ ကျွန်တော် ဒီရွာမှာနေခဲ့တော့ရော ဘာအကြောင်းထူး တော့မှာလဲဗျာ"

ကိုဖိုးသက် ခေါင်းကုတ်ပြန်သည်။

"အေး. . . ဒါလည်းဟုတ်ပြန်ရော၊ အဲဒါဆို မင်း သူတို့ရွာဘုရားပွဲကားနဲ့ မပါပါအောင်လိုက်ပေါ့ကွ"

ခေါင်းအုံးအောက် ရောက် နေသော ကျွန်တော့်ခေါင်းဆတ်ခနဲ ထောင်သွားသည်။

"ဘုရားပွဲကားနဲ့"

"အေးလေကွာ"

"မပါပါအောင်"

"အေးပေါ့"

သူ့စကားကြားတော့ ကျွန်တော် အားတက်သွားသည်။ နောက်မှ စဉ်းစားမိပြီး. . .

"နေဦးဗျ. . . သူတို့ဘုရားပွဲ





ကားက လူအပြည့်တင်ပြီးသွားမှာပဲ၊ ကျွန်တော်က ဘယ်လိုကပ်လိုက်လို့ဖြစ်မှာလဲ"

"အာ. . . မင်းနှယ် အမလိုနဲ့တုံးလိုက်တာ"

ပြောတာက ဘာမှကိုမကောင်း "လူကိုများ မအဘူးများမှတ်နေလား"ဟု မေးရမလိုပင်။

"ကားပေါ် ဘုရားပွဲဘယ်လောက်ပြည့်ပြည့် ကားဆရာနဲ့ညှိပြီး စပယ်ယာအနေနဲ့ လိုက်သွားပေါ့ကွ"

"စပယ်ယာ"

"အေးလေ. . . ဒီတစ်ယောက်ပဲရှိတော့တာ"

ကိုဖိုးသက်စကားကြောင့် မရှိုးမရွဖြစ်သွားရသည်မဟုတ်လား။ ကားဆရာ (ဒရိုင်ဘာ)နှင့်ညှိပြီး စပယ်ယာဆိုပြီး လိုက်သွားလျှင်ရသား။ ထို့ကြောင့်. . .

"ဘုရားပွဲကားက ဘယ်မှာရှိကာလဲ"

"ရွာလယ်က ဒရိုင်ဘာကျော်ကိုအိမ်ဆို၊ ဟာ. . . ဟော့. . . အော့. . . နေ. . . နေဦးလေ"

ကိုဖိုးသက်စကားကို ဆုံးအောင်နားမထောင်နိုင်တော့။ ခြေလှမ်းက အလိုလိုနေရင်း ရွာလယ်ဆီသို့ သုတ်ခြေတင်မိသည်။

"ဟော့. . . ဟော့ကောင်၊ စောကြည်ဖြူ အဲဒီကျော်ကိုက စိတ်ဆတ်တယ်နော် သတိထား"

အနောက်ကအသံက ခပ်ညို့ညို့သာ ပါလာသည်။ ခြေလှမ်းကသာ ပြာခဲ ပြာခနဲ။

××××



www.burmeseclassic.com

www.burmeseclassic.com





ရှာလယ်ပိုင်းတွင် ရွဲယိုနေသောကားကို သဘော်ဆေးနှင့် မတက်တက်အောင် ပြုပြင်ထားသော ဘုရားဖူးယာဉ်ဆိုသည်ကြီးကို တွေ့ရသည်။

ကားက ရန်ကုန်မြို့တွင်ဆိုတော့ ဘီအမ်လို့ခေါ်သော လူနှစ်ဆယ်ခန့်ဆန့်သည့် ကားဖြစ်သည်။

ကားအောက်ထဲတွင်တော့ မဲမဲသိန်သိန် ပိန်ပိန်ချောင်ချောင် ကုလားဒိန်ရုပ်နှင့် တစ်ယောက်က ဆီချေးများပေပွပြီး ဂွတစ်ထုပ်နှင့် အလုပ်ရှုပ်နေသည်။ လူက မဲရသည့်အထဲ အင်္ကျီဝိုင်များ၊ ဆီချေးများလိမ်းကျံနေ၍ ဘယ်ဟာက အသား၊ ဘယ်ဟာက အပေ လွန်စွာခွဲရခက်နေသည်။

"ဂုဏ်ထူး၊ ရာထူး မလိုချင်ပါဘူး၊ ကိုယ်မှာတော့ နတ်ကတဲ့ဂန်ဒူး၊ ဂုဏ်ထူးရာထူးမလိုပါဘူး၊ ကိုယ်ကလေ နတ်ကတဲ့ဂန်ဒူး။





ဂန်ဒူး"

ထိုသူက ကျွန်တော့်ကိုပင် လှည့်မကြည့်နိုင်ဘဲ သူ့ကားအောက်ပိုင်းကိုသာ ငုံ့ရှာကာ သီချင်းညီးနေသည်။ ကျွန်တော်လည်း စိတ်မရှည်နိုင်တော့။ လက်နှင့်တို့လျှင် လက်ပေမှာစိုး၍. . .

"ဟေ့. . . ဒီမှာ"

"ဟဲ့. . . ပလုတ်တုတ်"

"ဒုန်"

"ခလွမ်"

"ဟဲ့. . . ဂန်ဒူးတော့ကွဲပဟ"

ခြေမနှင့် ရုတ်တရက်တို့လိုက်သည်မို့ အငှေ့ကိုအာရုံရနေသော ငမဲပိန် ထခုန်မိ၍ ကားအောက်ပိုင်းနှင့် သူ့ခေါင်းမဲမဲ ဆောင့်မိခြင်း ဖြစ်သည်။ ပြီးမှ သူ့မျက်နှာမဲမဲကို ကားအောက်မှဆွဲထုတ်ပြီး. . .

"ဟင်. . . ခင်ဗျား. . . ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျ၊ လန့်လိုက်တာ ကလူကလူ"

သူ့စကားကို ကျွန်တော်ဂရုမစိုက်နိုင်သေးဘဲ ဘေးဘီဝေ့ကြည့်ပြီး. . .

"မင်းဆရာရော. . . မင်းဆရာ၊ ဆရာဘယ်မှာလဲ"

သူက ကျွန်တော်ဝေ့ကြည့်ရာလိုက်ကြည့်ပြီး. . .

"ဘယ်ကဆရာလဲ၊ ဘယ်ဆရာကိုပြောတာလဲ"

"တယ်လေ. . . ငါ နားရင်းအုပ်လိုက်ရ၊ မင်းဆရာ ကားဒရိုင်ဘာလေ၊ ဒရိုင်ဘာကိုပြောတာ"

လက်ရွယ်ပြီးပြောသောစကားကြောင့် ငမဲလေး တွန့်သွား၏။ နောက်မှ သတိရဟန်နှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဒရိုင်ဘာကိုပြောတာလား"

"အေး. . . ဒရိုင်ဘာ. . . ဒရိုင်ဘာ"

"ကျုပ်ပဲ"

"ဟမ်"

ငမဲလေး ရင်ကော့ပြောသောစကားကြောင့် ဆံပင်များပင် ထောင်သွားရလေသည်။ သွားပြီ။ စကတည်းကလွဲပြီ။ လူက မဲမဲသေးသေးလေးနှင့် ဆီချေးများပေနေ၍ လေးစားစရာတစ်စက်မှ ရှာမရ၍ ကားစပယ်ယာ သို့မဟုတ် စက်ပြင်ဆရာထင်ပြီး ဖင်ပိတ်ကန်ခဲ့၊ နားရင်းအုပ်ရန် ကြိုးစားခဲ့မိသည်မဟုတ်ပါလား။ ယခုဆို ထိုငမဲက ကားဒရိုင်ဘာတဲ့။ မျက်နှာကြီး ပြို(ပြေ)ပြီး ဘာပြောရမှန်းမသိ။ အပိုင်ပေါင်းရမည့်သူကိုမှ ဖင်ဆွမိပြီကိုး။ ထို့ကြောင့် မသိလိုက်မသိဘာသာ လက်သည်းပြန်ခွာပြီး. . .

"ဟို. . . ဟို မနောက်ပါနဲ့ကွာ၊ အနော်က ဒရိုင်. . . ဒရိုင်ဘာကို မေးတာ"

"ဟော့ကောင်. . . ဒီကားမှာ ငါဒရိုင်ဘာပဲကွ၊ ဒရိုင်ဘာကျော်ကို ကျော်ကိုဒရိုင်ဘာဆိုတာငါပဲ၊ အရင်က ဒါရိုက်တာ၊ အောက်ကားပေါင်းလေးဆယ်ရိုက်ပြီး အရင်းပြုတ်ပြီးမှ ဒရဝမ်ဝင်လုပ်ရာကနေ အခုအဆင့်တိုးပြီး ဒရိုင်ဘာဖြစ်လာတာ၊ မင်းက ငါ့ကို ဘယ်လိုကောင်စားမျိုးမှတ်နေလဲ၊ အခုချက်ချင်း အရင်စိတ်မွေးပြီး မင်းသားတင်ရိုက်လိုက်လို့ ဟုတ်ပေ့ဖြစ်နေဦးမယ်"

"အဲ. . . ဟို. . . ဟိုလေ ကျွန်တော် ကျွန်တော်က အစ်ကိုကြီးက"

"ကိုကြီးကလေးလေး လုပ်စမ်းပါ"

"ဟင်. . . ဩော် ကိုကြီးကလေးလေးက မဲလည်းမဲ၊ ပိန်





လည်းပိန်ဆိုတော့ ဒီကားစတီးယာတိုင်ကြီးကို လှည့်နိုင်မယ်မထင်လို့ အဲဒါ"

"အောင်မာ. . . မင်းဂျများ အယင်သေးလို့၊ ဒီကား၊ ဒီစတီယာတိုင်နဲ့တင် မြောင်းထဲကျတာ သုံးကြိမ်ရှိပြီကွ၊ ဘာလဲ မင်းပါရောပြီး ဒုက္ခိတဖြစ်ချင်လို့လား"

ဩော်. . . ပြောနေပုံက မြင့်စန်းရီတို့အတွက် ရင်လေးစရာ။ သို့သော် သူမကယ်လျှင် သေဖွယ်သာရှိသည်မို့. . .

"ယုံပါပြီ အစ်ကိုကြီး၊ အဲ ကိုကြီးကလေးလေးရယ် ဒုက္ခိတအမှုတွဲထဲ မပါပါရစေနဲ့"

"မပါချင်ဝေးဝေးသွား၊ အခုဇာတ်လမ်း စဉ်းစားမိနေတုန်း၊ တော်လှန်ရေးကားရိုက်ပစ်လိုက်လို့ကတော့ သွား. . . သွား"

"ဟုတ်. . . ဟုတ်ကဲ့. . . အဲ"

ဟိုကမောင်းထုတ်နေတော့ ယောင်ပြီးထွက်ရန်ပြင်သည်။ နောက်မှ လာရင်းကိစ္စကို သတိရပြီး. . .

"အဲ. . . ဟို. . . ဟိုလေ မသွားပါရစေနဲ့ ဆရာရယ်"

ကျော်ကို သူ့ကိုဆရာခေါ်လိုက်၍ သဘောခွေသွားပုံရ၏။ သို့သော် မျက်မှောင်ကိုကျုံ့ပြီး. . .

"ဘာလို့လဲကွ. . . ဘာလဲ မင်းက ရုပ်ရှင်ရိုက်ချင်လို့လား၊ ခေါင်းဆောင်မင်းသားဆို ငါးသိန်းပေးရမယ်၊ ကြော်ငြာစပွန်ဆာက မင်းနဲ့မဆိုင်ဘူးနော်၊ ဟီဟိ ငါရငါယူပဲ"

ဩော်. . . အရေးထဲ ဒါရိုက်တာပီပီ ပတ်ခုတ်နေသေး၏။ ကျွန်တော်လည်း အလိုက်သင့် မျက်နှာလေးအိုချုံပြီး. . .

"ဟိုလေ. . . ဆရာရယ် ကျွန်တော်က အခုကိစ္စ မင်းသားလုပ်ဖို့မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းက"

"စပယ်ယာလုပ်ဖို့ပါ"

"ဘာ"

ဒရင်မ်၊ ဒါရိုက်တာ၊ ဒရိုင်ဘာကျော်ကိုက ကျွန်တော့်ကို ခါးဆောက်၍ ပြန်ကြည့်သည်။ ပြီးမှ. . .

"ထွီ. . . ငါက ပိုက်ဆံရမလားလို့ အာပေါက်အောင်ပြော နေရတာ၊ အခုတော့ ငါ့ဆီ စပယ်ယာလုပ်ပြီး ပြန်ခုတ်မဲ့ကောင်နဲ့ တွေ့နေတယ်၊ ထွီ. . . ကျက်သရေတုံးလိုက်တာ၊ သွား. . . သွား စပယ်ယာဆိုမလိုချင်ဘူး၊ မင်းသားဆို ငါးသိန်းယူပြီးပြန်လာ၊ ဒါပဲ"

ဆိုကာ လုပ်လက်စအလုပ်များ ပြန်လုပ်နေသည်။

"ဂုဏ်ထူး၊ ရာထူး မလိုချင်ပါဘူး၊ ကိုယ့်မှာတော့ နတ်ကတဲ့ ငန်ဒူး"

ဩော်. . . သီချင်းလေးတောင်ညီးလို့။ ကျွန်တော့်မှာသာ ဒီကားနှင့်မှမပါရလျှင် မြင့်စန်းရီနှင့် ဝေးရမည်မို့ မျက်နှာကိုအငယ် ဆုံးထားပြီး. . .

"ဆရာဂန်. . . အဲ. . . ဆရာ"

"ဘာလဲကွာ"

ခေါင်းမဲမဲက ပြန်လှည့်လာသည်။ သူ့ခမျာ ဆရာလည်း အခေါ်ခံချင်ပုံရ၏။

"ဟိုလေ. . . ကျွန်တော် စပယ်ယာလိုက်လို့ အဖိုးအခလည်း ပေးစရာမလိုပါဘူးဆရာ"

"ကားကြပ်တယ်ကွာ၊ လူပိုမတင်နိုင်ဘူး"

"ခုံမှာမထိုင်နဲ့ဆိုလည်း မထိုင်ပါဘူးဆရာ၊ ကိုယ့်စရိတ်နဲ့ လည်း ကိုယ်စားမှာပါ၊ ကျွန်တော်. . . ကျွန်တော် ဒီကားနဲ့မှမလိုက်





ရရင်"

ပြောရင်း ပြောရင်း စကားသံများ ပါ့နှင့်လာ၏။ ဤသို့သာ ပေါ့ မြင့်စန်းရီ။

ကျော်ကိုက ရုတ်ချည်းမျက်ရည်ဝိုင်းလာသော ကျွန်တော့်ကို ငေးကြည့်ပြီး. . .

"တောက်. . . ဒရမ်မာကားရိုက်လိုက်လို့ကတော့ အကယ် ဒမီရ ပြီ၊ နို့. . . နေစမ်းပါဦး မင်းက ဘာဖြစ်လို့ ဒီကားနဲ့မှ အတင်း လိုက်ချင်ရတာလဲ"

ကျလုလုမျက်ရည်များကို ပင့်သုတ်မိသည်။ အတန်ကြာသည် အထိ တုန်ယင်နေသောအသံကို အနိုင်နိုင် ပြန်ထိန်းနေရသည်။ ပြီးမှ

"မြင့်စန်းရီကြောင့်ပေါ့ ဆရာရယ်"

"ဟေ"

ထုံးစံအတိုင်း ဒဒွေးသုံးလုံးပိုင်ရှင် ကျော်ကို မျက်မှောင်ကျုံ့ သွားပြန်သည်။ နောက်မှ. . .

"ဟို. . . ဒေါ်ခင်အေးတူမ မြင့်စန်းရီလား"

"ဟုတ်. . . ဟုတ်ပါတယ်ဗျာ၊ သူနဲ့ကျွန်တော်နဲ့က"

ဖြစ်ပျက်ခဲ့သည်များကို မရှက်မကြောက် ရှင်းပြရသေး၏။ ကျော်ကိုက ခေါင်းတညိတ်ညိတ်နှင့် နားထောင်ပြီး. . .

"နေပါဦး. . . မင်းက မြင့်စန်းရီကို ဘယ်လောက်ချစ်သလဲ၊ အရင်ဆုံး ဥပမာနဲ့ပြောကွာ"

"မျောက်က ငှက်ပျောသီးကို ချစ်သလောက်ချစ်ပါတယ်"

"ယင်ကမစင်ကို ချစ်သလောက် ချစ်တယ်သာပြောပါကွာ"

ဩော်. . . သူ့ဥပမာကတောင် ပိုကောင်းသေး။ ဆက်စဉ်းစားလျှင် သည့်ထက်ရွံစရာသာရှိတော့မည်။ ထွီး



www.burmeseclassic.com

"အေးကွ... မင်းအဖြစ်က ကူညီချင်စရာတော့ကောင်းသား၊ ဒါပေမဲ့ ငါက မင်းကိုကူညီပြီးရင် မင်းကရော ငါ့ကိုဘယ်လိုပြန်ကူညီမှာလဲ"

ကျွန်တော် အားတက်သွားသည်။

"ဟာ... ဒါတော့စိတ်ချ၊ ကားအတွက် လိုအပ်သမျှ ကျွန်တော် အကုန်ပြန်ကူညီမယ်"

"ကျွတ်"

ကျော်ကို ခေါင်းခါသည်။

"ကားကိစ္စ ငါအကုန်ပိုင်နိုင်တယ်ကွ၊ တခြားဟာပြော"

"အဲ... ဟိုလေ... ရန်ကုန်မှာ ကာရာအိုကေဆိုင်မှန်သမျှ ကျွန်တော်သိတယ်"

"ပေါ"

ကျော်ကို၏ မပြုံးတပြုံးမျက်လုံး ပြူးတက်လာ၏။ ကာရာအိုကေ စိတ်ဝင်စားပုံရ၏။

"မင်း... မင်း တကယ်ပြောတာနော်"

"ဩော်... ဆရာကလည်း ကျွန်တော်မရောက်ဖူးတဲ့နေရာ မရှိပါဘူးဆို"

ကျော်ကို ခုန်ဆွခုန်ဆွပါ ဖြစ်သွား၏။ ပြီးမှ ခေါင်းကုပ်ပြီး

"နေဦးကွ... ရန်ကုန်က ကာရာအိုကေဆိုင်တွေဆို ငါ့ကို မှတ်မိမလားပဲ"

"ဘာလို့"

"အာ... ငါက ဒါရိုက်တာအပြင် မင်းသားလည်းလုပ်လာတာလေကွာ"

"ဟင်... ဟုတ်လား"





"မအေးလေကွာ... ဂီဒီယို [illegible] တော်လှန်ရေး အောက်ကားတွေရိုက်လာရင် [illegible] ဆိုပါပေါ့"

"ဟင်... နာမည်တော့ကြားဖူးသား"

ကျော်ကို ရင်ကော့သွား၏။ တကယ်လည်း ကြားဖူးပါသည်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံး လွတ်လပ်ရေးရသည့်တိုင် တစ်ယောက်တည်း လွတ်လပ်ရေးမရဘဲ တော်လှန်ရေးကားများ ရိုက်နေသော လက်ကျန်တော်လှန်ရေးသမားကြီးပင်။ ထိုတော့မှ ရုပ်က ရေးတေးတေး ပြန်ပေါ်လာ၏။ လုံချည်ကြီး ကွင်းသိုင်းပြီး ပြောင်းတို တစ်လက်၊ ခပြောင်းရှည်တစ်လက်နှင့် ပုံရိပ်များ။ မျက်ရည်တဝိုင်းဝိုင်းနှင့် ခမောက်စုတ်ဆောင်းထားသောပုံများ။

"အေးကွာ... အစကတော့ ငါ့ကို ကုလားဆင်လေးဆိုပြီး အားပေးကြပါရဲ့၊ ငါလည်း ကျိုက်ထီးရိုးတောင်ပေါ် တက်ပြီး"

"ဘာလုပ်တာလဲ"

"ဝါးသေနတ်စုတာလေ၊ ဟိဟိ ပြီးတော့ ရုပ်ရှင်ထဲ အဲဒီဝါးသေနတ်တွေနဲ့ ပြန်တော်လှန်တာ"

"အဲ... အဲဒီတုန်းက မင်းသမီးက"

"ငါ့မိန်းမပဲလေ၊ ဒါပေမဲ့ အခုတော့ မရိုက်တော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ... ငါကလည်း သူများအနိုင်ကျင့်မှ တော်လှန်လို့ရမှာလေ၊ အဲဒီတော့ ဇာတ်ကားထဲမှာ ငါတော်လှန်လို့ကောင်းအောင် ငါ့မိန်းမကို ဂျပန်က မုဒိန်းကျင့်လိုက်၊ အင်္ဂလိပ်က အနိုင်ကျင့်လိုက်၊ သူကြီးသားက ဗလက်ကာယပြုလိုက်ဆိုတော့ ကြာတော့ သူလည်း လေညာပြီးဖောလာတာ၊ အဲဒါနဲ့ မရိုက်တော့ဘူး၊ ရုပ်ရှင်တကြောပြတ်ရော၊ ဟိဟိ အခုချိန်ထိ မျက်နှာက အယောင်

www.burmeseclassic.com



မကျသေးဘူး၊ ဖောနေတုန်း"

ဩော်. . . တစ်ကားနဲ့ပဲ တစ်က ုးဘ ကျွံခံနေရတဲ့နောက် ဘယ်သူက ဖျား ဆက်ရိုက်ချင်တော့မှာလဲ၊ လေညဉ့်ပြီး မဖောခံနိုင်ရိုး လား၊

"တော်လှန်ရေးကားမှာကွာ ဇာတ်လမ်းကလည်းမရှိ၊ လူက လည်းမရှိတော့ လူကောင်းနေရာက သေနတ်ပစ်ရင် လူဆိုးနေရာက သူတို့ပဲပြန်သေရ၊ လူဆိုးကပစ်ရင် လူကောင်းနေရာ သူတို့ပဲ ပြန်မှန် ရနဲ့ဆိုတော့ ကြာတော့ ဘယ်သူမှ မလုပ်ချင်ကြတော့ဘူး"

"ဒါနဲ့ အခု ဆရာကမတော်လှန်တော့ ဘယ်သူမှဆက်ပြီး မတော်လှန်ကြတော့ဘူးလား"

"ငါ့ယောက်ဖတော်လှန်နေတယ်လေ၊ ငါ့ယောက်ဖလည်း ပင်းသားပဲ ါပမဲ့ ခက်တာက ဒီကောင်က ခေါင်းကြီးပြီးလက်တိုနေ တာကွ၊ ငါတို့ငယ်ငယ်တုန်းကလို ကျောင်းနေရင် လက်ကခေါင်းကို ကျော်ပြီး နားရွက်ကိုင်ပြရတာလေ၊ အဲဒီလို တစ်ဖက်နားရွက်ကိုမှ ကျောင်းနေရတာ၊ အဲဒီစနစ်သာ ခုချိန်ထိရှိရင် ဒီကောင် ဒီအရွယ်ထိ သူငယ်တန်းတက်ရမှာမဟုတ်ဘူး၊ ဒီကောင့်လက်က ငယ်ထိပ်လောက် ပဲရှိတာ တော်လှန်ရေးကားသာရိုက်တာ အပြင်မှာဆို ဒီကောင့်ခေါင်း ကြီးက ပစ်မလွဲကြီး၊ နောက်ပြီး ဒီကောင့်လက်က ရိုင်ဖယ်သေနတ် ခလုတ်တောင် မှီရုံအနိုင်နိုင်၊ ဟီဟိ၊ ဒါပေမဲ့ အဲဒီလက်တိုတိုနဲ့ပဲ အလုပ်ဖြစ်နေတာ"

ဩော်. . . တော်လှန်ရေးသမားမျိုးရိုးပါလား။ ကြည့်ရင်း ကြည့်ရင်းပင် လေးစားလာရ၏။ ကျိုက်ထီးရိုးဝါးသေနတ်ရှိရုံနှင့် အလုပ်ဖြစ်နေသည့် မျိုးရိုးပေကိုး။

"ယောက်ဖကတော်တော့တော်တယ်ကွ၊ သူရိုက်တဲ့ကာ





ကို သူများမကြိုက်ပေမယ့် အာမ္ဘိန်ယံ ဘာ ဟာသု ကောင်းတယ်လို့ ပြောရဲတယ်ကွ၊ ဒါကိုက ပဲ ဖျက်နေ ကြောင်တာမဟုတ်ဘူးနော် ဒီလောက်ကြီးတဲ့မျက်ခွက်က ဒီလောက်ပြောင်ငယ်ဆိုတော့ ပုံပြင်ထဲ မှာပဲ ဒီလိုကောင်ရှိသင့်တယ်"

စသည်ဖြင့် ဒရဝမ်၊ ဒါရိုက်တာ၊ ဒရိုင်ဘာကျော်ကိုမှ သူ၏ ဗွီဒီယိုသမိုင်းများကို ပြတိုက်သဖွယ် ရှင်းလင်းပြသနေတော့၏။

"ငါ ဒါရိုက်တာမလုပ်ခင်က ဒီးဒုတ်တောင်တာကွ၊ ပြီးမှ တိုက်ရိုက်ဒရဝမ်ရတာ"

စကားသံသည် လေထဲ၌ပျံ့လွင့်ပြီး အကောင်အထည်မပျက် ရှိနေပါက စကြာဝဠာတစ်ခုလုံး၌ အသုံးမကျမှုများနှင့်သာ ပြည့်နှက် နေလေတော့မည်။

သူ၏စကားများကို နားကြားရင်း မြင့်စန်းရီမျက်နှာလေး မြင်ယောင်နေမိသည်။ ဩော်. . . သည်အတိုင်းဆိုလျှင် မြင့်စန်းရီ ခမျာလည်း လေညဉ့်ပြီး ဖောရှာပေတော့မည်လေ။

××××



www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်းလေပြည်က ချမ်းပါသည်။ ကား၏ပြေးနှုန်း လေပြည်၏ အမြန်နှုန်းတို့ကြောင့် ကားပေါ်ပါလာသူအားလုံးမှာ အနွေးထည်များ၊ စောင်များဖြင့် ကိုယ်စီအနွေးဓာတ် ရှာဖွေကြကုန်၏။

မြင့်စန်းရီခမျာလည်း သစ်လွင်သောအနွေးထည်ဖြင့် အပြာ ရှုခင်းများကို ငေးနေလေသည်။ ထိုထဲမှာ ဘာအနွေးထည်မှမဝတ်ဘဲ ကားပေါ် ဆတ်ဆလူးထနေသူတစ်ဦးရှိ၏။ အဲဒါ ကျွန်တော်ပင်၊

မြင့်စန်းရီနှင့် တစ်ခရီးတဲသွားရ၍ အလိုလိုနေရင်း အူမြူး နေမိသည်။ မြင့်စန်းရီကိုကြည့်၍ ရယ်ပဲရယ်ချင်နေမိသည်။

"လာနော်. . . ကျိုက်ကော် သိမ်ဆိပ်ပါလား၊ ဝေါပါလား၊ ရန်ကုန်၊ သာရဝေါ၊ မြင်းခြံ၊ မိတ္ထီလာ၊ လိုက်ရင်က ချောင်တယ်ပြန် တယ်၊ ရောက်တယ်၊ ရောက်တယ်၊ ဘုရားဖူး. . . ဘုရား. . . ဖူး"





ရွှင်မြူးစိတ်နှင့် အော်သံတွေလွှင့်နေ၏။ ဒါကို အရှေ့နားက ဘုရားဒကာမကြီးတစ်ယောက်က. . .

"ဟဲ့. . . ဒီကားဟာ ငါတို့စင်းလုံးငှားထားတာလေ၊ ဘာတွေ လျှောက်အော်ပြီး ဘယ်သူ့ကိုတင်ဦးမလို့လဲ"

သူ့စကားကို နောက်တစ်ယောက်ကလည်း. . .

"ဟုတ်ပ့ါတော်. . . အေးရာအေးကြောင်း ဘုရားဖူးထွက်ပါ ဘယ် တကတည်း လမ်းလူတင်ဦးမလို့လား၊ ဟဲ့ ကျော်ကို နှင်ဘာလုပ် ဘာလဲ"

သူတို့စကားကို ဒါရိုက်တာပြုတ် ဒရိုင်ဘာကျော်ကိုက ဂိယာ ခိုန်းရင်း. . .

"အာ. . . အရီးလေးတို့ကလည်း ဒီကောင်အာချောင်ပြီး လျှောက်အော်နေတာပါ။ ပင်းသားရူးငပေါလေးပါ။ ဂရုစိုက်မနေပါနဲ့"

ဟုဆိုကာ ကျွန်တော့်ဘက်စောင်းပြီး. . .

"ဟေ့ကောင် ငပေါ၊ အဲဒါ အာချောင်တယ်ခေါ်တာကွ၊ အာချောင်မနေနဲ့"

ပျော်ပြီးသားအပျော်သံတွေကို ပြန်မျိုချလိုက်ရသည်။ ချစ်သူ ရှေ့၊ လူအများရှေ့ အာချောင်တယ်အပြောခံရသည့်ဘဝ မည်မျှဆိုး သည်ကို သိလိုက်ရသည်။ မွေးရာပါ ရှက်ကြောပြတ်ခဲ့သူပင် ရှက်ချင် ချင်။

ချစ်သူကိုကြည့်လိုက်တော့လည်း ရိုးအီနေပြီဖြစ်သော အဖြစ် အပျက်မို့ထင်သည်။ ဘာမှ ထူးထူးခြားခြား မခံစားရ။ မမြင့်တမြင့် ကားအပြင်မြင်ကွင်းကိုသာ ငေးရီနေသည်။

ကျွန်တော်လည်း ချောင်နေသောအာကို ပြန်တည့်မတ်ပြီး နေရာပေးထားသော ကားခြေနင်းခုံပေါ်သာ ငုတ်တုတ်ထိုင်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ဤသို့သာပေါ့ မြင့်စန်းရီ။ မြင်နေပါလျက် လွှမ်းနေရသောအား ဘယ်သူကများ ရှိမှာလဲ။ ဒီ သူမ်းဝေးသောအရာ၊ မမြင်တွေ့နိုင်သောနေရာ မဟုတ်ပါကဲ့ အကြည့်တစ်ချက်၊ ကြော်ဘောင်တစ်ခတ်မှုတောင် မဝေးပါဘူး ... ကြောင့် လွှမ်းနေရပါသလဲ။ နဲ့ခွာရတော့မှ ရှိလား။ ဒါလည်းမဟုတ်လိုက်တာ။

တစ်လှေထဲစီး တစ်ခရီးထဲသွားနေကြတဲ့ ချင်းခြင်းမေတ္တာနဲ့ လှတွေချည်းပါပဲလေ။ နေဝင်မိုးချုပ်၊ ဒီမျက်နှာ ဒီမျက်နှာ မြင်နေရပါပါ၊ ဒါကို မင်းမကြည့်ချင် မမြင်ချင်သူက အမြင်ကိုမေးလို့ မျက်နှာချင်းဆိုင် ဆုံမှတ်တွေဝေးလို့။

ဟခုတော့ သူများဘုရားဖူးသွားတာ တလျှောက်ရှုပြီးလိုက်ရတဲ့ဘဝ။

အကုသိုလ်တွေ အတုံးလိုက်အတစ်လိုက် အမြစ်တွယ်နေတာ မဆန်းလှပါဘူး။

သာယာလှပပါတယ်ဆိုတဲ့စကား ကျွန်တော့်ကမ္ဘာမှာ ပြားနေလေပြီ။

××××





"ကျန်းမာရေးနဲ့ ထမင်းစားနားကြမယ်ဟေ့"

အော်သံနှင့်အတူ ကားက ထမင်းဆိုင်ကြီးတစ်ဆိုင်ရှေ့ ဖြည်းညှင်းစွာ သက်ရောက်သွားသည်။

"ဟေ့ကောင် . . . တံခါးဖွင့်လေကွာ"

တွေဝေမှု၊ နောက်ကျိမှုများကို ဖြတ်သိမ်းရင်း ခြေနင်းခုံမှထကာ တံခါးကို ဆွဲဖွင့်ပေးလိုက်သည်။

သက်ကြီးရွယ်အိုများ၊ တုန်တုန်ချိချိများ ဆင်းသည်ကို ဂရုမစိုက်နိုင်ဘဲ မြင့်စန်းရီကိုသာ ငေးကြည့်နေမိသည်။ မြင့်စန်းရီ ကားတံခါးနားရောက်တော့ အရှေ့မှာပိတ်၍ နေ့နေ့သော အဘွားကြီးနှစ်ယောက်ကို တွန်းချပြီး . . .

"မြင့်စန်းရီ . . . ဖြည်းဖြည်းဆင်းနော်"

"ဟဲ့ . . . ဟဲ့ အောင်မလေး ဘယ်လိုလဲကျော်ကို နင့်စပယ်



www.burmeseclassic.com

www.burmeseclassic.com



ယာက ငါတို့လိုအဘွားကြီးကို တွန်းချပြီး ...နဲ့သန်မာ ကြီးကြတော့ တွဲလို့၊ ဟင် ဒါကဘာသဘောလဲ"

"ဟုတ်ပါ့အေ. . . ဒူးကမကောင်းရတဲ့ကြားထဲ ကားပေါ်က တွန်းချခံရတယ်လို့။ အားလားလား ဟပ်ထိုးတောင် လဲတော့မ... ရန်ကုန်စပယ်ယာပဲသပါ"

အဘွားကြီးများစကားကို ဒဝေးသုံးလုံးကျော်ကိုက. . .

"ဟေ့ကောင်. . . မင်းဘယ်လိုလုပ်လိုက်တာလဲ"

သူ့အမေးကို ကျွန်တော်လည်း ယောင်ပြီး. . .

"ကျွန်တော်လည်း တန်ချဖို့မေ့သွားတာ၊ အဲလေ အော... မြန်မြန်ရောက်အောင် ကမန်းကတန်း ညင်ညင်သာသာတွန်းချလိုက်တာ၊ ဟိဟိ အရှိန်နည်းလို့၊ နို့မို့ရင် ဟပ်ထိုးဟပ်ထိုးနဲ့ အိမ်သာထဲ... ရောက်မှာ၊ အဟ် လာ မြင့်စန်းရီ၊ လာ ဖြည်းဖြည်းဆင်း၊ ခြေကျင်းဝတ်... နာလိမ့်မယ်"

ဟုဆိုကာ မျက်နှာကြီးတစ်ကွက်ထဲ ရှုံ့ပြီး လှမ်းခေါ်လိုက် သည်။ မြင့်စန်းရီက ကျွန်တော့်ကို လှည့်ပင်မကြည့်ဘဲ သူ့ဘာသာသူ ကြာခြေရရဆင်းသည်။ ကျွန်တော့်မျက်လုံးများက မြင့်စန်းရီနောက် ကရုဏာပေါင်းမြောက်မြားစွာနှင့် ကပ်ပါသွားရ၏။ ဒါကိုကြည့်၍ အဘွားကြီးများက. . .

"အောင်မလေး ကြည့်ကြစမ်းပါဦး၊ လူက ကားပေါ်က မဆင်းရသေးဘူး မျက်လုံးက အိမ်သာရှေ့ရောက်နေပြီ၊ တကျော့... ချက်ကတော့ အမေနဲ့မိန်းမတောင် ဘယ်ဟာအစားထိုးမှန်း သိမှ မဟုတ်ဘူး"

အဘွားကြီးများစကားကို ကျွန်တော်က. . .

"ဟာ ကြီးမေတို့ကလည်း ဒါများ ဘာစဉ်းစားစရာလိုသလဲ ရပ်ကွက်ထဲက သက်ကြီးရွယ်အို မိန်းမ ဘယ်သူဖြစ်ဖြစ် အမေလို့ခေါ် လို့ ဘယ်သူမှ စိတ်မဆိုးဘူး၊ ပျိုပျိုရွယ်ရွယ် မိန်းမ ဘယ်မိန်းမဖြစ်ဖြစ် မိန်းမလို့ သွားခေါ်ကြည့်ပါလား ပါးကျိုး သွားမှာပေါ့၊ ဘယ်ဟာအစားထိုးရ မလဲ အသိသာကြီး၊ အမေက ဘယ်သူ ဖြစ်ဖြစ် ခေါ်လို့ရတယ်၊ မိန်းမက ဘယ်သူဖြစ်ဖြစ် ခေါ်လို့မရဘူး"

"အောင်မလေးလေ. . . စပယ်ယာ လို့မပြောရဘူး နှုတ်သီး ကောင်းလှ ပါ၊ ဒီလိုအတွေးအခေါ်မျိုးနဲ့ကတော့ ကြီးပွားဦးမယ်"

"ဟုတ်ပါ့. . . ပြောနေပုံကိုက အမေကိုတောင် ရပ်ကွက်ထဲက တွေ့ ကရာမိန်းမကြီး အမေခေါ် အစားထိုး လို့ရတယ်၊ မိန်းမကတော့ ကိုယ့်မိန်း မကလွဲပြီး အစားထိုး လို့မရဘူးဆိုတဲ့ သဘော၊ အံ့ပါ့တော် ရပ်ရှင်ရှုံးတွေ နဲ့တွေမှ ငါတို့လည်း ရှုံးကြောင်ကြောင် စကားတွေ ကြားနေရတယ်လို့ ဟင်း"

ကျွန်တော် သူတို့စကားများ ကို ကျော်ဖြတ်လိုက်သည်။ ခြေလှမ်း

ခြေလှမ်းများက. . .

မြင့်စန်းရီသို့။

မြင့်စန်းရီ ခြေလှမ်းက. . .

Toilet သို့။

သူ့ခများလည်း မနည်းကျစ်ပြီး လျှောက်နေရပုံ။

www.burmeseclassic.com



များက မြင့်စန်းရီသို့။ မြင့်စန်းရီ ခြေလှမ်းက Toilet သို့။ သူ့ခမျာလည်း မနည်းကျစ်ပြီး လျှောက်နေရပုံ။

"ဟဲ့. . . အို ဘယ်လိုလိုက်တိုး"

"ဟဲ့. . . ဟဲ့ ဘာတွေအရေးကြီးလာတာလဲ"

လူက ရှေ့တန်းတိုက်စစ်မှူးတစ်ယောက်လို ဂိုးသွင်းနိုင်ရန် တွေ့ကရာလူ တွန်းတိုက်ပြီး ကျော်ထွက်လိုက်သည်။

"ဟာ"

မမီလိုက်တော့။ မြင့်စန်းရီက ဂိုးထဲဝင်သွားလေပြီ။ တစ်လိုမ့်ချင်း ဝင်သွားခြင်းပင်မဟုတ်။ အပြင်းကန်သွင်းလိုက်သော ဘောလုံးလို လှစ်ခနဲပြေးဝင်သွားခြင်းပင်။

"ဟင်း"

မတတ်သာသည့်အဆုံး ဂိုးတိုင်ဝကိုသာ မှီစောင့်လိုက်ရသည်။ မြင့်စန်းရီ ပြန်ထွက်လာချိန် အမြင် လှစေရန် ခြေကိုချိတ်၍ မျက်နှာကို ပြုံးထားလိုက်သည်။

"ဟဲ့. . . အို ပြုံးပြုံးကြီး"

"ဟင်. . . ဟာ. . . ဒါ. . . ဒါကြီးက. . . ဒါကြီးက အမျိုးသမီးအိမ်သာဝမှာ"

လာသမျှလူများ၏ မျက်နှာ တွန့်ကြေကုန်၏။ ချစ်သူရှိသော နယ်မြေသည် ကျွန်တော်၏ကမ္ဘာ ဖြစ်သည်။ ကျွန်တော်၏ကမ္ဘာသည် ချစ်သူရနံ့များနှင့် သင်းပျံ့၏။ စမ်းချောင်းကလေးလည်းရှိ၏။ ရေများပင် တသွင်သွင်။

"ရှူး. . . ဟား"

"ဟယ်. . . . ဟယ် မွှေးတယ်ထင်ပါ့၊ ရှူးခနဲတောင်နေသေး"





"ဟဲ့. . . ဟိုစပယ်ယာ အမျိုး သမီးအိမ်သာရှေ့ ဘာလို့ ပြုံးပြုံးကြီး လာရပ်နေတာလဲ၊ ဘာလဲ အနံ့ကမွှေးလို့လား"

"အောင်မယ်. . . အောင်မယ် ရုပ်ကိုက မြိန်နေတာ၊ မြိန်နေတာ၊ ကျောက်စက်ရေစီးသံကြားတဲ့အတိုင်း"

"ဟဲ့. . . ဘာလုပ်နေတာလဲ သွားလေ"

အဘွားကြီးများအော်သံ။ ထိုတော့မှ ကျွန်တော်၏ကမ္ဘာမှ ပြန်လည်လန့်နိုးလာသည်။ ခေါင်းပေါ်ရောက် ကမ္ဘာလေး၏ နာမတော်ကို ပြန်ပတ်ကြည့်လိုက်သည်။

"အမျိုးသမီးများသာ"

"ဟိုက်. . . လွဲပြန်ပဟ"

ရှက်ကိုးရှက်ကန်းနှင့် ခြေလိမ်ထွက်လာပြီးနောက် ကမ္ဘာတစ်ခုရှေ့ သွားရပ်လိုက်သည်။

"အမျိုးသားများသာ"

"တောက်. . . နံဟောင်နေလိုက်တာ"

အသက်ကို မနည်းအောင့်ထားလိုက်ရသည်။ စိတ်ထဲတွင်လည်း. . .

"အတော်ဆိုးတဲ့လူတွေကွာ"

ဟုသာ။ ဒါမျိုးကတော့ ဆိုးပါ့။ ကျားအချင်းချင်းဆို မှန်တောင်မကြည့်ချင်သူမို့ ထိုအနံ့က အခံရခက်၏။

အရှေ့မှဖြတ်သွားသော အဘွားအိုတစ်ဦးမှ. . .

"တကယ်ပါအေ. . . အသက်ကြီးမှ ကိုယ်ဝန်ဆောင်တာ တစ်မျိုး၊ ဒီကောင့်မျက်နှာမြင်ရတာတစ်မျိုး အခံရအခက်ဆုံးပဲ"

တဲ့။ ဟုတ်မှာပါလေ အသက်ကြီးမှ ကိုယ်ဝန်ဆောင်တော့ ဘာဖြစ်မှန်းမှ ကိုယ်မသိတာ။ ဒီမျက်နှာကြီးမြင်တော့လည်း မလိုချင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကလေး အလိုလိုရှသလိုနေမှာပေါ့။

××××







မြင့်စန်းရီက ထမင်းကို တို့ကနန်းဆိတ်ကနန်းသာ စားသည်။ အနားကအဒေါ်ကြီးများ တစ်ခုခုခပ်ထည့်ပေးတိုင်း တော်ပြီတော်ပြီဟုသာ ငြင်းနေလေ၏။

"စားလိုက်ပါ မြင့်စန်းရီ၊ တော်ရုံအဆာလွှန်နေမှဖြင့်"

ခပ်ဝေးဝေးမှာရှိနေသည်မို့ ကြိတ်၍သာ အားပေးနေရသည်။

"ဟာ. . . ဟင်းတွေက မှည့်ထနေပါလား"

ဒွေးသုံးလုံး ဆရာကျော်ကိုက ကျွန်တော်တို့အတွက် ပြင်ထားသော ထမင်းဝိုင်း ဝင်ထိုင်ရင်း ပြောသည်။ ပြီးနောက် ဟင်းချိုကို ရှူးခနဲတစ်ငွန်းမြည်းပြီး. . .

"အား. . . ဟင်းရည်ကတော့ကွာ မာမီတွေစကားနဲ့ပြောရရင် ကိုမောင်သောင်းကောင်းချက်က မျက်တောင်တုတောင်ကျွတ်



www.burmeseclassic.com

www.burmeseclassic.com



တယ် ဆိုတာမျိုးပဲဟေ့"

ပန်းကန်တစ်ခုကို ဆွဲယူရင်းက

"ဟော့ကောင်. . . စောကြည်ဖြူ လာစားလေ"

"ဟုတ်. . . ဟုတ်ကဲ့ပါ"

ကျွန်တော်လည်း ပန်းကန်လေးတစ်ချပ်ဆွဲပြီး သူ့နားဝင်ထိုင်သည်။

"အေးကွ. . . ဒါမျိုးမြင်တော့ ရှူတင်ထမင်းတောင် သတိရသေး၊ အဟေးဟေး"

ကျွန်တော်လည်း အရှေ့၌ စုံလင်စွာချထားသော ဟင်းခွက်များကို ငေးကြည့်ရင်း. . .

"ဘာလဲ. . . ရှူတင်ထမင်းကလည်း ဒီလိုစုံစုံလင်လင်ပဲလား"

ကျော်ကိုမျက်နှာ ရှုံ့မဲ့လိုက်ပြီး. . .

"ဘယ့်နှယ်စုံရမှာလဲ၊ အပေါ်ကားတွေတော့မသိပါဘူးကွာ ငါတို့အောက်ကားတွေကတော့ ကြံရာနဲ့ ကျွေးထည့်လိုက်တာပဲ၊ အဟီး ဒီကြားထဲဇာတ်ပို့ဇာတ်ရံတွေ ပါလာတာကိုတောင် မင်းသားကွဆိုပြီး နှိုက်မြည်းသေး၊ အဟေးဟေး"

"ဒါနဲ့ အောက်ကား၊ အောက်ကား ပြောပြောနေတော့ ဗီဒီယိုမှာက ဘယ်နှစ်ဆင့်ရှိလို့လဲ"

ကျော်ကိုက ထမင်းအလုပ်ကြီးတစ်လုပ် ပစ်သွင်းပြီး. . .

"အပေါ်ကား၊ အောက်ကားနဲ့ အန်ဒါဂရောင်းဆိုပြီး သုံးမျိုးရှိတယ်ကွ၊ အပေါ်ကားက နာမည်ကြီးမင်းသား မင်းသမီးနဲ့ ဒါရိုက်တာတို့က ကုန်ချင်သလောက်ကုန်ဆိုပြီး ဖွင့်ရိုက်တာ"





"အောက်ကားက"

"အောက်ကားက ငါတို့လိုပေါ့ကွာ၊ ကိုယ်ရှိတဲ့ကင်မရာနဲ့ ကိုယ်ရှိတဲ့လူစုပြီး ဖြစ်သလိုရိုက်တာ၊ တစ်ခါတလေလည်း တခြားပရိုဂျူဆာတွေက ကန်ထရိုက်ပေးပြီး ရိုက်ခိုင်းတာ၊ ဥပမာ ငါးသိန်းအတွင်း အဝင်ရိုက် ပိုတာကိုယ်ယူဆိုတာမျိုးပေါ့"

"ဟင်. . . ဒီလိုလား၊ ဒါဆို နောက်တစ်ဆင့်က"

"အန်ဒါဂရောင်းလေ. . . အဲဒီအဆင့်က ရုပ်ရှင်မင်းသားအချင်းချင်းတောင် ရှုံတယ်"

"ဘာလို့"

"သူတို့က မင်းသားလုပ်ချင်တဲ့လူ ပိုက်ဆံစိုက်၊ မင်းသမီးလည်း ပိုက်ဆံစိုက်၊ ပြီးတော့ ဈေးပေါတဲ့တောတွေမှာ သွားရိုက်တာ၊ မင်းသားက ပိုက်ဆံစိုက်ပေမယ့် မြင်းမစီးရဘူး၊ သေနတ်မပစ်ရဘူး"

"ဟင်. . . ဘာဖြစ်လို့"

"မြင်းစီးရင် မြင်းငှားခမတတ်နိုင်လို့၊ သေနတ်ပစ်ရင် ယမ်းဖိုးမပေးနိုင်လို့၊ ငါတို့ကတောင် ဝတ္ထုစာအုပ်လေး၊ နိုင်ငံခြားကားလေး မှီငြမ်းပြီးရိုက်သေး၊ သူတို့ဇာတ်ညွှန်းတွေဆို ဖိုက်တင်အပျိုး၊ Big ဖိုက်၊ အကြီးအကျယ်ဖိုက်၊ အစွမ်းကုန်ဖိုက် ဒါမျိုးချည်းရေးထားတာ"

"ဩော်"

ကျော်ကိုက ထမင်းကို မြိန်ရည်ယှက်ရည်စားသလို စကားကိုလည်း အလုပ်ကြီးကြီးပြော၏။

"ဟင်. . . အဲ. . . အဲဒါမျိုးတွေရော ရှိသေးတာလား"

"ရှိတာပေါ့ကွ၊ မင်းသားမှာတင် မင်းသားကြီး၊ မင်းသားပေါက်နဲ့ မင်းသားပြုတ်ဆိုပြီး သုံးမျိုးရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပါဦးဗျ"

ထမင်းထက်ကို သူ့စကားက စိတ်ဝင်စားစရာကောင်း၏။

"မင်းသားကြီးဆိုတာ ဈေးကွက်ခိုင်နေတဲ့ ငယ်ငယ်ကြီးကြီး အဲဒါကို မင်းသားကြီးလို့ခေါ်တယ်၊ မင်းသားပေါက်ဆိုတာ ဈေးကွက်ရှိတယ်၊ ပရိသတ်ရှိတယ်၊ ဒါပေမဲ့ ရုပ်ရှင်ကားကြီး ဘယ်သူမှမရိုက်ရဲဘူး၊ အဲဒီတော့ မင်းသားကြီးတန်းမရောက်လာသူတွေပေါ့။ မင်းသားပြုတ်ဆိုတာက အရှေ့မှာ ဘယ်လောက်ပဲ နာမည်ကြီးခဲ့ကြီးခဲ့ လူမုန်းများပြီဆိုရင် ဘယ်သူမှမကြည့်ချင်တော့ဘူး။ အဲဒီလိုလူမျိုးက အလကားရိုက်ပေးမယ်ဆိုတာတောင် ဘယ်သူမှ ခေါ်မရိုက်တော့ဘူး။ အဲဒါမျိုးကို မင်းသားပြုတ်လို့ခေါ်တာပေါ့ကွာ၊ ငါတို့လိုလူမျိုးတွေပေါ့ကွာ၊ အလကားရိုက်ပေးမယ်ဆိုရင်တောင် မင်းသားပေါက်တွေက ငါတို့နဲ့လည်းမယှဉ်ချင်၊ နောက်ပြီး ငါ့နာမည်ပါတာနဲ့ အောက်ကားကြီးပဲဆိုပြီး လူကအထင်သေးနဲ့ အင်မတန်နေရခက်တဲ့ အတန်းပေါ့ကွာ၊ မင်းပဲစဉ်းစားကြည့်လေ အရင်နာမည်ရတုန်းကလိုလည်း အထက်တန်းကျကျ မနေနိုင်။ အသုံးအဖြုန်းကြီးတော့မွဲ၊ မွဲလို့လိုင်းကားတိုးစီးပြန်ရင်လည်း မင်းသားပြုတ်မှန်း လူတိုင်းကသိ၊ ကိုယ်ပိုင်ကားဝေးလို့ အငှားကားတောင်မစီးနိုင်၊ ဒီတော့ သူများကားမှာ ခပ်တည်တည် ဒရိုင်ဘာတက်လုပ်နေရတာသာ ကြည့်ပေတော့။ ဟီဟိ ငါ့လိုကောင်တွေလာဦးမယ်၊ အများကြီး၊ ဟေး ဟေး"

စကားက လွန်စွာရှည်လျားသည်။ သို့သော် အူရွှင်၏။ မင်းသားပြုတ် သို့မဟုတ် မင်းသားအထည်ကြီးပျက်မို့ စကားက သွက်၏။

"ဒါနဲ့နေပါဦး၊ ခင်ဗျားက အခုထိ မင်းသားလုပ်ချင်နေတုန်းလား"





ကျော်ကိုက လက်ဆေးရင်း

"မင်း သတိမထားမိလို့ပါ"

"ဘာလဲဟင်"

"ကားဘက်(ခ်)မှန်အားလုံး ငါ့မျက်ခွက်ကို ငါပြန်ချိန်ထားတာ"

"ဟင်"

"ဘုရားဖူးကားထွက်မယ်ဟေ့"

"ဘုရား, . . ဘုရား"

ထိုတော့မှ ဘုရားတမိတော့၏။ ကျောကလည်း စိမ့်ခနဲအေးလာသလို ဘက်(ခ်)မှန်အားလုံး သူ့မျက်ခွက်မဲမဲ သူပြန်ချိန်ထားလေတော့ နောက်ကားတွေ ကျော်တက်သည့်ကားတွေ ဘယ်လိုကြည့်နိုင်တော့မည်နည်း။

သို့သော်. . . ဤသည်လည်း အရသာမှန်း နောက်မှသိလိုက်ရသည်။

××××



www.burmeseclassic.com

www.burmeseclassic.com





"ကားလေးကျော်မယ် ဆရာရေ"

"မြင်တယ်. . . ငါမြင်တယ်၊ ဟီဟိ"

ကားကိုမြင်ခြင်းမဟုတ်။ နောက်ကားကြည့်ရန် ထောင်ထားသော မှန်မှ သူ့မျက်ခွက်သူပြန်မြင်နေရခြင်းပင် ဖြစ်၏။

"ဘယ်ဖက်မှာ ကားလေးကျော်မယ်"

"မြင်တယ်. . . မြင်တယ်၊ ရှင်းရှင်းကြီးမြင်တယ်၊ ကားလေးက ကုလားဆင်လေး ဟီဟိ"

သူ့ရုပ်သူပြန်ကြည့်ရင်း သဘောတွေကျနေ၏။ ဘုရားဖူးသွားနေပါလျက် ဘုရားတနေရတဲ့အဖြစ်။ မစီးအပ်သည့်အထဲတွင် မင်းသားမောင်းသောကားနှင့် အောက်စီဂျင်မပြည့်သော ရေငုပ်သင်္ဘောပါသည်။

××××





"ငါလည်း ရှူးကြောင်မှူးကြောင်နဲ့ မင်းသားဖြစ်လာရောငါ့အမေပါ ဇာတ်ညွှန်းရေးဆရာဖြစ်လာတာ၊ ဟီဟိ"

ရောက်ဖူးနေကျ ရွှေတိဂုံဘုရားရိပ်ကား အေး၏။ မြင့်စန်းရီတို့ရွာသူအုပ်စုကတော့ ဘုရားဖူးနေကြလေပြီ။ ကျော်ကိုနှင့် ကျွန်တော်သာ ခပ်ဝေးဝေးကနေ ငေးကြည့်ရင်း ကျော်ကို၏စကားအတိုင်း. . .

"အမေရိကားမှာက ဟောလီးဝုဒ်၊ အိန္ဒိယတွေကျ ဘောလီးဝုဒ်၊ ဟော ကိုရီးယားကြတော့ ကောလီးဝုဒ်ပေါ့ကွာ၊ တို့မြန်မာကြတော့ မျောလီးဝုဒ်တဲ့[illegible]နာမည်နဲ့လိုက်အောင် မျောလိုက်တဲ့အမျောငါတို့မရှိတော့မှ နည်းနည်းအဖတ်ပြန်ဆယ်လို့ရတော့တယ်"

မြင့်စန်းရီ တရားထိုင်နေတာတွေ့ရ၏။ ဖြစ်နိုင်လျှင် တရားပင် မထိုင်စေချင်သေး။ တော်ကြာ တကယ်အာသဝေါခန်းသွ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဖက် မလှည့်တော့မှာ စိုးရိမ်၍ဖြစ်သည်။

"ဟို မင်းသားကြီးဆို အတော်ဆိုးတယ်ကွ"

ဘယ်မင်းသားကြီးမှန်း မသိ။ သူ့ကားစီးမှတော့ သူ့စကားနားထောင်ရပေတော့မည်။

"သူဆို သူပါတဲ့အခန်း သူ့ဘာသာသူရိုက်တာ၊ ဒါရိုက်တာတွေကလည်း သူ့ထက်ဝါနုတော့ မပြောရဲကြဘူး၊ ဒါကြောင့် သူ့ကားတွေဆို ဘယ်သူနဲ့တွဲတွဲ သူအသာကြီးပဲ"

မြင့်စန်းရီနှင့်ကျွန်တော် တွဲ၍ စိတ်ကူးထဲ ရုပ်ရှင်ရိုက်ကြည့်သည်။ မြင့်စန်းရီက မင်းသမီး၊ ကျွန်တော်က မင်းသား။ ရိုက်ကွင်းဘည်နေရာက အတွင်းခန်း။ ဇာတ်ဝင်ခန်းက. . .

"ထွီ. . စိတ်ကူးထဲရိုက်သည့် ရုပ်ရှင်ကားကိုက ညစ်ညမ်းလိုက်တာ"

ထိုအတွေးမျိုးရှိသော ကိုယ့်ကိုယ်ကိုပင် ခါ၏။

"ပြီးတော့ အဲဒီလူကြီးက ရှူတင်ထမင်းမစားဘူးကွ၊ သားသမီးတွေခေါ်ပြီး ထမင်းဆိုင်ပတ်စားတာ၊ စားပြီးရင်လည်း ပိုက်ဆံမပါလာလို့ဗျာဆိုပြီး မျက်နှာပြောင်နဲ့ပြန်လာတာ၊ ဆိုင်တွေကလည်း နာမည်ကြီးမင်းသားဆိုတော့ ခွင့်လွှတ်တာပေါ့၊ အဲဒါကို ခွင့်ကောင်းယူထားတာ"

စားစရာအစုံအလင်နှင့် မြင့်စန်းရီနှင့်ကျွန်တော် ထမင်းစားခန်း ရိုက်ကြည့်သည်။ ကျွန်တော့်ပန်းကန်ထဲ မြင့်စန်းရီ ထည့်ပေးသော ဟင်းက လျှံကျနေ၏။ ကျွန်တော်အသာကြီးပင်။

"ဟော့ကောင်. . . ဒီည ကာရာအိုကေ မင်းလိုက်ပို့မှာနော်"

ဘုရားပေါ်တွင် တရားအကြောင်း ဆွေးနွေးနေခြင်းပင်။

"ဟာဗျာ. . . ခင်ဗျားကလည်း ဘုရားဖူးသွားနေတာ





ကာရာအိုကေနဲ့ မသင့်တော်ပါဘူး"

ကျွန်တော့်စကားကြောင့် ကျော်ကိုမျက်နှာ တည်သွားသည်။

"အေး. . . ဒါဆိုလည်း မနက်ဖြန်ကစပြီး မင်းကို ငါ စပယ်ယာအလုပ်ကဖြုတ်လိုက်ပြီ"

"ဟာ. . . အဲ. . အဲလိုတော့မလုပ်ပါနဲ့ဗျာ၊ ကျွန်တော် ဒီကားနဲ့မှ မလိုက်ရရင် ခေသဖွယ်ရာသာရှိလို့ပါဗျာ၊ နော် နော်"

ကျွန်တော့်စကားကို ကျော်ကိုက တစ်ဘက်လှည့်မှုပြီး

"မရဘူး၊ ငါက စိတ်ကောက်ရင်တစ်ခါပဲ"

"အဲလိုတော့ စိတ်မကောက်လိုက်ပါနဲ့ဗျ၊ ပို့ဆိုပို့ပါ့မယ်ဗျ"

ကျော်ကိုလက်ညှိုးမဲမဲလေး ထောင်တက်လာ၏။

"ကတိနော်"

"ကတိ"

"အေး. . . ဒါဆို ငါစိတ်ချလက်ချ တရားသွားထိုင်လိုက်ဦးမယ်"

ဟုဆိုကာ ဖုတ်ဖက်ခါထထွက်သွားတော့၏။

ဤသို့သာပေါ့ မြင့်စန်းရီ။

အထိုင်အထ၊ အသွားမှာတင် ကမ္ဘာပြားနေသူပါ။

အသွားမတော်လို့တင်မဟုတ်ပါဘူး။ ရုပ်နေရင်းကို မြေကျွံကျခဲ့ရသူ။

××××



www.burmeseclassic.com

www.burmeseclassic.com





မင်းသားပြုတ်လက်၊ အော်တိုပတ်(စ်) (ရေဘဝဲ)ဖြစ်သည်။ စပယ်ယာလက်နှင့် မင်းသားပြုတ်လက်ယှဉ်လျှင် စပယ်ယာလက်က ပင် သိက္ခာရှိဦးမည်။

အမြည်းပန်းကန်မှာလည်း သူ့လက်၊ အရက်ခွက်လည်း ကိုင်ထားသေးသည့်အပြင် နံဘေးမှာ မဒီနှစ်ပါးကိုလည်းမလွှတ် အောင် သိုင်းဖက်နိုင်သေးသည့်အပြင် မိုက်ခွက်ကိုဆွဲ သီချင်းဟဲနေ သည့်အပြင် လက်ကိုလည်း ကွေးနေအောင်ကနေနိုင်သေးသည့်အပြင် နှုတ်ခမ်းတစ်ခုထဲကလည်း အစားစား၊ အရက်သောက်သည့်အပြင် သီချင်းဆိုနေသေးသည့်အပြင် တီးလုံးနေရာ ပါးစပ်ဆိုင်းတီးနေသေး သည့်အပြင် ကကျွပ်၊ ကကျွပ်ဟူသော အသံများကလည်း အခါမလပ် ပဲ့တင်ထပ်အောင် ကြားနေရသေးသည့်အပြင် သူ့အောက်ကားများ ပြန်ရိုက်ဖြစ်ပါက ကောင်မလေးများကို မင်းသမီးတင်ဖို့ စည်းရုံးရတာ





ကလည်းအမော။

ဆိုင်ကလည်း မင်းသားပြုတ်မှန်းသိ၍ လက်ဆောင်အဖြစ် တစ်ရှူးနှစ်ထုပ်နှင့် ချိ(စ်)တစ်ပြား အလကားပေးသည်။ ဒါကိုက သူ့အတွက် မင်္ဂလာရှိနေတာ။

"ပန်းနီနီပေးနဲ့ကွယ် မောင့်အလွမ်းမပန်းမရယ်၊ ချစ်ပန်း ရန့်လေး ကြူကြူမွှေး လှပါတယ်မေရယ်၊ ပန်းလေးတစ်ပွင့်လို ပန်းကြိုက်တဲ့ညီမလေးရယ်"

ဆိုသည့် သီချင်းကိုက ပန်းများဖြင့်သာ စီရံထားလေ၏။

ကြာလာတော့ ဇက်ကြီးကျိုးပြီး မျက်လုံးက အခြေအနေ မကောင်းတော့။ သို့သော် လက်နှင့်ပါးစပ်က အလုပ်မပြတ်လုပ်နေ တုန်း။ လူကသာ အဟောင့်လိုက်ကြီး မလှုပ်တာ။ လက်နှင့်ပါးစပ်က သန်မြန်သွက်လက်နေတုန်း။

ညကလည်း အတော်နက်နေပြီ။

"ဇက်ကျိုးလျှင် လက်ထိုးအန်မည်"ဟူသော ရုပ်ရှင်သမား တို့၏ ထုံးစံအတိုင်း ဒွေးသုံးလုံးကျော်ကိုမှာ ဇက်ကျိုး၍ သုံးကြိမ် လက်ထိုးအန်ပြီးရုံမကဘဲ ခေါင်းကြီးပင် ငိုက်စိုက်ကျ၍ ခန္ဓာကိုယ် တစ်ခုလုံး အသေဆိုးနှင့် သေနေလင့်ကစား နောက်ဆုံးထွက်သက် ဖြစ်သော လက်ခမျာ မရပ်မနားလှုပ်ရှားနေဆဲ။

"သြော်. . . လူပျိုလက် ဝက်မြီး၊ ဒါရိုက်တာလက် အော်တို ပါတ်(စ်)"

အင်မတန် ခြေဆော့လက်ဆော့ရှိသူမှ ဒါရိုက်တာဖြစ်မှာ လားတောင်မသိ။

အနုပညာသမားတော့ ပီသ၏။ ဟောက်သံကပင် တီဗွီမှ ထွက်သော သီချင်းသံအတိုင်း လိုက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ. . . ဆရာကျော်ကို"

လူကလှုပ်မလာဘဲ သူ့လက်ကသာ မျက်နှာပေါ်တက်လာ၏။ ပြီးတော့ ဆင်းလာ၏။

"အစ်"

ချိုင်းကလိထိုးသလို ဖြစ်သွား၍ တစ်ချက်ယားသွားသေး၏။ သူ့လက်မှာ မျက်လုံးမပါသော်လည်း မြေပုံပါပုံရ၏။ ချက်ကောင်းထိ၏။ ရတနာသိုက်မှန်၏။ လက်ကဆက်ဆင်း၏။

"ဆရာ. . . ဆရာ. . . ဒါရိုက်တာ. . . ဒရိုင်ဘာ"

မတတ်သာသည့်အဆုံး ဦးစွန်းဖုတ်ဆွဲခါ၍ နှိုးလိုက်ရသည်။

"အင်. . . အင်. . . ဘာ. . . ဘာကြီးလဲ၊ ဒီနေရာမှာ ဒါမရှိရ အဲ"

အိပ်ပျော်နေလင့်ကစား မျက်လုံးချက်ချင်းပြူးလာ၏။

"ဆရာ. . . ကျွန်. . . ကျွန်တော်ပါဆရာ"

"အာ. . . ထွီ. . . ရွံစရာကောင်းလိုက်တာ"

ဒါရိုက်တာ၏ အော်တိုပါတ်(စ်) ပြန်ရုပ်သွား၏။ ကျွန်တော်လည်း သူ့နားကပ်ပြီး. . .

"ဆရာ. . . ညလည်းနက်ပြီ၊ မနက်လည်း ကားမောင်းရမှာဆိုတော့ ပြန်မှထင်တယ်ဆရာ"

"အရက်. . . အရက်ဘယ်မှာလဲ"

မူးမူးရူးရူးနှင့် သတိရသေး၏။

"ကုန်ပြီဆရာ"

"ကောင်. . . ကောင်မလေးတွေရော. . . ဂလု"

"ပြန်ပြီဆရာ"

"ဟ. . . ပြန်လို့ဖြစ်မလားကွဟ"





"မပြန်လို့လည်းမဖြစ်ဘူးဆရာ"

ကျော်ကို မကျေမနပ်စွေကြည့်သည်။ ပြီးမှ. . .

"ဘာဖြစ်လို့လဲ"

"ဆရာနှယ် ရိုးရိုးလူစင်စစ်ကနေ မုန့်လုံးရေပေါ်ဖြစ်ကုန်ပြီဆရာ၊ ခြေထောက်ကလေးကျန်လို့ ပြန်လို့ရကြတာပါဆရာ"

"အဟီး"

ကျော်ကို သွားဖြူဖြူဖြဲသည်။ ဂုဏ်ယူသဘောကျပုံရ၏။

"အဲဒီတော့ ပြန်မှဖြစ်တော့မယ်ဆရာ"

"ပြန်ဘူးကွာ"

ကျော်ကိုက နို့ဆာသောကလေးလို နှုတ်ခမ်းမဲမဲကို ပလပ်ပလပ်လုပ်ရင်းပြောသည်။

"မပြန်ရင် မနက်ကြရင်"

"နောင်ခါလာနောင်ခါချေးပါကွာ၊ ဒါလေးမပြောနဲ့ ရုပ်ရှင်ရိုက်ရင်တောင် ဇာတ်ညွှန်းမကိုင်ဘဲ ရိုက်လာတာ၊ ဒါမျိုး ငါဖြေရှင်းတတ်ပါတယ်၊ နောက်ပြီး ကားမှာဆို ခြင်ကကိုက်တယ်ကွ၊ ဒီမှာဆို အဲယားကွန်းနဲ့အေးဆေး၊ ကဲ ကဲ ငါတပည့် အိပ်. . . အိပ်၊ မနက်ကျ ဆရာဖြေရှင်းပေးမယ်၊ ခလုး. . . ခလုး"

"ဆရာ. . . ဆရာ"

ပြောရင်းနှင့်ပင် အိပ်မောကျရှာပြီ။ လှုပ်နှိုးလို့လည်းမနိုးတော့။ မထတော့တာဖြစ်နိုင်သည်။

"ဟင်း"

သက်ပြင်းသာချမိသည်။ ဘယ်လိုမှ မတတ်သာသည့်အဆုံး ဆိုဖာပေါ် သာလှဲချလိုက်မိသည်။ အနောက်မှ သီချင်းသံ ဆူဆူညံညံနှင့် မကိုးမကားပုံရိပ်များထင်ကျန်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



နဖူးပေါ်လက်တင်၍ မျက်လုံးကိုမှိတ်လိုက်သည်။

အတွေးထဲမှာတော့ မြင့်စန်းရီ၏ပုံရိပ်က ပြတ်သားလာပြန်သည်။

ဤသို့သာပေါ့ မြင့်စန်းရီ။

ချစ်ခြင်းမေတ္တာစိတ်က လေတိုက်တိုင်း ရွေ့မသွားတာယုံပါ။ (၂၀၁၂) ကမ္ဘာပျက်ရင်တောင် ကျွန်တော့်ရဲ့ ချစ်ခြင်းမေတ္တာပျံ့လွင့်ကျန်ရစ်ခဲ့မှာ သေချာပါတယ်။ ကမ္ဘာမြေအနံ့ ခြေဆန့်သွားခဲ့ရင်တော့ အဲဒီအစိုင်အခဲက ပြိုကွဲသွားမှာမဟုတ်ပါဘူး။

ဒါကြောင့် ကမ္ဘာတည်နေသရွေ့တောင် မကပါဘူး မြင့်စန်းရီ။ ကမ္ဘာကြီးမရှိတော့ရင်တောင် သံယောဇဉ်စိတ် ရှင်သန်နေဦးမှာပါ။

တကယ်တော့ မြင့်စန်းရီ ကျွန်တော်ဟာ မြင့်စန်းရီအတွက် မွေးဖွားလာတဲ့ တစ်ဦးတည်းသော ငယ်ကျွန်တစ်ယောက်ပါ။

ဤမျှလောက်ချစ်ရပါသည် မြင့်စန်းရီ။

××××







ဖျတ်ခနဲ လန့်နိုးလာသည်နှင့် မျက်လုံးကိုဖွင့်ကြည့်မိသည်။ အခန်းကလေးက မှောင်နေဆဲ။

"အား. . . ကျွတ်. . . ကျွတ်"

ခေါင်းကအုံခဲနေသည်မို့ မျက်လုံးပြန်မှိတ်လိုက်ရသည်။ နောက်မှ သတိရပြီး နာရီလှမ်းကြည့်လိုက်တော့. . .

"ဟာ"

နာရီလက်တံက ဆယ်နာရီစွန်းစွန်းကို ညွှန်ပြနေလေပြီ။

"ဟာ. . . သွားပြီ. . . သွားပြီ"

ကားထွက်ရမှာက နံနက်လေးနာရီ။ ပဲခူးမှာမှ နံနက်စာစားမည့်အစီအစဉ်။ ကိုက်နေသော ခေါင်းကိုက်ကိုက်ကြီးနှင့် ခေါင်းနားပန်းကြီးတက်လာသည်။ အခန်းထဲ ဝေ့ကြည့်လိုက်တော့. . .

"အလွမ်းမမပန်းမမရယ်. . . မမပန်းမကြိုက်မှန်း. . .



www.burmeseclassic.com

www.burmeseclassic.com



ဟမ်း. . . ဟမ်း"

ဒွေးသုံးလုံးကျော်ကိုက အိပ်နေရာမှပင် ယောင်ပြီး သီချင်းငြီးနေသေး၏။ ကျွန်တော်ကသာ မနေနိုင်တော့ဘဲ ကမန်းကတန်းထပြီး. . .

"ဆရာ. . . ဆရာ"

"တစ်ခွက်ထပ်ငှဲ့စမ်းကွ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့၊ အာ. . . ထ. . . ထ မြန်မြန်ထ ဆရာ"

"ဘာလဲ. . . ကောင်မလေးတွေဝင်လာပြီလား"

"ဟုတ်. . . အာ. . . ဘယ့်နှယ်ကောင်မလေးတွေဝင်လာမှာလဲ၊ ဒုက္ခတော့ရောက်ပြီဗျ"

ကျော်ကို ခေါင်းအနည်းငယ်ထောင်လာ၏။

"ဘာဖြစ်လို့လဲ. . . ပိုက်ဆံမလောက်လို့လား၊ နောက်တစ်ခေါက်လာမှ ရှင်းမယ်လို့ပြောလိုက်၊ မင်းသားပြုတ်ပါကွ၊ ပြောမရရင် တော်လှန်ပစ်မှာနော်"

"တော်လှန်တာက နောက်မှတော်လှန်၊ အခုက ကားထွက်ဖို့နောက်ကျကုန်ပြီ"

"ဟေ"

ကျော်ကို စိုင်းနေသောခေါင်း အနည်းငယ် မတ်သယောင်ပြုသည်။

"အခုဘယ်နှနာရီလဲ"

"ဆယ်နာရီဆရာ၊ ဆယ်နာရီ"

မျက်မှောင်ကျုံ့သွားသည်။

"ထွက်ရမှာက ဘယ်နှနာရီလဲ"





"မနက်လေးနာရီဆရာ၊ မနက်လေးနာရီ"

ကျော်ကို တစ်ချက်သမ်းလိုက်သည်။ သွေးအေးနေတုန်း။

"ခြောက်နာရီပဲစွန်းသေးတာပဲ၊ ရပါတယ်"

သူကသာရတယ်ပြောနေတာ ကျွန်တော်က မြင့်စန်းရီတို့အရှေ့ ဘယ်လိုမျက်နှာမျိုးနှင့် ရင်ဆိုင်ရမည်မသိတော့။ တစ်ခါပါတစ်ခါမှားပြန်ပြီ။ ဆောင့်ကြောင့်ထိုင်ရင်း ခေါင်းသာဖိကုတ်နေမိတော့သည်။

ကျွန်တော့်ကိုကြည့်၍ ကျော်ကိုက. . .

"မင်းဘာဖြစ်နေတာလဲကွ"

ကျွန်တော် ဘာမှပြန်မဖြေမိ။ ငိုသာငိုချင်နေသည်။ ကျော်ကိုက ကျွန်တော်ကုတ်နေသောခေါင်းကို လာပွတ်ပြီး. . .

"စိတ်မပူပါနဲ့ကွ၊ ငါဖြေရှင်းမှာပါ"

"တကယ်. . . တကယ်နော်ဆရာ"

ကျွန်တော် အားတက်သွားသည်။ ကျော်ကိုက ပြုံးပြီး. . .

"ခေါင်းဆောင်ကောင်းဆိုတာ ကိုယ်လုပ်တဲ့အလုပ်ကို ကိုယ်တာဝန်ယူရဲရတယ်ကွ၊ ဘာမှစိတ်မပူနဲ့၊ မင်းရဲ့အရှေ့မှာ ဟောဒီက မင်းဆရာ မားမားမတ်မတ် တာဝန်ယူဖြေရှင်းပေးမယ်၊ ဖြစ်လာသမျှအကောင်းအဆိုး အကြောင်းအကျိုးတွေကို ဟောဒီက မင်းဆရာက ရှေ့ကနေပိတ်ကာပြီး တာဝန်ယူသွားမှာပါ"

ကျော်ကိုက သူ့ရင်ဘတ်မဲမဲပြားပြားကြီးကို တဖောင်းဖောင်းရိုက်ရင်းပြောသည်။

သူ့ကိုကြည့်၍ ကျွန်တော် လွန်စွာအားတက်သွားသည်။ သူ့ပုံစံက မြန်မာဗီဒီယို တော်လှန်ရေးကားထဲက နောက်ဆုံးခန်းက မင်းသားလို အားလုံးကို အပြုတ်နှံ့ တော်လှန်တော့မည့်ပုံ။ ရုပ်ကိုက



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းတိုတစ်လက်၊ ပြောင်းရှည်တစ်ဖက်နှင့် ရန်သူကျည်ဆံကြား ဗွတ်ပြေးသွားမည့်ပုံစံမျိုး။ ရင်ကို တစ်ဖက်စောင်းကော့၍ မျက်နှာကို မဲ့ထား၏။ ဒီပုံမျိုးမြင်တော့မြင်ဘူးတယ်။ ဒီမှာမဟုတ်တာတော့ သေချာသည်။

"ဒါ. . . ဒါဆိုသွားကြရအောင်ဆရာ"

"အေး. . . မင်း ငါ့နောက်ကသာလိုက်ခဲ့ပါ"

အပြင်တံခါး တွန်းဖွင့်လိုက်သည်နှင့် နေရောင်က မျက်လုံးကို ကျိန်းစပ်စေသည့်အပြင် ကိုက်နေသောခေါင်းကို အထွတ်အထိပ် ပို့ဆောင်ပေးသည်။

ဒွေးသုံးလုံးကျော်ကို၏ ခြေလှမ်းက ရဲ၏။

××××







"သား. . . သား မသိဘူးအန်တီ"

မျက်ခုံးနှစ်ခုကို နဖူးပေါ်မှ တိတ်ဖွင့်ကပ်ဆွဲထားသလို မျက်နှာလေးငယ်ပြီး လက်မဲမဲနှစ်ဘက်ကိုဆုပ်ကာ ဆောင့်ကြောင့် ထိုင်နေပုံမှာ မြန်မာဗီဒီယိုဇာတ်ကားထဲမှာ ဂျပန်များနှိပ်စက်မှာ ကြောက်သော အပြစ်မဲ့ရွာသားကလေးလို သနားစဖွယ်ပင် ကောင်းနေသေးတော့၏။

စထွက်ကာစကတော့ ဒီဂျပန်တွေကို တော်လှန်လျှင် အပြစ်မဲ့ပြစ်သူများ ပို၍သနားစရာကောင်းမည်ဆိုသော ခံယူချက်နှင့်ရပ်။ ယခုတော့ ဂျပန်ရှေ့က အပြစ်မဲ့ပြည်သူရပ်။ ကျော်ကို မင်းသားပြုတ်ပီပီ သရုပ်ဆောင်ပီပြင်ပေပြီ။ ကျွန်တော်လည်း ဘာပြောရမှန်းမသိဘဲ သူ့နောက်နားက ခပ်ရိုရို့လေးသာ ချပ်နေမိသည်။

"ဟဲ့. . . နင်မသိဘူးဆိုရအောင် နင်တို့လုပ်တာမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား"

မြင့်စန်းရီ၏အဒေါ် ဒေါ်ခင်အေး ဂျပန်လုပ်ပြီ။ အပြစ်မဲ့ ကျော်ကိုက မျက်လုံးလေးပြာကညို့၊ ပြာကညို့လုပ်ပြီး. . .

"သား. . . သားကလေ ဘုရားသွားမှာမို့ ဒါမျိုးတွေနဲ့ မသင့်တော်ပါဘူးဆိုတာကို သူ. . . သူ"

ကျော်ကိုလက်ညှိုး မဲမဲကောက်ကောက်က အလိုတော်ရိ သဖွယ် ရပ်နေသော ကျွန်တော့်ထံ မြောက်တက်လာသည်၊ ကျွန်တော်လည်း ခါးညွတ်ပြီး ကျွန်တော်ပင်ဖြစ်ကြောင်း ပြုံးမိ၏။

"ဒီမယ်. . . ကိုကြီးကလေးလေး"

အသံပါပြောင်းသွားသည်။ မာသည်။ ဟန်က ကျွန်တော့် ဟန်။ ဌာန်ကရိုဏ်းကျ၏။

"ဘုရားသွားတာလည်း သွားတာပေါ့၊ ဒါပေမဲ့ ဘုရားသီချင်း လေးသွားဆိုရအောင်တဲ့"

မျက်နှာက ချက်ချင်းပြန်အိုသွားသည်။

"အဲဒါနဲ့ သားလည်းယုံပြီး အဟင့် ပုံအပ်လိုက်တာ၊ အဟင့် ကာရာအိုကေက ကောင်မလေးတွေ ခြေတော်တင်ခြင်းခံရ. . . အဟီး"

မျက်ရည်ပါ ပတစ်ခနဲ ပန်းထွက်လာသည်။

အောင်မာ ကောင်မလေးများ ခြေတော်တင်ခံရတဲ့။ ညတုန်းက ကောင်မလေးက သူ့ဘာသာသူ ခြေထောက်ချထားတာကို။

"အို. . . ခြေထောက်ကို အဲသလိုချမထားပါနဲ့၊ ရှက်စရာကြီး၊ ကိုကြီးပေါင်ပေါ်တင်ထားပါ အဟီး"

ဆိုပြီး သွားဖြီးကြီးနဲ့ လုပ်ထားတဲ့လူကြီး။ ခုတော့ သူပဲ အစော်ကားခံလိုက်ရသလို။





"အခုတော့ အဟင့် အဟင့် နုနယ်တဲ့ ကျွန်တော့် နှလုံးသား လေး ဟာ မထင်မှတ်တဲ့လူပေါင်းမှားမှုနဲ့ အိ အိ ပျက်စီးကြေလွင့် အိ. . . အိ"

လူက တက်မလိုပါဖြစ် နေ၏။ ခုနဟောက်နေသော အဒေါ်ကြီးများပါ မျက်ရည်ဝိုင်းလာ၏။ ကျွန်တော့်မျက်ဝန်းမှာရော ပုလဲသီးများတွဲခို။

"တောက်. . . . အကယ် ဒမီရုပ်ရှိလို့ကတော့ ပေးပစ်လိုက်ချင်သေး၊ ရော့. . . ယူသွား၊ ပရိသတ် မျက်ရည် အချူနိုင်ဆုံးဆု"

အတွေးမဆုံးမီမှာပင်

"အခုတော့ အိ. . . အိ သားဘဝဟာ ဟောဒီ လူယုတ်မာကြီး"

"ညင်"

လက်ညှိုးကောက်ကောက်က ကျွန်တော့်ဆီ မြောက်တက် လာပြန်သည်။အားလုံး မျက်ရည် လည်ရွဲဖြစ်နေကြသူများကလည်း ကျွန်တော့်ကြတော့ လူယုတ်မာ ကိုကြည့်သောအကြည့်နှင့် ဖြာခနဲ လှည့်ကြည့်ကြသည်။

ရုတ်တရက်အခြေအနေကြောင့် ကျွန်တော်လည်း. . .

"ငါကွ. . . လူယုတ်မာ"

ဆိုသည့်ပုံမျိုးနဲ့ နေရမှာလား။ မဟုတ်ဘူးပုံစံနှင့် လုပ်ပါက အိုက်တင်ပဲမှားသွားမလားဟူသော ဇဝေဇဝါစိတ်နှင့် ကုန်းရမလို ကော့ရမလိုဖြစ်နေမိသည်။

"ဒီလူယုတ်မာရဲ့ မြူဆွယ်မှုနဲ့ ဖြူစင်စွာယုံကြည်တတ်တဲ့ ယုန်သူငယ် ပို ကျွန်တော့်နှလုံးသားလေးဟာ အခုတော့ ညစ်ညမ်းတဲ့ အရောင်များ စွန်းထင်းပေကျံလို့ အများတကာရဲ့အလယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်က ပစ်ချခံရတဲ့ နတ်သူငယ်တစ်ပါးလို ဖောက်ထိုးမိုးမျှော် ဖြစ်ခဲ့ရပါပြီ အန်တီတို့ရယ်. . . ဟီး"

ကျော်ကို ချုံးပွဲချငိုချလိုက်သည်။

"ဟီး"

နံဘေးမှကြည့်နေသော အန်တီများကလည်း ကျော်ကို့နည်းတူ ငိုပြီးပြေးဖက်တော့ ပွေ့ပိုက်ချော့မြှူတော့မယောင် ဖြစ်နေ၏။ နားစွန်နားဖျားကြားသူများကပင် ပါလာသော တဘက်ဖြင့် မျက်ရည်ပင့်သုတ်ရလေပြီ။ ဂျပန်ကြီး ဒေါ်ခင်အေးပင် မျက်ရည်နှင့်မျက်နှာ သစ်နေလေပြီ။ နှုတ်မှလည်း "အောင်မလေး. . . ငါ့သား အဖြစ်ဆိုး လှချည်လား"ဟု အသံတိတ် ရေရွတ်နေ၏။

"အခုတော့ ကျွန်တော်ဟာ အများတကာရဲ့ မျက်လုံးစိမ်းများအောက် ပြားပြားဝပ်မှောက်လို့၊ လူမမယ်တစ်ကောင်ကြွက် ကျွန်တော့်မှာ အကြော်ရောင်းတော့လည်း အရင်းပြုတ်၊ ကန်စွန်းရွက်ရောင်းတော့လည်း ဘောင်းမှောက်နဲ့ ဘဝကို ရေစုန်မျော၊ ရေယဉ်ကြောမှာ"

ဇာတ်က ဘယ်လိုပြောင်းသွားမှန်းမသိတော့။ ခြောက်နာရီထိုးရင် အဖေအိမ်ပြန်လာပေးပါဆိုတာလည်း ပါ၏။ ကျွန်တော့်ညီက ဆော့။ မိသားစုအကြောင်းကို လုံးဝနားမလည်ဘူးလည်း ပါသည်။

အမေက ဆွဲကြိုးလေးပေါင်ပြီး ဖဲရိုက်တာလည်းပါသည်။ ရေခဲချောင်းရောင်းပြီး ဘဝပျက်တာလည်း မလွတ်။ ပြောရင်း ငိုလိုက်၊ ငိုရင်း ပြောလိုက်နှင့် နံဘေးမှကြည့်နေသူများပင် သူ့ကို ပြေးဖက်ချော့သိပ်တော့မယောင်တွေ ဖြစ်နေ၏။ အကြောင်းသိ ကျွန်တော်ပင် လည်ချောင်းထဲ ဝမ်းနည်းလုံးကြီးဆို့ပြီး မျိုချမရဖြစ်နေသည်။ ကျော်ကိုကလည်း ပြောကောင်းကောင်းနှင့် မျက်ရည်ဆက်ချ





သည်။

"အဲဒီလို သုညနဲ့စခဲ့ရတဲ့ ကျွန်တော့်ဘဝမှာ မထင်မှတ်သော မုန်တိုင်း ဟောဒီလူယုတ်မာကြီးကြောင့်"

ဇာတ်ပြောင်းကာ လက်ညှိုးက ကျွန်တော့်ဆီရောက်လာပြန်သည်။ သူ့စကားကြောင့် ကျွန်တော်ပင် တကယ် သူ့အပေါ် ယုတ်မာမိလေသလား ဇဝေဇဝါဖြစ်နေမိသည်။ သူ့စကားများနားထောင်ပြီး လူယုတ်မာဖြစ်ရတာကိုပင် တန်သလိုဖြစ်လာ၏။ အံ့ဖွယ်ပါဖော့မင့်။

"အဲဒီလူယုတ်မာကြီးက ဖြူစင်တဲ့ သားရဲ့စာရိတ္တကို ဖျက်ဆီး"

"အောင်မလေး သားရဲ့"

အနောက်က အဒေါ်ကြီးတစ်ယောက်က အသံထွက်ငိုသည်။ ကျော်ကိုလည်း ပရိသတ်အသံကြောင့် အားတက်ပြီး ကျွန်တော့်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ

"ဟောဒီလူယုတ်မာကြီးရဲ့ မြူဆွယ်မှုကြောင့် သာသနာပြုချင်တဲ့ ကျွန်တော့်စိတ်ရင်းဟာ"

"ဒီမှာ"

"ဗျာ"

ရုတ်တရက်ထွက်ပေါ်လာသော အသံမာမာကြောင့် ငိုနေသော ကျော်ကို ကြောင်ပြီးမော့ကြည့်သည်။

"မြင့်စန်းရီ"

သူမမျက်နှာက အလိုမကျမှုများနှင့် မာထန်နေသည်။ ကျော်ကိုကို စေ့စေ့ကြည့်ပြီး

"လူတွင်ပါမှ နွားကျားကိုက်တယ်ဆိုတဲ့စကား ကြားဖူးတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . ဟုတ် ကြားဖူးပါတယ်"

ရုတ်တရက် မေးလိုက်သောစကားကြောင့် ကျော်ကို မျက်လုံးလေးကလယ်ကလယ်နှင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။ အားလုံးကလည်း ကြောင်ပြီး မြင့်စန်းရီကို ကြည့်ကြသည်။

"ဘယ်သူတွေ ဘယ်လောက်မြူဆွယ်၊ မြူဆွယ် ကိုယ်တိုင်ပါ လို့ ဖြစ်တဲ့ကိစ္စ တခြားလူအပေါ်ပဲ လွှဲချမနေပါနဲ့"

စကားကို တစ်ခါမှ မာမာထန်ထန်မပြောဖူးသော မြင့်စန်းရီ ထံမှ ထိုစကားမျိုးကြားရတော့ အံ့အားသင့်နေမိသည်။

"ရှင်တို့နှစ်ယောက် အတူလုပ်ခဲ့ကြပြီး နှစ်ယောက်အတူ အပြစ်ရှိတဲ့ဟာကို စောကြည်ဖြူတစ်ယောက်တည်း အပြစ်ရှိတယ်ဆို ပြီး လွှဲချတာတော့ ကျွန်မ လက်မခံနိုင်ဘူး၊ ဒါပဲ"

ပြောပြီး ဆောင့်ကြီးအောင့်ကြီးနှင့် ကားပေါ်တက်သွား၏။

ဤသို့ချစ်ရပါသော မြင့်စန်းရီ။

ကျွန်တော့်ဘက်မှ မခံမရပ်ဖြစ်ရသော မြင့်စန်းရီကိုကြည့်၍ ကျွန်တော်လည်း ကြောင်ငေးနေမိသည်။ ထိုတော့မှ မျက်ရည်လည်ရွဲ ငိုပွဲဆင်နေသော အန်တီကြီးများကလည်း မျက်ရည်များ ပင့်သုတ်ပြီး

"ဟုတ်သား. . . နင်ကလည်း ကိုယ်တိုင်ပါဝင်ဆတ်ဆော့ခဲ့ ပြီး သူများကို အပြစ်ပုံချနေတယ်၊ နောက်မဖြစ်စေနဲ့"

"ဟုတ်ပါ့. . . အဟုတ်မှတ်လို့ ငိုမိပါတယ်၊ သရုပ်ဆောင်ကြီး နောက်ဆို ဆင်ခြင် ဒါပဲ"

ဆိုကာ ကားပေါ်တက်ကုန်ကြ၏။

"ဒီကောင်တွေလုပ်တာနဲ့ အတော်တောင်နောက်ကျကုန်ပြီ"

ကျော်ကိုက အားလုံးပြောသမျှ မျက်နှာလေးငယ်ပြီး ဟုတ်ကဲ့ ဟုတ်ကဲ့ လုပ်နေ၏။ ပြီးမှ ကုပ်ချောင်းချောင်းထပြီး ကျွန်တော့်နား





ကပ်ကာ. . .

"တောက်. . . အကယ်ဒမီရခါနီးမှ ကပ်ပြီးတော့ကွာ"

ဟု မကျေမချမ်း ရေရွတ်သည်။ ပြီးနောက် ရင်ကော့ပြီး

"တွေ့တယ်မဟုတ်လား၊ မင်းရှေ့က ဆရာ မားမားမတ်မတ် ဖြေရှင်းသွားတာ၊ ဟီး. . . ဟီး ပွဲကိုပြတ်ကရော"

သူ့စကားကို ကျွန်တော်လည်း သည်းမခံနိုင်တော့ဘဲ

"ဘာ. . . မားမားမတ်မတ်ဖြေရှင်းတာလဲ၊ ကျုပ်ကိုလည်း လူယုတ်မာပြောသေး၊ သူ့ကျတော့ မျက်နှာငယ်နဲ့ငိုသေး"

ကျော်ကိုက သွားကို ဖြဲခနဲလုပ်ပြီး

"ဟဲ. . . ဟဲ ဒါကတော့ကွာ ပညာပေါ့၊ တောက် အရက်နာ ကျလို့ ခေါင်းကိုက်နေရတဲ့ကြားကွာ မျက်ရည်ပါချူနေရတော့ ပိုဆိုး ရော၊ ခေါင်းကို တူနဲ့ထုနေတဲ့အတိုင်းပဲ"

ကျွန်တော် စိုးရိမ်သွားသည်။

"ဟင်. . . ဒါဆို ကားကမောင်းနိုင်ပါ့ဦးမလား"

ကျော်ကို ဖြဲခနဲရယ်သည်။

"မပူပါနဲ့ကွာ. . . မောင်းရင်းနဲ့ အိပ်သွားတာပေါ့"

"ဟင်"

ခေါင်းမှာ ကိုက်ကိုက်ကြီးနှင့် ကြီးတက်သွားပြန်သည်။

×××××



www.burmeseclassic.com

www.burmeseclassic.com



ကားလေးက တရိပ်ရိပ်ပြေးလွှားနေသည်။ သို့သော် ယိုင်ထိုးနေ၏။

"ကားလေးကျော်မယ်ဆရာ သတိထား"

နဂိုက သူ့မျက်နှာမဲမဲကိုသာ ချိန်ထားသော ဘက်(ခ်)မှန်ပင် မကြည့်နိုင်တော့။ စတီယာရင်ကိုမေးတင်ပြီး ဘုရှုကိုသာ မှေးစင်းလိုက်၊ ပြူးကျယ်လိုက်ဖြစ်နေသော မျက်ဝန်းနှင့် ကြည့်နေ၏။

ကားလေးက ညာဘက်ပြေးသွားမလို ဘယ်ဘက်ပြေးတက်မလို ဖြစ်နေသည်။

တစ်ကားလုံး ဘုရားမရောက်ခင် ကျော်ကိုမောင်းသောကားစီးရုံနှင့် တရားတွေရနေသည်။

"ညာဖက်မှာချိုင့်ရှိ"

"ဂလုံးဂလုံ. . . ဂလုံ"





သတိပေးချိန်ပင် မဆုံးလိုက် ကျော်ကို ချိုင့်နင်းပြီးသား ဖြစ်နေ၏။ စတီရာရင်နှင့်မေးဆောင့်ပြီး ကျော်ကို ခေါင်းပြန်ထောင်လာသည်။ ပြီးနောက် ကျွန်တော့်ဘက်လှည့်ပြီး. . .

"ဟော့ကောင်. . . ချိုင့်တွေဘာတွေပြောထားလေကွာ ခွီးတဲ့မှပဲ"

"ပြောနေတာပဲဆရာရယ်၊ ဆရာမှမကြားတာ"

ခြော် ငမူးဒရိုင်ဘာ မင်းသားပြုတ်ကို ဆရာခေါ်နေရသည့်ဘဝ။

ကားကြီးက
ဒိုးခနဲကျော်သွားသည်။
ကားထဲတွင်လည်း
ဘုရားတရွတ်သံများ
ကြီးစိုးနေ၏။ ကားက
ယိုင်ထိုးယိုင်ထိုး
သွားနေတုန်း။

"ဘယ်ကြောရှင်းတယ်ဆရာ ကားကျော်ချင်ကျော်လို့ရတယ်"

ကျော်ကို မကျော်တော့။ ထုံးစံအတိုင်း စတီယာရင်ကို မေးတင်ပြီး ငေးနေ၏။

"ဟေ့. . . မင်း ငါ့ကိုစကားပြောပေးနေကွနော"

"ဟုတ်ကဲ့ပါဆရာ. . . စိတ်ချပါဆရာ၊ ပြောပေးနေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



အဝေးပြေးကားဒရိုင်ဘာများက စကားမပြောပေးနေလျှင် အိပ်ငိုက်တတ်သည် မဟုတ်ပါလား။

"ဟွန်ဒိုင်းတက်မယ်ဆရာ၊ ဟွန်ဒိုင်းပါတယ်"

ကားကြီးက ဝှီးခနဲကျော်သွားသည်။ ကားထဲတွင်လည်း ဘုရားစာရွတ်သံများ ကြီးစိုးနေ၏။ ကားက ယိုင်ထိုးယိုင်ထိုးသွားနေတုန်း။ ကိုယ်လည်း တထိတ်ထိတ်နှင့် သူအိပ်မပျော်အောင် ပြောပေးနေရသည်။

"ဘယ်ဖက်မှာ လမ်းနိမ့်နေတယ်ဆရာ၊ သတိထား"

နိမ့်သည့်နေရာသို့သာ အိဆင်းသွား၏။ သူ့ကိုကြည့်တော့လည်း ပြုံးပြုံးကြီး။

"ဟဲ့. . . ဟဲ့ ကားကို ဘယ် လိုမောင်းနေတာလဲ၊ လူအားလုံးကို ဆန်ကောထဲက ဇီးဖြူသီး မှတ်နေလား"

အနောက်မှအော်သံ။

"ဆရာ. . . သတိထားဆရာ"

ကျော်ကို ပြုံးပြုံးကြီး။ မျက် လုံးမှေးစင်း၍ ငြိမ်နေသည်။ နံဘေး နားရှိနေသော ကျွန်တော်သာ ဇောချွေးများစိမ့်ပြီး အေးလာ၏။

ကားက ဘယ်ဘက်ဝါး ရုံသို့ ဦးတည်သွားလိုက်၊ ညာဘက်ယူကလစ်ပင်ဘက် လှည့်သွားလိုက်ဖြစ်နေသည်။

"ကားအဝါလေးပါလာပြီ ဆရာ"

"အဝါလေးက မိုက်တယ် ကွ"

ကျော်ကိုက သတိတရ စကားပြန်ပြောသည်၊ ဩော်. . . သတိရှိနေ၍ တော်သေးသည်။ ကားဝါလေးက လှသည်ကိုး။

"အကျားကြီးကပ်ပါလာပြီဆရာ"





"အေး. . . အေး အယ်စတုံကြီးကွ"

ဟုတ်ပါသည်။ ကားကြီးပါ။ ကျော်ကို အူရှင်ပြီးရယ်နေ၏။

"လမ်းတောင်းနေပြီဆရာ၊ ကျော်မယ်တဲ့"

"မကျော်ခိုင်းနဲ့လေကွာ"

ကျော်ကိုအသံ။ ကျွန်တော်လည်း နောက်ကားကို ပြန်ကြည့်မိသည်။ အရှေ့မှာလည်း ရှင်းနေသည်ပဲ။

"မဟုတ်ဘူး၊ ဆရာကျော်မယ်တဲ့"

"မကျော်ခိုင်းနဲ့ဆို"

"ဘာဖြစ်လို့လဲဆရာ"

"ငါက အစိမ်းသုပ်ပဲကြိုက်တာ"

"ဟင်"

ကျော်ကိုစကားကြောင့် ကျွန်တော် ခေါင်းနားပန်းကြီးသွား၏။ သူ့ကြည့်တော့ စတီယာရင်ပေါ် ပြုံးပြုံးကြီး။ ကားက လိုအပ်သည်ထက် ပိုမိုလူးလွန့်နေပြီ။

"ချစ်လေး ကိုယ့်ကိုလိမ္မော်သီးခွဲ"

"ဟာ"

သိလိုက်ပြီ။ ကျော်ကို စတီယာရင်ပေါ် အိပ်ပျော်ရုံမက ယောင်ပင် ယောင်နေပြီ။

"ဟာ. . . လုပ်. . . လုပ်ကြပါဦး၊ လုပ်ကြပါဦး"

ကားက လမ်းဘေးမြောင်းဆီ ဦးတည်နေပြီ။ သိလျှင်သိသိချင်း ပြေးပြီးဘရိတ်ကို ဆောင့်နင်းလိုက်သည်။ မိလိုက်သည်၊ သို့သော်

"ကျွီ"

"ဒုန်း"

"အား"



www.burmeseclassic.com

www.burmeseclassic.com



"ခလွမ်း"

ဆောင့်နင်းလိုက်သော အရှိန်ကြောင့် ကားမှာ ဆောင့်ရပ်သွားပြီး ကားထဲမှလူများ အရှေ့သို့ ပြင်းစွာငိုက်ကျလာ၏။

ကျွန်တော်ကတော့ အရှိန်မထိန်းနိုင်ဘဲ ရှေ့မှန်ကိုကျွံကာ ကားရှေ့လေထဲ ပျံဝဲသွားသည်။ တစ်ယောက်တည်းမဟုတ်။ နံဘေးကြည့်လိုက်တော့ ကိုယ့်လိုပင် ကျော်ကိုလည်း လေထဲပြုံးပြုံးကြီး ကပ်ပါလာ၏။ လက်နှစ်ဘက်ပင် လေထဲဘေးကပ်ပျံနေသေး၏။ ယောင်ပြီး နတ်ပြည်ရောက်နေပုံ။ ထို့နောက် . . .

"အား"

အမှောင်သည် မျက်လုံးကို ဖုံးလွှမ်းသွားသည်။

"စောကြည်ဖြူ"

ချစ်သူ၏အော်ခေါ်သံများလား။

××××







ချစ်သူကို ကိုယ့်ဘဝရဲ့ရုပ်ပွားအဖြစ် ဘယ်သူကများ မြင်ကြည့်ဖူးပါသလဲ။ ဆန္ဒစွဲ တယူသန်စိတ်နဲ့ အဟန့်အတားမရှိ လွတ်လပ်စွာတွေးကြည့်ပါ။

ဘဝရဲ့လျှို့ဝှက်ချက်ထဲကို သင့်ကိုယ်ပွားအား ယုံကြည်စွာ ခေါ်ငင်ခဲ့ပါ။ လမ်းလျှောက်သွားတဲ့အခါ သူ့ရဲ့လက်ကို ကိုယ့်ရဲ့လက်ထဲ ထည့်ထားလိုက်ပါ။ သူမ၏မျက်ဝန်းများမှာ မတီးခတ်ဘဲ ကြည်တတ်သော ခြူတစ်လုံးလို တောက်ပလာပေလိမ့်မည်။

လေတိုက်လိုက်တိုင်း သစ်ရွက်များက တေးသံသီကျူးကြလိမ့်မည်။ ငါ့အား ဆွဲဆောင်နိုင်သော အလင်းရောင်ကို လှည့်ပတ်ရှာဖွေနေရန်မလို။ နှလုံးသားကဲ့သို့သာ။ ကြည်လင်သောစိမ့်စမ်းရေလို ခန္ဓာကိုယ်ထဲ လှည့်ပတ်စီးဆင်းနေပေပြီ။

ဘလိုရှိတိုင်းဖြစ်နိုင်သော ဆန္ဒစွဲတစ်ခုကို မိမိ၏ကိုယ်ပွား



www.burmeseclassic.com

www.burmeseclassic.com



မှ ငါ့လက်ထဲရှိနေသော သူ၏လက်ဖြင့် ဆွဲခွာလိုက်သည်။

အလို. . . ငါ့ကို လွှမ်းခြုံရစ်ပတ်ထားသည်ကား ချစ်ခြင်းများမဟုတ်။ သေခြင်းတရားကို၏ အဝတ်တည်း။

ထိုအဝတ်ကို လူတိုင်းကမုန်းတီးကြသည်။ သို့သော် လူတိုင်းသိုင်းခြုံထားကြသည်။ ထိုအဝတ်အား ခေတ္တဖယ်ခွာလိုက်ချိန်. . .။

×××××







ဖျတ်ခနဲ မျက်လုံးကိုဖွင့်မိသည်။

အလင်းရောင်။ ပြီးနောက် ပထမဆုံးသတိရမိတာ မြင့်စန်း ရို့ နောက်မှ သတိရမိတာက. . .

"ငါဘယ်ရောက်နေပါလိမ့်"

မျက်နှာကြက်ဖြူဖြူ။ အုတ်နံရံဖြူဖြူ၊ "ဟာ ဒီဖြူဖြူကြီးက ဘာပါလိမ့်" လှုပ်ကြည့်သည်။

"ဟင် ငါလည်းဖြူဖြူကြီးပါလား"

ခြေတစ်ချောင်းက ဖြူဖြူကြီးပတ်ပြီး ထောင်ထားသည်၊ လက်တစ်ဖက်က ဖြူဖြူကြီးပတ်ပြီး ကျေးထားၿ၏၊ ဝမ်းဗိုက်နေရာ ဖြူဖြူကြီးပတ်၍ ဖုံးနေသည်။ ဦးခေါင်းတစ်ခုလုံးက ဖြူဖြူကြီးပတ်ထားသည့်အပြင် မေးမှာပါ ဖြူဖြူကြီး သိုင်းထားသည်။ လွတ်နေသောလက်တစ်ဖက်မှာလည်း ပိုက်ဖြူဖြူတန်းလန်းနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"သားကလေ. . . သားက ဘာမှမသိဘူး၊ သားဘာသာသား ကားကို ဖြည်းဖြည်းလေးမောင်းနေတာ၊ အဲဒီ အဲဒီလူယုတ်မာကလေ အရက်ကြောင်ကြောင်ပြီး ကားမှန်ရှေ့ကနေ ခုန်ချတာ"

"ဒါဆို. . . ခင်ဗျားကရော ကားမှန်ရှေ့ကနေ ဘာလို့ထွက်ကျတာလဲ"

"သားကလေ. . . သားက သူဘာလို့ခုန်ချတယ်ဆိုတာ လိုက်ကြည့်တာ"

"ဒါဆိုလည်း စခန်းရောက်မှရှင်း"

"ဟင့်အင်း. . . ဟင့်အင်း ဒီမှာပဲရှင်းမယ် ဦးဦးတို့ရယ်၊ သားမှာလေ တစ်ကောင်ကြွက်၊ တစ်မျက်နှာနဲ့ ဟီး. . . ဘ၀ကံကလည်းဆိုးပြီး ဟောဟိုလူယုတ်"

တစ်ဖက်ခန်းမှ ကျော်ကို အကာယ်ဒမီချိန်နေပြန်ပြီ။

"အား. . . ကျွတ်. . . ကျွတ်"

ခေါင်းကပဲကိုက်ပြီး နာနေတာလား။ မျက်လုံးတစ်လုံးကပဲ ယောင်ကိုင်း၊ ပိတ်ပြီး နာနေတာလားမသိ။ ငရမန်ကန်းလို ဘစ်လုံးထဲ မြင်နေရသည်။

"အား. . . အား. . . အား"

ခေါင်းထောင်ကြည့်သည်။ တော်ရုံနှင့်လှုပ်မရ။

"ဩော်. . . ရှင် သတိရလာပြီလား"

အသံနှင့်အတူ အမြင်အာရုံထဲ တိုးဝင်လာသော နာ့စ်မလေးတစ်ယောက်။

"ကျွန်. . . ကျွန်တော် ဘာဖြစ်သွားတာလဲဟင်"

နာ့(စ်)စမလေးက ကျွန်တော့်ရဲ့ သွေးပြန်ကြောကိုလာစမ်းရင်း. . .





"ကံကောင်းသွားတာပေါ့ရှင်"

"ဩော်"

ဩော်. . . ကိုယ့်ကိုများ သေလူအဖြစ် သတ်မှတ်ထားလေသလားမသိ။

"ကားပေါ်. . . ကားပေါ်ကလူတွေကရော"

"ကံကောင်းသွားတာပေါ့ရှင်"

တော်ပါသေးရဲ့ပေါ့။ ဘုရားဒါယိကာမလေး မြင့်စန်းရီ ကံကောင်းနေဆဲလား။

"မြင့်. . . မြင့်စန်းရီရော"

"ကံကောင်းပါတယ် စောကြည်ဖြူ"

"ဟင်"

ဖြေလိုက်သည်က နာ့(စ်)မ မဟုတ်။ အပေါက်ဝဆီက။ လှမ်းကြည့်လိုက်တော့ မြင့်စန်းရီ၏မွေးသဖခင်။

"ဟင်. . . ဦး"

ညှိုးငယ်သောမျက်နှာနှင့် တစ်ချိန်က ယောက္ခမလောင်းကြီး အခန်းထဲ လှမ်းဝင်လာ၏။ သူ့နောက်တွင်တော့ ဦးအောင်မော်။ တွေ့တာကြာတော့ ထိပ်ကပိုပြောင်လာသလို။

အမှတ်မထင် မြင်လိုက်၍ သူတို့နှစ်ယောက်လုံးကို ကျွန်တော် ထိတ်လန့်စွာ ကြောင်ငေးကြည့်နေမိသည်။

"အားလုံးကံကောင်းသွားပါတယ် စောကြည်ဖြူ"

မြင့်စန်းရီ၏ဖခင်အသံက ကြည်လင်စွာ ကြားနေရသည်။ အနီးနားခုံပေါ် လာထိုင်ရင်း. . .

"အမှန်တော့ ဒါဟာ ကံကောင်းခြင်းလို့ မဆိုသာပါဘူး၊ ဘာကြောင့်လဲဆိုတော့ အစကတည်းက ဒီကိစ္စမှာ မောင်ရင်မပါခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှကံဆိုးမှာလည်း မဟုတ်ပါဘူး"

ကျွန်တော် သူ့ကိုပဲ ငေးကြည့်နေမိသည်။

"မောင်ရင်တစ်ယောက် ပါခဲ့လို့သာ ကံကောင်းခြင်းခရီးစဉ်ကနေ ကံဆိုးခြင်းတွေဖြစ်၊ ကံဆိုးခြင်းကနေ ကံကောင်းခြင်းပြန်ဖြစ်လာရတာပါ"

အားလုံး ကိုယ့်အပြစ်လို့ဆိုနေခြင်းသာ။

"အမှန်တော့ စောကြည်ဖြူ၊ လူတိုင်းမှာ သူ့ကံနဲ့သူပါလာကြပြီးသားပါ၊ ကိုယ့်ဘဝကုသိုလ်ရှိသလောက်သာ ကိုယ်တိုင်ခံစားကြရတာပါ၊ ကိုယ့်ဘဝနဲ့ မထိုက်တန်တာမှန်သမျှကို လုပ်ယူလို့မရပါဘူး"

စကားများကိုနားထောင်ရင်း အလိုလိုနေရင်း မျက်ရည်များကျလာမိသည်။

"အဲဒီတော့ စောကြည်ဖြူ"

စကားစပြတ်သွားပြန်သည်။ အားလုံးတိတ်ဆိတ်နေသည့်ကြားက မီးစက်သံ တဒုန်းဒုန်းက ရင်ခုန်သံသဖွယ် ကြားနေရသည်၊ ကြေကွဲဖွယ်စကားကိုသာ နားသောတပန်ဆင်ရမည်မှန်းသိသည်။

"မြင့်စန်းရီကိုလည်း မောင်ရင် ကားပေါ်ကပြုတ်ကျလို့သေပြီလို့ ပြောထားခဲ့ပြီးပါပြီ"

ခန္ဓာကိုယ်ကိုသာ ဖျော့ချမိသည်။ စကားသံကား ထွက်မလာ။

"သူလည်း ယုံကြည်သွားခဲ့ပြီးပါပြီ"

မြင့်စန်းရီ၏ ကျွန်တော့်အပေါ် ယုံကြည်မှုက ဒီကစတင်တာလားဟုပင် မေးလိုက်ချင်တော့သည်။

"အားလုံးကို စိတ်ချမ်းသာစေချင်တယ်ဆို ဒီအတိုင်းသာနေလိုက်ပါတော့"





အငိုထူသူမို့ မျက်ရည်စက အလိုလိုလိမ့်ကျလာသည်။

"ဦးမှာလည်း ဒီသမီးလေးတစ်ယောက်တည်းရှိတာပါ၊ မောင်ရင့်ကြောင့် ဒီသမီးလေးရဲ့ဘဝ နောက်ဆုံးပြောရရင် အသက်"

အရာရာအားလုံး မှုန်ဝါးနေသည်။ ဖခင်တစ်ယောက်၏ မေတ္တာတရားကို နာကြားနေမိဆဲပင်။

"ဦးမဆုံးရှုံးပါရစေနဲ့၊ သဘောပေါက်လွယ်သူဖြစ်ပါစေကွယ်"

သူ့အသံက တုန်ရင်နေသည်။ ကျွန်တော့်မှာလည်း ကျလာသော မျက်ရည်ကို ဘယ်လက်နှင့်မှ ပင့်သုတ်၍မရ။ လျှာနှင့်ပင် ပင့်သပ်လိုက်ရသည်။

"စကားကောင်းပြောနေတာပါကွယ်. . . အဲလိုတော့ မပြောင်ပါနဲ့"

ဒါကိုမြင်ဖြစ်အောင် မြင်သွားသော ယောက္ခမလောင်းကြီးက မကြည်မလင်နှင့် ပြောသည်။ နံဘေးနားက ဦးအောင်မော်ကလည်း. . .

"တောက်. . . လူကသေတော့မယ်၊ မျက်နှာပိုးက မသေသေးဘူး၊ တောက် လက်ကတပ်ထားတဲ့ပိုက် ဆွဲဖြုတ်လိုက်ရလို့"

သူတို့စကားကို ကျွန်တော်ကလည်း. . .

"ပြောင်တာမဟုတ်ပါဘူးဗျာ. . . အဟင့် ဝမ်းနည်းလို့ကျတဲ့ မျက်ရည်ကို လျှာနဲ့ပင့်သုတ်တာပါ၊ ထွီး. . . . င်လိုက်တာ"

ဖြစ်ချင်တော့ ကျွန်တော်ထွေးလိုက်သော တံတွေးက အနီးတွေ့ရန် ငုံ့ကိုင်းနေသော ဦးအောင်မော်၏ နဖူးပြောင်ပေါ်မှ ရေတံခွန်သဖွယ် ပြန်လည်စီးဆင်းလာသည်။

"ဟင်. . . မင်း. . . မင်းက ငါ့ကို တံတွေးနဲ့ထွေးတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ဟုတ်လား၊ တယ်လေ ငါလုပ်လိုက် အာ ပြောနေကြာပါတယ်၊ ဒီဒုက္ခတကတော့"

ဟုဆိုကာ လက်ကြီးမြှောက်တက်လာသည်။ သူ့ကိုကြည့်၍ ကျွန်တော်လည်း လန့်ပြီး. . .

"ဟ. . . ဟ. . . လုပ် လုပ်ကြပါဦး၊ ဒုက္ခတပါဆိုမှ ပျားက လာတုပ်ချင်နေသေးတယ်"

"နေ့. . . နေပါ မောင်အောင်မော်ရယ်"

ကျွန်တော်တို့အဖြစ်ကိုကြည့် မြင့်စန်းရီ၏ ဖခင်မှ ဝင်တားသည်။ ထိုတော့မှ ဦးအောင်မော်ကြီးလည်း သူ့ရှိုးပြတ်တလင်းကို လက်ဖနောင့်နှင့် ပင့်သုတ်ပြီး. . .

"တောက်. . . ဒုက္ခတမို့လို့ပေါ့ကွာ၊ နို့မဟုတ်ရင် ဟင်း"

မြင့်စန်းရီအဖေက သက်ပြင်းချသည်။ ပြီးမှ. . .

"ခုနပြောခဲ့တဲ့စကားတွေ မောင်ရင်သဘောပေါက်မှာပါ"

မျက်ရည်လွယ်သူမို့ အလိုလိုပြန်ဝဲလာ၏။

"အဲဒီတော့ကွယ် သမီးကိုသနားရင် ကိုယ့်ကိုယ်ကို သေစာရင်းသွင်းလိုက်ပါ၊ ဒါမှမဟုတ်ရင်"

စကားစကိုဖြတ်၍ အသက်ကို ခပ်ပြင်းပြင်းရှူသံ ကြားရသည်။ အတန်ကြာမှ. . .

"မြင့်စန်းရီကို သေစာရင်းသွင်းပေးပါ"

ခန္ဓာကိုယ်တစ်ခုလုံး မြောက်တက်သွားသည်ဟု ထင်ရသည်။ ကိုယ့်စိတ်ကူးကိုလည်း ခန္ဓာကိုယ်ကမပိုင်တော့ လေထဲလွင့်ချင်ရာ လွင့်နေကုန်၏။ မျက်နှာကြက်အမိုးပေါ်ထိ ကပ်သွားသလား။ အပြင်ဖက်လမ်းမဖက် လွင့်စင်ကျသွားသလား မသိနိုင်တော့။ သေချာတာကတော့ ခန္ဓာကိုယ်နှင့် ဝိညာဉ်မှာ တကွဲတပြားစီဖြစ်နေပေပြီ။





မျက်လုံးထဲ အရာရာအားလုံး မြင်နေရသော်လည်း ဘာမှမသဲကွဲ။

မြင်နေရကြားနေရတာကရော သေချာရဲ့လား။ သေချာတာက မသေချာတော့။

"ကဲ. . . ဦးတို့ကို သွားခွင့်ပြုပါဦး"

ဖြည်းညှင်းစွာ ထရပ်သည်။ ပြီးနောက် ခြေဦးက အဝင်ဝဖက် လှည့်သွားသည်။

ကြည့်ကောင်း၍ ကြည့်နေခြင်းမဟုတ်ဘြား ဒီအတိုင်းသာ ကြည့်နေမိသည်။ သူပျောက်သွားမှ ဦးအောင်မော်က ဟိုကြည့်ဒီကြည့်လုပ်ပြီး ကျွန်တော့်လက်မှာတပ်ထားသော ပိုက်ကို ဆွဲဖြုတ်ပြီး. . .

"မှတ်ထား"

ဆိုကာ ပြေးလိုက်သွား၏။ ဘာမှမပြောမိတော့။ လောကဥ္စ ချစ်ခြင်းမေတ္တာ ထုတ်နှုတ်ခြင်းခံရပြီးနောက် လူသည်လည်း ရှင်လျက်သေဆုံးသွားပြီဖြစ်ပါသည်။ ဦးအောင်မော် ဆွဲဖြုတ်သွားသောပိုက်မှ ဆေးရည်များ ဘေးသို့လိမ့်ဆင်းနေလေပြီ။

ကြည်နူးခြင်း၊ သာယာခြင်း၊ ပိုင်ဆိုင်လိုစိတ် ပြင်းပြခြင်းတို့သည် မှားယွင်းမှုများနှင့် နှမ်းတွေ့ဒူးတွေ့ တွေ့ဆုံခိုက်၌ ကိုယ်လွတ်ရုန်း ပြေးဝင်ပျောက်ကွယ်ကြလေပြီ။

ဘယ်သူကများ ကိုယ့်စိတ်ကို အစိုးရကြပါသလဲ။ ဘယ်သူကများ ကွေကွင်းခြင်းကို မကြောက်ရွံ့ဘဲ နေရဲပါသလဲ။

လောကကြီးနှင့်ချီ၍ အမှန်တရားတိုင်းအပေါ်သာ သက်ရောက်နေသူ ဘယ်သူများရှိခဲ့သလဲ။

ကျွန်တော့်လို နေရင်းထိုင်ရင်း မှားယွင်းနေသူတွေရော ကမ္ဘာကြီးမှာ ဘယ်လောက်များပြားနေပြီလဲ။

အမှားတွေက အမှားတွေကြား ရောထွေးပြီး ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခြမ်းကို ခပ်စောင်းစောင်းနင်းချရှာပြီ။ ပြီးတော့ ပြောသေး. . .

ကမ္ဘာမီးလောင်မှ မဟုတ်ပါဘူးကွယ်။

×××××







ဤသို့သာပေါ့ မြင့်စန်းရီ။

အမြဲတစေ အလွမ်းတွေနဲ့ အဆုံးသတ်ချင်သူ ဘယ်သူရှိမှာလဲ။ ညပြီးရင် နေ့ကိုကြိုချင်ကြသူချည်းပါပဲ။ သာယာတဲ့နံနက်ခင်းကို ကျောပိုးပြီး လမ်းလျှောက်ထွက်ချင်သူရယ်ပါ။ ဒါပေမဲ့ သယ်ရတာ တနင့်တပိုးနဲ့ အိုမင်းရင့်ရော်နေရရှာပြီ။ (မကြာခင် အချိန်ကလေးမှပေါ့ကွယ်။)

မြင့်စန်းရီ။

ကျွန်တော့်ဘဝတစ်ခုလုံးကို မီးခဲနဲ့ထုတ်ပြီး ပြာဖြစ်ချင်နေမိတယ်။ ပြီးရင် ဘယ်နေရာမဆို လွင့်ပါးသွားချင်ပါပြီ။ ရင့်ကျက်ပါပြီဆိုတဲ့စကားကို မပြောမိခင်အချိန်မှာပေါ့။

အရာရာဟာ. . .

"အဟင့်. . . အဟင့်. . . အဟင့်"



www.burmeseclassic.com

www.burmeseclassic.com



အဲသည်လိုငိုကြီးသံများနှင့်သာ ပြည့်စုံနေပြီပဲ။

"အဟင့်. . . အဟင့်. . . အဟင့်"

လောကမှာ မှားယွင်းမှုတွေကြုံတိုင်း ဒီလိုသာငိုကြီးတတ်မယ်ဆိုရင် လေထုထဲမှာ ငိုသံတချို့ကို လက်နဲ့တောင်ဆုပ်ပြီး ဖမ်းမိနိုင်လေရဲ့။

"အဟင့်. . . အဟင့်. . . အဟင့်"

နာကျင်မှုက ငိုကြီးသံများကို ဖန်ဆင်းရှာသတဲ့။ ဒါပေမဲ့ အသားနာရုံနဲ့မှပဲ မဟုတ်တာ။ နှလုံးသားက နာရင်လည်းငိုကြီးသံအဖြစ် ပြောင်းလဲနိုင်တာပဲလေ။ အခုလို. . .

"အဟင့်. . . အဟင့်. . . အဟင့်"

ငိုကြီးသံတွေက. . .

"အဟင့်. . . အဟင့်. . . အဟင့်"

"အာ. . . ငိုလှချည်လားကွာ"

ကိုယ့်ဘာသာကိုယ် ကိုယ့်ဘဝနဲ့ကိုယ် လွမ်းနေတာ နံဘေးခန်းကလည်း ဘာလွမ်းနေသည်မသိ။ ငိုနေတာကို နှစ်ရက်ခန့်ရှိပြီ။

"အဟင့်. . . အဟင့်. . . အဟင့်"

တစ်နေ့ကုန်တစ်နေခန်း မရပ်တမ်း ငိုနေနိုင်သောအခန်းပင်။

မွေးသဖခင် ကျေးဇူးရှင်ပဲဆုံးလို့လား။ မွေးသမိခင်များကကုန်သွားလားတော့မသိ ငိုနေတာ နှစ်ရက်တိတိ တစ်ချက်မှမရပ်သေး။

"အဟင့်. . . အဟင့်. . . အဟင့်"

လောကမှာ ဤမျှလောက် အငိုထူသူရှိပါသေးရဲ့ဆိုပြီး တအံ့တသြဆိုရလောက်အောင် ငိုနိုင်သူတစ်ယောက်ပင်။





"တောက် ဒီလောက်အငိုထူတာ ဘယ်လိုမိန်းမမျိုးပါလိမ့်"

လွမ်းနေသည့်ကြားက စပ်စုလိုစိတ်၊ သိလိုစိတ် ပြင်းပြလာသည်။

ထသွားထလာလုပ်ဖို့ကလည်း ကိုယ့်မှာမသန်။ သိတာကလည်း ကိုယ့်မှာအရမ်းသိချင်။ စိတ်ထဲနှစ်ခွဖြစ်နေမိသည်။ နောက်မှ

"အဟင့်. . . အဟင့်. . . အဟင့်"

"ဘာပဲဖြစ်ဖြစ် ကမ္ဘာမှာ အငိုနိုင်ဆုံးလူ တွေ့ဖူးတယ်ရှိအောင် သွားကြည့်ဦးမှ"

ဟု စိတ်ပိုင်းဖြတ်ပြီး ဆေးပိုက်တန်းကိုမြဲအောင် မှီစရာလုပ်ပြီး ထော့နင်းထော့နင်းနှင့် နံဘေးအခန်းကို ခြေဦးတည်လိုက်သည်၊ စိတ်ထဲတွင်လည်း. . .

"တွေ့ကြပြီပေါ့ အငိုထူမ"

ခြေလက်ဦးခေါင်း ပတ်တီးများနှင့်မို့ ရွှေ့တစ်ချက် မရွှေ့တစ်ချက်။

"တွေလိုက်တော့ နင်ဘာလို့ ဒီလောက်အငိုထူနေတာလဲ၊ နင့်ယောက်ျားဆုံးသွားလို့လား"

ဟု အခွင့်သာပါက ရန်တွေ့ပစ်လိုက်ဦးမည်ဟု။

×××××



www.burmeseclassic.com

www.burmeseclassic.com





"ကျွိ"

တံခါးကိုအသာဟ၍ အတွင်းသို့ချောင်းကြည့်လိုက်သည်။

"အဟင့်. . . အဟင့်. . . အဟင့်"

ဆေးရုံခုတင်ပေါ် မှောက်ပြီးငိုနေသော မိန်းမတစ်ယောက်။ သူလည်း ခေါင်းမှာပတ်တီး၊ ခြေမှာပတ်တီးနှင့်၊ အောက်တွင်လည်း မျက်ရည်အိုင်လား နှပ်အိုင်လားမသိသော အိုင်ကြီးတစ်အိုင်။

"ဩော်. . . သူလည်း ဒုက္ခိတမို့ ငိုနေတာပဲလေ"

ဟု သနားပြီး စိတ်ထဲအောက်မေ့မိ၏။ အသေအချာပြန်ကြည့်မိသည်။

ပတ်တီးပေါ်မှ ဆံပင်တွေက ဖွာလန်ကျဲနေသည်။ အကျီမျာ:ကလည်း တွန့်ကြေပေပွနေ၏။

"တောက်. . . အတော်ညစ်ပတ်တဲ့မိန်းမပဲ ဖြစ်မယ်၊ ကြည့်ရ





တာကိုက ဖရိုဖရဲနဲ့"

စိတ်ထဲကတေးမှတ်ရင်း တံခါးကို အသာအယာပြန်ပိတ်ရန် လုပ်သည်။ သို့သော် နောက်အတွေး တစ်ခုက. . .

"အေး. . . ဒီလောက်အငို ထူပြီး ဒီလောက်ညစ်ပတ်တဲ့မိန်းမ ဘယ်လိုမျက်နှာမျိုးနဲ့ လူ့လောက မှာနေထိုင်နေသလဲ"

သိချင်စိတ်နှင့် တံခါးကို အသာပြန်ဟမိသည်။ ထိုစဉ်မှာပင် ငိုနေသောမိန်းမ၏ မျက်နှာမော့ လာ၏။ ဟင် မြင်ဖူးနေသောမျက် နှာ၊ ဘယ်မှာမြင်ဖူးပါလိမ့်။ အသေ အချာကြည့်မှ. . .

"မြင့်. . . မြင့်စန်းရီ"

ဟုတ်ပါသည်။ တစ်သက်မ မေ့နိုင်သောမျက်နှာ။ ခုန ညစ်ညစ် ပတ်ပတ် စုတ်စုတ်ပြတ်ပြတ် ထင်နေ သော်ငြား ချက်ချင်း နတ်သမီး တစ်ပါးဖြစ်သွား၏။ ခုနက မျက်ရည် အိုင်လား၊ နှပ်အိုင်လား မသိသည့် အရာကလည်း ချက်ချင်း စမ်းရေ ကြည်ဖြစ်ပြီး ပြောင်းလက်သွားသည်။ ပါးပြင် ပေါ်မှာလည်း ပုလဲလေးတွေ

"အောင်မလေး. . .
စောကြည်မြူရဲ့
အမှု. . . အမှု. . . အမှု
ကျွန်မကိုလာမခြောက်ပါနဲ့
ရှင့်ကိုတော့ချစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းသပွယ် စီရီတန်းပြီး လိမ့်ဆင်းနေ၏။ ဗိုး. . . လှလိုက်သည့် အဆင်း။ တဏှာရာဂတို့ပင် ချက်ချင်းလင်းလ ...

"အဟင့်. . . အဟင့်. . . အဟင့်"

ကိန္နရီအော်သံ။ သာယာဘိတောင်း။ ငှက်အပေါင်းတို့ ခေညာင်းရတာ ဒီအသံပါ

"မြင့်စန်းဒီ"

နာမတော်ကဲ့ နှုတ်ကမွက်မှ အလိုလိုထွက်သွား၏။ လည်တိုင်ကျော့က ဧကျုံးရုံလေး လှည့်လာ၏။

"ဘယ်သူလဲဟင်"

မျက်နှာတစ်ခုလုံး၊ ခန္ဓာကိုယ်တစ်ခုလုံး ပတ်တီးနှင့်မို့ ချစ်သူက ရုတ်တရက် မှတ်မိပုံမပေါ်။

ကျွန်တော်ကလည်း အနံ့ရရုံနှင့် မှတ်မိရမှာကို မျက်နှာမြင်မှ မှတ်မိသည်မို့ ကိုယ့်ကိုယ်ကို မချင့်မရဲဖြစ်သွားမိသည်။

"စောကြည်ဖြူ"

"ဟင်"

ရွှေရုပ်ကလေးက ကျွန် တော့်ရင်ခွင် ပြေးဝင်လာမည်ထင်သော်ငြား ထိုသို့မဟုတ်။ အလန့်တ ကြားနှင့် မျက်လုံးကိုမှိတ်၊ လက်အုပ် ကိုချီပြီး. . .

"အောင်မလေး. . . စောကြည်ဖြူရဲ့ အမျှ. . . အမျှ. . . အမျှ ကျွန်မကိုလာမခြောက်ပါနဲ့၊ ရှင့်ကိုတော့ချစ်ပါတယ်၊ ဒါပေမဲ့ ကျွန်မ သရဲကိုပိုကြောက်လို့ပါ၊ အမျှနော်"

"မြင့်စန်းရီရေ. . သာဓု. . . သာဓု. . . သာဓု အဲလေ ယောင်ကုန်ပြီ"

"နာနာဘာဝရေ သွားပါ တော့၊ ရှင်မကြိုက်ရင် ကျွန်မ





မငို တော့ပါဘူး၊ နောင်ဘဝကြမှ ပြန် ဆုံပါရစေတော့"

"ဟုတ်ကဲ့. . . တာ့တား၊ ဟာ မြင့်စန်းရီကလည်း ကျွန်တော် စောကြည်ဖြူ လူပါဗျ"

ထိုတော့မှ မြင့်စန်းရီက မျက်လုံးကလယ်ကလယ်နှင့်. . .

"ဟင်. . . လူ လူဆို ရှင်မသေသေးဘူးပေါ့နော်"

"အာ. . . ဘယ့်နှယ်သေရမှာလဲ၊ ဒီမှာအရှင်ကြီး မမြင်ဘူးလား"

ထိုတော့မှ ချစ်သူ ဝုန်းခနဲ ထပြေးလာသည်၊ ပြီးတော့ ကျွန်တော့်မျက်နှာကိုကိုင်ကြည့်ရင်း. . .

"ဟင်. . . ဖေဖေတို့ပြော

တော့ စောကြည်ဖြူက နေရာမှာ တင် ပွဲချင်းပြီးသေပြီဆို"

"အာ. . . ဘယ့်နှယ်ပွဲချင်းပြီး

ရမှာလဲ၊ သတိလစ်ပြီး ဆေးရုံ ရောက်နေတာပါ"

"ဟင်. . . ဒါဆို ဖေဖေတို့က ဘာလို့ အဲဒီစကားပြောရတာလဲဟင်"

ချစ်သူရင်ခွင်ထဲ တိုးဝင်လာ၏။ ကျွန်တော်လည်း အားနေသော လက်တစ်ဖက်နှင့် ချစ်သူကို သိုင်းဖက်ပြီး. . .

"မပေါင်းစေချင်လို့ပေါ့ မြင့်စန်းရီရယ်၊ မပေါင်းစေချင်လို့ပေါ့"

"ဟင်"

"ကျွန်တော့်လို ဒုက္ခအမြဲတွေ့နေတတ်သူတစ်ယောက်ကို ဘယ်သူကများ အကောင်းမြင်ကြမှာလဲ"

မြင့်စန်းရီ သက်ပြင်းချပါသည်။

"အခုကိစ္စမှာ စောကြည်ဖြူက အားလုံးရဲ့အသက်ကို ကယ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



မှန်း အားလုံးသိကြပါတယ်"

ကျွန်တော် သက်ပြင်းသာချမိသည်။

"ဒါပေမဲ့ မြင့်စန်းရီရယ်"

ချစ်သူမော့ကြည့်ပါသည်။

"မြင့်စန်းရီရဲ့အဖေက ကျွန်တော်တို့ကို မနှိုးစပ်စေချင်ဘူးလေ"

ချစ်သူလက်ကလေး ခန္ဓာကိုယ်ပေါ် တင်းကြပ်လာ၏။

"မြင့်စန်းရီ. . . စောကြည်ဖြူကို မခွဲနိုင်မှန်းသိလိုက်ရပါပြီ"

"ဩော်"

ချစ်သူ၏စကားသံကြောင့် အရာရာလင်းလက်ပြီး ခွန်အားများ ပြည့်ဖြိုးလာသယောင် ဖြစ်သွားရ၏။

"တကယ်. . . တကယ်ပြောတာလားဟင်"

ချစ်သူက ပြုံးပါသည်။

"တကယ်ပြောတာပေါ့၊ စောကြည်ဖြူသာ အဖေပြောတဲ့အတိုင်း တကယ်သာဆုံးပါးသွားရင် မြင့်စန်းရီ ဘယ်လောက်ငိုနေရမယ်ဆိုတာ သိနိုင်မှာမဟုတ်တော့ဘူး။ အဲဒါက သရဲကြောက်တာလည်းပါတယ်လေ"

မည်သို့ပင် ဆိုစေကာမူ ထိုသရဲကြောက်တာကိုက ဝမ်းသာစရာ။ ကျွန်တော်လည်း ရရှိသောအခွင့်အရေးကို လက်လွှတ်မခံဘဲ

"ဒါ. . . ဒါဆို မြင့်စန်းရီနဲ့ကျွန်တော် မခွဲရအောင် ထွက်ပြေးကြရအောင်လားဟင်"

"ဘယ်တော့လဲ"

"အခုလေ"

"ဟင်"





ချစ်သူ ကြောင်ငေး၍ ကျွန်တော့်ကိုပြန်ကြည့်သည်။ အတန်ကြာငေးနေ၏။ နောက်မှ သတိရပြီး. . .

"ဟင်. . . ဒီလိုပုံကြီးနဲ့"

ကျွန်တော် ချစ်သူကို တင်းကြပ်စွာ ပြန်လည်ပွေ့ပိုက်ရင်း

"ကျွန်တော်တို့မှာ ပုံသဏ္ဍာန်ရွေးနေဖို့အချိန် သိပ်မရှိလောက်ဘူး မြင့်စန်းရီ၊ တော်ကြာ မြင့်စန်းရီတို့အပေဖေတွေ ပြန်ရောက်လာရင် ကျွန်တော်တို့ ရာသက်ပန်ဝေးရမှာ၊ ကျွန်တော် မလွမ်းချင်ဘူး မြင့်စန်းရီ၊ မြင့်စန်းရီနဲ့ခွဲရရင် ကျွန်တော်လွမ်းလို့သေမှာ"

ချစ်သူကျောလေး တွန့်သွား၏။

"ဟယ်. . . သေတော့မသေနဲ့လေ၊ မြင့်စန်းရီက သရဲကြောက်တာ"

"အဲဒါဆို ကျွန်တော်နဲ့လိုက်ခဲ့ပါလား မြင့်စန်းရီ၊ နောက်မဟုတ်ရင် ကျွန်တော်သေမှာ၊ သေရင် သရဲဖြစ်ပြီး မြင့်စန်းရီကိုလာခြောက်မှာ"

ချစ်သူခန္ဓာကိုယ်လေး တုန်တက်သွား၏။ ကိုယ်မစွမ်းတော့ သရဲနဲ့သာ ဖြဲခြောက်လိုက်ရသည်။ ချစ်သူက ကျွန်တော့်မျက်နှာ ပြန်ကြည့်သည်။ ကျွန်တော်ကလည်း တကယ်လုပ်မည့်ရုပ် ဖမ်းထားရ၏။

"လိုက်ခဲ့ပါနော်"

ချစ်သူထံမှ သက်ပြင်းချသံတိုးတိုး ကြားရသည်။ ထို့နောက်တွင်တော့. . .

သရဲကြောက်၍ပဲဖြစ်ဖြစ်၊ ကျွန်တော့်ကိုချစ်၍ပဲဖြစ်ဖြစ် မြင့်စန်းရီမှာ ကျွန်တော့်နောက် ကောက်ကောက်ပါလာ၏။ ကောက်ကောက်ပါတာမှ တကယ့်ကောက်ကောက်ကြီး။ ခြေသလုံးက



www.burmeseclassic.com

အရိုးအက်နေသည်မို့ ဖြောင့်ဖြောင့်နေလို့မရဘဲ ကောက်ကောက်ကြီး ပါလာ၏။

"ဟာ"

ချစ်သူ၏အော်ငြီးသံ။

"ဘာ. . . ဘာဖြစ်လို့လဲ မြင့်စန်းရီ"

"ခြေထောက်. . . ခြေထောက်. . . အား"

ချစ်သူ၏မျက်နှာမှာ ရှုံ့မဲ့နေ၏။

မှန်ပေသည်။ ဆေးရုံမှ ဈေးနားရောက်အောင်နှင့် လူမမြင်အောင် အမြန်သုတ်လာရသည်မို့ နဂိုရှိရင်းစွဲခြေနာက ပိုနာလာမှာသေချာ၏။

ဆေးရုံနှင့်ခပ်လှမ်းလှမ်း ဈေးအနီးမှာမို့ ဖြတ်သွားဖြတ်လာများက ကျွန်တော်တို့ကို အထူးအဆန်းသဖွယ် ကြည့်ကြသည်။

"ဆက်လျှောက်နိုင်သေးလား မြင့်စန်းရီ"

"အား. . . နာတယ်. . . နာတယ်၊ နားမှဖြစ်မယ်ထင်တယ်"

နှစ်ယောက်လုံးပေါင်းမှ နှစ်ချောင်းထဲကောင်းတာမို့ မနားလို့မဖြစ်။

"ဒါဆို ဒီအရိပ်နားခဏထိုင်ရအောင်"

"ဟုတ်ကဲ့. . . အား. . . ကျွတ် ကျွတ်"

ချစ်သူက ကောက်ကောက်ကြီး ရွှေ့လာ၏။ ဈေး၏အရိပ်ကလေးကျရာနေရာ၌ နှစ်ယောက်သား ဆောင့်ကြောင့်ထိုင်လိုက်ကြသည်။ ချစ်သူကိုကြည့်တော့ လွန်စွာနာကျင်ဟန်နှင့် ရှုံ့မဲ့နေသည်။ နဖူးမှချွေးစီးလေးတွေ သီးလို့။

အခုမှပဲ ပြန်စဉ်းစားမိသည်။ ကိုယ့်မှာတော့ ကိလေသာဇောတိုက်၍သာ ခိုးလာရတာ အမှန်တော့ သူလည်း ခြေမမြောက်နိုင်။





ကိုယ်လည်းခြေမမြောက်နိုင်မို့ ဘာမှအလုပ်ဖြစ်မည်မဟုတ်။

ဩော်. . . တလွဲတွေးပြန်ပြီ၊ ကျွန်တော်ဆိုလိုတာက သူလည်း ခြေထောက်မကောင်း၊ ကိုယ်ကလည်း ကျိုးထားသည်မို့ ဘမင်းဟင်းထချက်ဖို့ကလည်း မလွယ်။ ဆိုက်ကားနင်းဖို့ကလည်း မဖြစ်။ ကဲ ဘယ်လိုလုပ်ကြမတုန်း။ အခုခေတ်က ခြေမြောက်နိုင်မှ အလုပ်ဖြစ်တဲ့ခေတ်။ ဟုတ်တယ်လေ လေဖြတ်နေတဲ့သူတွေ ဘယ်သူ . . . ဖြစ်လို့လဲ။ အဒါကိုပြောတာ။

"မနေသာရဲ့လား မြင့်စန်းရီ"

"ရ. . . ရပါတယ်"

ရပါတယ်သာဆိုတယ် မျက်နှာက သိပ်ရှုံ့မဲ့နေပါ။ အတော်များ နာနေလေသလားမသိ။ ဖြတ်သွားဖြတ်လာများက ကျွန်တော်တို့ကို ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြသည်။ သူ့ကိုလှမ်း လိုက်လံကြည့်ရင်း ခရီးဆက်ဖို့က ဘယ်လိုဆက်လုပ်ရမည်မသိ၊ ဖြတ်သွားသောကားများတော့ တွေ့ပါရဲ့။

"ကားတွေတော့တွေ့ပါရဲ့ မြင့်စန်းရီ၊ ပါမှမဲ့ ဆေးရုံကဆင်းလာတာဆိုတော့"

"မြင့်စန်းရီမှာတော့ နားကပ်ကလေးပါတယ်"

ချစ်သူကပြောရင်းဆိုရင်း ဝတ်ထားသောနားကပ်ကလေး ဖြုတ်ရန် ပြင်သည်။ ကျွန်တော်လှမ်းတားရင်း. . .

"နေ. . . နေပါဦး မြင့်စန်းရီ၊ နားနားနေနေနေပါဦး၊ သူ့အလိုလို အဆင်ပြေသွားမှာပါ"

ကျွန်တော် သူ့ကိုနှစ်သိမ့်နေမိတုန်း သူ့အလိုလို အဆင်ပြေစရာတစ်ခုအရှေ့ကျလာ၏။ ကြည့်လိုက်တော့ နှစ်ဆယ်တန်တစ်ရွက်။

သားသားနားနားလူတစ်ယောက်က ပစ်ချသွားခြင်းပင်။

www.burmeseclassic.com



ထိုနှစ်ဆယ်တန်ကိုမြင်တော့ အလိုလိုနေရင်း ဒေါ်သထောင်းခနဲထွက်သွားပြီး ချက်ချင်းမတ်တပ်ရပ်ကာ. . .

"ဟော့လူ. . . ခင်ဗျားဘာလုပ်တာလဲဗျ"

နှစ်ဆယ်တန်ပစ်ချသောသူ ခြေလှမ်းရပ်ပြီး မျက်မှောင်ကျုံ့ကာ ပြန်ကြည့်သည်။ ပြီးမှ. . .

"ဘာဖြစ်လို့လဲကွ"

ဇဝေဇဝါနှင့် သူ့မျက်နှာကိုကြည့်ကာ ကျွန်တော်လည်း စိတ်အချဉ်ပေါက်ကာ. . .

"ခင်ဗျား ဘာလို့နှစ်ဆယ်တန်ပစ်ချရတာလဲ၊ အဲဒါကိုပြောစမ်းပါ"

ဟိုလူ ထီမထင်ဟန်နှင့် ဟက်ခနဲတစ်ချက်ရယ်ပြီး. . .

"မွေ့ပွေးသူတောင်းစား. . . . တောင်းလည်းစားသေး နှစ်ဆယ်တန်ပေးတာကို နာနေသေး ဟုတ်လား၊ ဘာလဲ တစ်ထောင်တန်လိုချင်လို့လား၊ ကိုယ့်ရုပ်ကိုယ့်ရည်နဲ့ နှစ်ဆယ်တန်ရတာတောင် ကံကောင်း"

သူ့စကားကြောင့် ကျွန်တော်လည်း ပို၍ဒေါ်သထွက်သွားပြီး

"ဘာဗျ. . . ခင်ဗျား ကျုပ်တို့ကို ဘယ်လိုအစားမျိုးများ မှတ်နေလဲ"

"ဩော်. . . လမ်းဘေးမှာ ပတ်တီးနဲ့ထိုင်နေတာကို ဘာလဲ၊ ငါက သူဌေးကြီးလို့ခေါ်ပြီး တစ်ထောင်တန်ပေးရမှာလား၊ တော်ရုံတန်ရုံမှန်းစမ်းပါ သူတောင်းစားရဲ့"

"အာ. . . ခင်ဗျားတော့"

ဒေါ်သထွက်လွန်း၍ ရှေ့တိုးမည်ကြံတုန်းမှာပင် ချစ်သူက လက်ကိုလှမ်းဆွဲပြီး. . .





"တော်ပါတော့ စောကြည်မြှုရယ်၊ ရှင့်မှာလည်း ပတ်တီးတွေနဲ့ ကျွန်မမှာလည်း"

ချစ်သူစကားကြောင့် ကိုယ့်ကိုယ်ကို ပြန်သုံးသပ်မိသည်။

"ရန်မဖြစ်ချင်ပါနဲ့ကွယ်"

ထိုစကားကပင် ကျွန်တော့်ကို အရှည်ပျော်စေသည်။

"တောက်"

ဘာမှပြန်မပြောဘဲ ချစ်သူနား ဆောင့်ကြောင့်ပြန်ထိုင်လိုက်သည်။ ဒါကို ဟိုလူကြီးက. . .

"အောင်မာ. . . တောက်လေးဘာလေးနဲ့ သူတောင်းစားချင်း ပြန်ရှိရတဲ့ရုပ်နဲ့ကောင်ကများ အဆင်ပြင့်သူဘောင်းစားလုပ်ချင်သေး၊ အဲဒါဆိုလည်း ပန်ကာလေးစားပွဲလေးပါ ဆင်ထားပါလား၊ တစ်ထောင်တန်လေး ပန်းခြင်းလေးရအောင်"

ကျွန်တော် ဒေါ်သထွက်လွန်း၍ မတ်တပ်ပြန်ရပ်ရန်ပြင်သည်။

"တော်ပါတော့နော်"

ချစ်သူ၏စကားတစ်ခွန်းက ကျွန်တော်စိတ်သာမက ခန္ဓာကိုယ်ကိုပါ အရည်ပျော်ကျစေ၏။ သိပ်မကြာလိုက်ပါ။ တစ်ယောက်စ၊ နှစ်ယောက်စနှင့် ကျွန်တော်တို့ရှေ့ ငွေစက္ကူများ တဖွေးဖွေးကျရောက်လာသည်။ ချစ်သူကြောင့်လား။ ကျွန်တော့်ကြောင့်လား။ ဒါမှမဟုတ် နှစ်ယောက်လုံးကြောင့်လားမသိ ပြည်သူလူထု၏မေတ္တာကို ပထမဆုံး ခံယူဖူးသည်။

ကျွန်တော်လည်း အနီးအနားကအကြွေများကို လိုက်ကောက်လိုက်သည်။

"စောကြည်မြှု ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ၏ဟန့်တားသံ။ ကျွန်တော်က

"တက္ကစီဖိုးလေးစုနေတာပါ"

"ရှင်တော့နော်"

သူတောင်းစား တက္ကစီငှားစီးတာ လူကြားလို့မသင့်တော်လို့ မည်သူကပြောမည်နည်း ဆိုစဉ်မှာပင်. . .

"ဟာ. . . ကြည့်စမ်း ကြည့်စမ်း ရှာလိုက်ရတာ၊ မင်းတို့က ဒီမှာအလုပ်ဖြစ်နေတာပေါ့လေ"

အသံလာရာကြည့်လိုက်တော့. . .

"ဦးအောင်မော်"

ထိပ်ပြောင်ကြီး ဦးအောင်မော်။ ဦးအောင်မော်က သူ့နဖူး ပြောင်ပြောင်ကို တဖြတ်ဖြတ်ရိုက်ကာ. . .

"မြင့်စန်းရီတစ်ယောက် ဆေးရုံကပျောက်သွားလို့ လူဘုံကို စိတ်ကုန်ပြီး တရားစခန်းများရောက်နေသလားလို့ အခုတော့ကြည့် စမ်း"

ဦးအောင်မော်က လက်ညှိုးငေါက်ငေါက်ထိုးပြီး မညှာမတာ ပြောသည်။ ချစ်သူမျက်နှာက အပျက်ပျက်အယွင်းယွင်း။ ကျွန်တော် လည်း မနေနိုင်တော့ဘဲ. . .

"ဒီမှာ ဦးအောင်မော် ခင်ဗျား အဲသည်လိုတော့ မပြောပါနဲ့ဗျာ"

ဦးအောင်မော်၏မျက်နှာ ခပ်တည်တည်နှင့် ပြန်လှည့်လာပြီး

"ဟေ့ကောင်. . . မင်းနဲ့မဆိုင်တဲ့ကိစ္စ မင်းဝင်မပါနဲ့"

ဟုဆိုကာ မြင့်စန်းရီဖက်ပြန်လှည့်ပြီး. . .

"လာပါ. . . မြင့်စန်းရီ၊ ဦးလေးလည်း စိတ်ပူနေရှာတယ် ဦးမော်နဲ့အတူ ပြန်လိုက်ခဲ့ပါ"





သူ့စကားကိုချစ်သူက. . .

"ဟင့်အင်း. . . ဟင့်အင်း. . . မလိုက်ဘူး၊ မလိုက်ဘူး၊ ကျွန်မ စောကြည်ဖြူနဲ့ပဲ နေခဲ့မယ်"

"အဲဒီလိုနေခဲ့လို့ ဘယ်ရမှာလဲ မြင့်စန်းရီ၊ တော်ကြာ ဦးလေး စိတ်ဆိုးနေမှဖြင့်"

"ဟင့်အင်း. . . ဟင့်အင်း အဖေ့ကိုလည်း မြန်မပြောပါနဲ့၊ မြင့်စန်းရီ သူနဲ့ပဲနေခဲ့ပါ့မယ်၊ တောင်းပန်ပါတယ် သရဲကြောက်လို့ပါ"

"အာ. . . ဘာကြောက်စရာရှိလဲ၊ ဦးမော်တစ်ယောက်လုံး ရှိတဲ့ဟာကို"

"မလိုက်ချင်ပါဘူးဆို"

ခေါ်သူကလည်း အတင်းခေါ်နေသည်။ ငြင်းသူကလည်း အတင်းငြင်း၏။ ကြားက ကျွန်တော်မနေနိုင်တော့ဘဲ. . .

"ဒီမှာ မြင့်စန်းရီမှမလိုက်ချင်ဘဲ ဘာလို့အတင်းကြီးလုပ်နေ တာလဲ"

"မင်းအေးဆေးနေပါကွာ၊ မင်းဘာသာမင်း တောင်းစရာရှိ တာ ဆက်တောင်း၊ လာပါ မြင့်စန်းရီ၊ အိမ်ပြန်ရအောင်ပါ"

သူ့စကားကြောင့် ကျွန်တော်လည်း နဂိုအခံရှိသူမို့ တင်းသွား ပြီး. . .

"ဟေ့လူ. . . ကျုပ်က သူတောင်းစားမဟုတ်ဘူးဗျ၊ ခင်ဗျား သိတယ်၊ အဲသည်လိုတော့ မနှိပ်ပါနဲ့"

ကျွန်တော့်အဖြေကို ဦးအောင်မော်က ဂရုမစိုက်ဟန်နှင့် လက်ကာပြကာ. . .

"အေးပါ. . . မင်းဘာသာမင်း ဘာဖြစ်ဖြစ်၊ ဒါ မင်းစီးပွား



www.burmeseclassic.com

www.burmeseclassic.com



ရေးပဲ၊ ခေါင်းစဉ်ဘယ်လိုတပ်တပ်ရတယ်၊ ဒီမှာ ငါတို့အလုပ်ငါတို့ လုပ်မယ်"

"ဟေ့လူ. . . ကျုပ်တောင်းစားနေတာမဟုတ်ဘူးဗျ"

ကျွန်တော့်ရဲ့ အာခေါင်ခြစ်အော်သံ။ ဦးအောင်မော် မျက်မှောင်ကျုံ့၍ ငြိမ်သွားသည်။ နောက် ကျွန်တော့်ဖက် ဒေါသတကြီးလှည့်၍

"မင်းက တောင်းစားနေတာမဟုတ်ဘူး ဟုတ်လား"

"ဟုတ်တယ်ဗျ"

"ဒါဆို ဟောဒီ. . . ဟောဒီပိုက်ဆံတွေက မင်းရှေ့ ဘာလို့ ရောက်နေတာလဲ၊ ဟောဒီ. . . ဟောဒီပိုက်ဆံတွေက မင်းဘာလို့ ကိုင်ထားတာလဲ"

ဆိုကာ ပိုက်ဆံများကို လိုက်ကောက်ပြီး ကျွန်တော့်ကိုပြသည်။

"ကဲ. . . ပြောလေ ဒီပိုက်ဆံတွေက ဘာလုပ်တာလဲ"

ဦးအောင်မော်က ပိုက်ဆံများကို ကိုင်ပြီးပြသည်။ ထိုတော့မှ ကျွန်တော်လည်း. . .

"လာကြပါဦးခင်ဗျာ ဒီမှာ ကျွန်တော်တို့ပိုက်ဆံလုနေလို့"

"ဟင်"

ကျွန်တော့်အော်သံကြောင့် ဦးအောင်မော် မျက်လုံးပြူးသွားသည်။ အတွေ့အကြုံက ဤနေရာတွင်တော့ စကားပြောပြီ။

"ဟောဒီမှာ လုပ်ကြပါဦးဗျ၊ ဒီလူကြီး ကျွန်တော်တို့ပိုက်ဆံ လာလုနေလို့ပါဗျ"

"ဟင်. . . ဟင် မအော်နဲ့လေ၊ မအော်နဲ့"

ဦးအောင်မော်ပိုက်ဆံများကိုင်ပြီး ဘာလုပ်ရမှန်းမသိတော့။





ချစ်သူကပင် ကျွန်တော့်ကို ကြောင်ငေးကြည့်နေသည်။

"ဟောဒီမှာပါဗျ ကျွန်တော်တို့ပိုက်ဆံတွေ လာလုနေလို့ပါဗျ"

"ဟေ့. . . ဟေ့ကောင် မအော်နဲ့လေ၊ မအော်နဲ့လေကွာ"

"ဟောဒီမှာပါဗျာ၊ ဟောဒီလူကြီးပါ"

ကျွန်တော့်အော်သံကြောင့် လူများ ချက်ချင်းဝိုင်းအုံလာ၏။

"ဘာဖြစ်တာလဲကွ. . . ဘာဖြစ်ကြတာလဲ"

"ဟောဒီလူ၊ ဟောဒီလူ သားတို့ပိုက်ဆံလုနေလို့"

ကျောက်ပတ်တီးစည်းထားသည့် လက်က အသုံးဝင်ပြီ၊ ထိုလက်ဖုဖုကြီးနဲ့ လက်ညှိုးထိုးရတာက လူတွေ၏ကရုဏာကို ရစေ၏။

"ဟင်. . . တောင်းစားတဲ့လူဆီက ပိုက်ဆံပြန်လုလို့"

"သြော်. . . ရုပ်ကြည့်တော့ လူကြီးလူကောင်းလိုနဲ့ ထိပ်ပြောင်ကြီး၊ ဒီမှာ မိုက်ကြေးလာခွဲနေတာပေါ့လေ ဟုတ်လား"

"ဒီလောက်အရှက်မရှိတဲ့လူကြီး ချကွာ"

"ဟုတ်တယ်၊ ဖွဲ့ပစ်ကွ"

လူတွေရဲ့အာရုံက ဦးအောင်မော်ဆီ ပြုံကျနေ၏။ ဦးအောင်မော်ပိုက်ဆံကလေးများ ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး ဘာလုပ်ရမှန်းမသိ။

"မဟုတ်. . . မဟုတ်. . . ကျွန်တော်ရှင်းပြ"

ရှင်းပြချိန်မရလိုက်တော့။ လူအများ၏ဒေါသ သူ့ဆီ စုပြုံကျသွားလေပြီ။

"တောက်. . . ပတ်တီးမပါ၊ ဘာမပါနဲ့ လူနာလုပ်ချင်တဲ့ ကောင် နှာစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ကရုဏာတွေ...
ကြွေကျတတ်ပါလား။
အရှေ့မှာတော့...
ပိုက်ဆံများ...
ပြန့်ကျဲနေလေပြီ...။"

အားလုံးက ဦးအောင်မော်ကို အရေခွံ ဝိုင်းစုတ်နေကြသည်။ ထိုတော့မှ ကျွန်တော်လည်း မြင့်စန်းရီလက်ကိုဆွဲကာ...

"လာ... လာမြင့်စန်းရီ အခွင့်အခါသင့်တုန်း ပြေးရအောင်"

ဟုဆို၍ လူအုပ်ကြားမှ တိုးအထွက် အရှေ့တည့်တည့် ကားတစ်စီးထိုးရပ်ကာ...

"သမီး မြင့်စန်းရီ"

"ဖေဖေ"

မြင့်စန်းရီ၏ ဖခင် အရင်းကြီးပင်။

"မိုက်လိုက်တာသမီးရယ်"

သူ့ဖခင်ထံမှ တုန်ယင်ဆို့နင့်သော စကားသံ။ ချစ်သူ မျက်ဝန်းမှာပါ မျက်ရည်စများ လျှံတက်လာသည်။

"ဟုတ်တယ်... ဦး၊ ဦးသမီး ဘယ်လောက်မိုက်လဲဆို ကျွန်တော့်မျက်နှာကိုသာ ကြည့်ပါတော့.... ဟီး"

ဦးအောင်မော် လူအုပ်





ကြားက ဘယ်လိုတိုးထွက်လာသည် မသိ။ သူ့ထိပ်ပြောင်ပြောင်ပေါ် ဒဿဂီရိလို ခေါင်းဆယ်လုံးခန့် အပိုဆနှင့် စုတ်ပြတ်သတ်ပြီး ကားပေါ် မှောက်ကျသွား၏။

"ပြန်လိုက်ခဲ့ပါသမီးရယ်"

စကားလေးက တစ်ခွန်းထဲပါ။ သို့သော် ခင်၏မေတ္တာ စွမ်းအားကား မည်မျှကြီးမားသည်မသိ။ မြင့်စန်းရီ မျက်နှာကို လက်နှင့်အုပ်ပြီး အားရပါးရငိုသည်။ မည်သူမှ ချော့မြူသူမရှိ။ အားရပါးရ ငိုစေခြင်းတစ်မျိုးပင်။ စကားက နားထဲက ဖြတ်သွားရုံမျှနှင့် လူက ယိုင်လဲလုမတတ် ဖြစ်သွားသည်။ ဒီအတိုင်းပဲ စွန့်လွှတ်လိုက်ရတော့မှာလား။ ကျွန်တော်တို့တွေရဲ့ စွန့်စားခြင်းက ဘာတဲ့လဲ။ မေးကြည့်လိုက်ချင်သည်။

ခဏခြင်းအတွင်း ခန္ဓာကိုယ်နှစ်ခု ဝေးကွာနေပေပြီ။ ကျွန်တော်လည်း ခံနိုင်စွမ်း မရှိတော့။

"မြင့်စန်းရီ"

ကားဆီလှမ်းနေသော သူမခြေလှမ်း ရပ်တန့်သွားသည်။ ရင်ထဲကဖြစ်ပေါ်နေသောပြောစရာစကားတွေ တစ်ပုံတပင်။ သို့သော်...

"သွားတော့နော်"

စကားလေးတစ်ခွန်းသာ ပြောထွက်ခဲ့ပါသည်။ ထိုစကား သည် ကျွန်တော်၏ချစ်ခြင်း သင်္ကေတပင် ဖြစ်လိမ့်မည်။ မည်သူမှ ခေါင်း မညိတ် ခေါင်းမခါ။ ငြိမ်သက်ခြင်းသာအဓိက။ သို့သော်...

ချစ်သူကို တင်ဆောင် သွားသော ကားကလေးက ဖုံခနဲ မောင်းထွက်သွားလေပြီ။

ဟင်းလင်းပွင့်နေပြီဖြစ်သောရင်ဘတ်နှင့် သမ်းဘေး၌သာ ဆောင့်ကြောင့်ပြန်ထိုင်နေလိုက်မိသည်။ မျက်ရည်များက အတား



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အဆီးမဲ့ အတားအဆီးမဲ့စွာ ထိန်းမရ။

"အဟင့်. . . အဟင့်. . . ဟီး"

သက်သာလိုသက်သာငြား အသံထွက်ငိုချလိုက်သည်။ ဖြတ်သွားဖြတ်လာများ ကွက်ကြည့်ကွက်ကြည့်။ မတတ်နိုင်တော့။ အလွမ်းတွေ ရင်ထဲသိမ်းမထားနိုင်တော့။

"ဟီး"

အချစ်ကြောင့် ဖြစ်ပေါ်လာသောလွမ်းဆွတ်မှုများကို ဘယ်မှာသိမ်းဆည်းလို့ ရနိုင်မှာလဲ မြင့်စန်းရီ။ ထာဝရခွဲခွာခြင်းနှင့် အသားမကျသေး သူတစ်ယောက်ဟာ ခံစားချက်ကို ဘယ်လို မျိုသိပ်နိုင်မှာလဲ။

"အား. . . ဟား. . . ဟား. . . ဟီး"

ကရုဏာတွေ ကြွေကျတတ်ပါလား။ အရှေ့မှာတော့ ပိုက်ဆံများပြန့်ကျဲနေလေပြီ။

"အဟစ်. . . အဟစ်. . . ဟီး"

မျက်ရည်ဖြင့် လူတို့ရဲ့မေတ္တာကို ခြွေယူလို့ရသလား မြင့်စန်းရီ။ ဒါဆို ကျွန်တော် မြင့်စန်းရီကို အလွယ်တကူ ခြွေယူချင်ရဲ့။

"ဟီး. . . ရှီး. . . အုအု. . . အား. . . ဟီး"

မျက်ရည်လက်နက်သည် လူအတော်များများ၏ စိတ်နှလုံးကို နူးညံ့ပါစေသလား။ အရင်က သေချာမသိခဲ့။ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများတွင်တော့ မျက်ရည်က လက်နက်။ မျက်ရည်က အစားအစာ။

အခုတော့ အရှေ့မှာပိုက်ဆံက အပုံလိုက်။ ချစ်သူကိုလွမ်းသည့်စိတ်နှင့် ငိုနေသော်ငြား ပိုက်ဆံကရနေတော့ စိတ်ထဲကပျော်လာသလို။ ပို၍ ရလိုရငြား အသံကုန်ခြစ်၍ငိုလိုက်မိသည်။





"အောင်မယ်လေးဗျ. . . ကယ်ပါ။ ကယ်ပါ"

ပိုက်ဆံများက ကျဲနေသည့်အလား ပလူပျံကျလာ၏။ ရုပ်ခံကပဲကောင်း၍လား။ သရုပ်ဆောင်ကပဲ ကောင်း၍လားမသိ ပိုက်ဆံက အတော်ရနေပြီ။ အတော်ထောနေပြီ။ သို့သော် မကျေနပ်နိုင်သေး။

"အား. . . ဟား. . . ဟား လုပ်ကြပါ၊ ကယ်ပါ. . . ကယ်ပါ"

ကြာလာတော့ ချစ်သူကိုလည်းမေ့။ လွမ်းတာလည်းမေ့ပြီး ငိုတာကို ပိုက်ဆံရနေတော့ ငိုရတာကိုပဲ ပျော်လာသလို။ ပိုက်ဆံပုံကြည့်လိုက်။ လိုသေးရင် ထပ်ငိုလိုက်နှင့် ကိုယ့်ဘဝကိုယ် ပျော်လာသည်။

"လုပ်ကြပါဦးဗျ. . . အဖေတို့အမေတို့ရဲ့ သား သားဘဝမှာလေ"

လုပ်ရင်းလုပ်ရင်းနှင့် ပရော်ဖက်ရှင်နယ်သံ ထွက်လာပြီ။

"အင်မတန် ကံဆိုးလွန်းလို့ လက်တစ်ဖက်ခြေတစ်ဖက်"

အမှန်တော့ လွမ်းရတာ အင်မတန်ပျော်စရာကောင်းပါသည်။ ပိုက်ဆံရ၍ ပျော်နေတာကိုး။

လူတိုင်း ကိုယ့်ဘဝရှိသလောက်သာ။

"အောင်မလေး အမေရဲ့"

ဤအစီအစဉ်ကို လမ်းစရိတ်လိုတိုင်း လုပ်မိနေမလားမသိ။ ပျော်လိုက်တာမှ လက်ကုန်။

လေးစားစွာကြိုးစားလျက်
အကြည်တော်



www.burmeseclassic.com